# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၆)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါဖြစ်တာလည်း ကြာခဲ့ပါပြီ။ ကြာတဲ့အခါကျတော့ ပြည်သူလူထုတွေက စိတ်ဖိစီးမှုရှိတယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမယ့် ဒီအချိန်မှာ အထူးပိုပြီးတော့ ဂရုစိုက်ဖို့လိုပြီဆိုတာလည်း ကျွန်မတို့ ပြည်သူတွေနားလည်ဖို့ လိုပါတယ်။ အခုဆိုရင် ကျွန်မတို့နိုင်ငံမှာ ကိုဗစ်ရောဂါတွေ့ရှိတဲ့ လူနာပေါင်းဟာ၊ အားလုံးပေါင်းဆိုရင် ၉ သောင်းကျော်လို့ တစ်သိန်းနီးပါးဖြစ်နေပါပြီ။ ဒါနည်းတဲ့ဟာ မဟုတ်ပါဘူး။ ဒီတော့ ကျွန်မတို့ ဒါသတိပေးပါတယ်။ ရွေးကောက်ပွဲပြီးကာလ တစ်ပတ် ကျော်ကျော်အတွင်းမှာဆိုရင် လူစုလူဝေးတွေ ဖြစ်တာကြောင့်မို့လို့ အဲ့ဒီအကျိုးဆက်အရ ရောဂါဖြစ်ပွားမှုဟာ ပြန့်လာမယ်၊ ပိုပြီးတော့ တက်လာမယ်ဆိုပြီးတော့ ကျွန်မတို့ ခန့်မှန်းပါတယ်။ ခန့်မှန်းတဲ့အတိုင်းပဲ တက်လာပါတယ်။

ဒီအပြင်မှာ တန်ဆောင်တိုင် ရုံးပိတ်ရက်တွေ၊ ပိတ်ရက်တွေထဲမှာဆိုရင် လူစုလူဝေးဖြစ်ခဲ့တာတွေလည်း ရှိပါတယ်။ အဲ့ဒီ အကျိုးဆက်တွေလည်း ရှိအုံးမှာပဲ။ ဒါဘယ်လိုမှ ရှောင်လို့မရပါဘူး။ ကျွန်မတို့ ခဏခဏ ပြောပါတယ်။ အပြင်သွားရင် Mask တပ်ပါ။ လက်တွေ မှန်မှန်ဆေးပါ။ တတ်နိုင်သလောက် (၆)ပေကွာပြီး တခြားသူတွေနဲ့ ကင်းကင်းရှင်းရှင်းနေပါလို့ ပြောပေမယ့်လည်း ဒီစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမှုကလည်း အားနည်းတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် အခုအချိန်မှာဆိုရင် ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ၊ တစ်တိုင်းပြည်လုံးမှာ ရောဂါနည်းနည်းပြန့်ပွားလာတဲ့ အခြေအနေရှိပါတယ်။ နည်းနည်းဆိုတာလည်း သိပ်နည်းနည်းတော့ မဟုတ်ပါဘူး။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*


**" လူတိုင်းလူတိုင်းဟာ သိပ်ပြီးတော့ သတိထားစေချင်ပါတယ်။ အခုဆောင်းတွင်းမှာ အေးလာပြီ။ အေးလာတဲ့ အခါကျရင် ရောဂါပိုးက ပိုပြီးတော့ ပြန့်လွယ်မယ်ဆိုတာလည်း ကျွန်မတို့ သတိပေးထားပြီး ဖြစ်ပါတယ်။ ထပ်မံလည်း သတိပေးပါမယ်။ အခု တန်ဆောင်တိုင် ပိတ်ရက်တွေကတော့ လွန်သွားပြီပေါ့။ နောက်အခု ကျွန်မတို့ ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလတွေကို ကျွန်မတို့ ဦးတည်နေပါပြီ။ အဲဒီအချိန်တွေမှာလည်း လူစုလူဝေးမဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ် "**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

**ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုပါ၏**

ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး


စာ ၆


**ဗြိတိန်၌ ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ၆၈ ရာခိုင်နှုန်း လျှော့ချမည်**


စာ ၁၂


**လွမ်းရပါသော တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး


စာ ၂၁





# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြုပြင်ပြောင်းလဲမှုများ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူခွင့်မဆုံးရှုံးရေးတို့ကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူ လူငယ်များအားလုံး လူသားကောင်းများ ဖြစ်လာစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများ ဖြစ်လာစေရန်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သူများ ဖြစ်လာစေရန်၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသူများ ဖြစ်လာစေရန် စသည့် မျှော်မှန်းရလဒ်များဖြင့် ၂၁ ရာစုပညာရေးအရည်အသွေးများ ပြည့်ဝစေရေး ဦးတည်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ဆရာ ဆရာမနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်ရန် ဆောင်ရွက်ပေးခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ တိုင်းရင်းသားဒေသများကို ပိုမိုဦးစားပေး ဆောင်ရွက်ပေးခြင်းတို့ကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် သင်ယူပြီးမြောက်မှုများ ပိုများလာသလို နည်းပညာနှင့် သက်မွေးသင်တန်းများ၊ တက္ကသိုလ်ပညာ သင်ယူခွင့်ရရှိသူများလည်း ပိုမိုတိုးတက်များပြားလာပါကြောင်း။

အရှေ့တောင်အာရှ မူလတန်းအဆင့် သင်ယူတတ်မြောက်မှုစစ်တမ်း (၂၀၁၉) ရလဒ်များ ထုတ်ပြန်မှုတွင်လည်း မြန်မာကျောင်းသားများသည် စစ်တမ်းကောက်ယူခဲ့သည့် နိုင်ငံခြောက်ခုအနက် အခြားနိုင်ငံ သုံးခုထက် စွမ်းဆောင်ရည် ပိုမိုမြင့်မားနေပါကြောင်း၊ ကျောင်းအရွယ်အစား၊ ကျောင်းပစ္စည်း၊ လူမှုစီးပွားအခြေအနေတို့ ကွဲပြားသော်လည်း သင်ယူတတ်မြောက်မှုစွမ်းရည် ကွာဟချက်နည်းပါးပါကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံသာလျှင် စစ်တမ်းကောက်ယူသော ခြောက်နိုင်ငံအနက် ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးဖတ်စာအုပ်တစ်စုံနှုန်း ထောက်ပံ့ပေးခြင်း၊ ကျောင်းသား ၃ ပုံ ၁ ပုံ၏ သင်္ချာတတ်မြောက်မှုစွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၄ ပုံ ၁ ပုံ၏ စာဖတ်စွမ်းရည်မှာ ပျမ်းမျှအထက်၌ရှိခြင်း၊ ကျောင်းသား ၅ ပုံ ၁ ပုံ၏ အရေးစွမ်းရည်မှာလည်း ပျမ်းမျှအထက်၌ ရှိခြင်းတို့ကို စစ်တမ်းများတွင် တွေ့ရှိရပါကြောင်း၊ ယခုလို အောင်မြင်မှုများသည် ဆရာ ဆရာမများ၊ ကျောင်းအုပ်များ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘအုပ်ထိန်းသူ ပြည်သူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ပင် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ပေး

ပညာရေး ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင်လည်း မည်သည့် လက်ဆောင်ကိုမှ ပေးခြင်း၊ ယူခြင်း ခွင့်မပြုသလို ဘက်လိုက်မှုမရှိအောင်လည်း ပွင့်လင်းမြင်သာစွာ အဓိကထား ဆောင်ရွက်နေပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးစနစ် ဦးတည်ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ရေးဆွဲရေးလုပ်ငန်းများကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) အခန်း(၅) အခြေခံပညာကဏ္ဍနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အခြေခံပညာသင်ရိုးညွှန်းတမ်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သိရှိလိုသည်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးကျော်နိုင်ဦးက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) အခန်း(၆) နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) အခန်း(၇) အဆင့်မြင့်ပညာ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာစီမံကိန်း စတုတ္ထနှစ်သက်တမ်းအတွက် လုပ်ငန်းညှိနှိုင်း

ရေနံချောင်း ဒီဇင်ဘာ ၄

မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရေနံချောင်းမြို့နယ် စလေကုန်း မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာစီမံကိန်း၏ စတုတ္ထနှစ်သက်တမ်းအတွက် ချေးငွေထုတ်ချေးပေးနိုင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ်အဆင့် မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

စလေကုန်း မြစိမ်းရောင် (ငါးကဏ္ဍ) ကျေးရွာစီမံကိန်း၏ စတုတ္ထနှစ် သက်တမ်းအတွက် အသင်းသား ၉၀ အား လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေထုတ်ချေးပေးနိုင်ရေး တင်ပြလာသည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြသည်။ စတုတ္ထနှစ် ချေးငွေသက်တမ်းအတွက် ငွေကျပ် ၃၈၂ သိန်း ထုတ်ချေးပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## အားကောင်းသော မုန်တိုင်း မုန်တိုင်းငယ်အဖြစ် အားလျော့သွားခဲ့

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ရမ်မန်သာပူရမ်ခရိုင်အနီး ကမ်းခြေတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ မုန်းတိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

မြန်မာ့အလင်း

# ပထမ ကျောင်းသားသပိတ် နှစ်တစ်ရာ

လွန်ခဲ့သောနှစ်တစ်ရာတိတိ ဖြစ်သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၏ ပထမကျောင်းသားသပိတ် စတင်ဖြစ်ပွားခဲ့သည်။ ထိုပထမဆုံးသော ကျောင်းသားသပိတ်သည် တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ဆန္ဒပြသည်ဟု ဆိုရုံမျှနှင့် မလုံလောက်။ ယင်းသည် ပညာရေးစနစ်အမှားအယွင်းကို ဆန့်ကျင်သည့် ဖြစ်စဉ်သက်သက်မျှမကဘဲ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲခေါ်သံအဖြစ်ပါ ခမ်းနားကြီးကျယ်ခဲ့ပါသည်။ ကောလိပ် ကျောင်းသားကြီးတို့၏သပိတ်တိုက်ပွဲ လှုံ့ဆော်သံသည် မြန်မာနိုင်ငံတစ်ဝန်းလုံးကို ပျံ့နှံ့သွားကာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး စိတ်ဓာတ်များကို တဖွားဖွား ဖြစ်ပေါ်စေခဲ့ပေသည်။

နောင်သောအခါ ထိုသပိတ်တိုက်ပွဲစတင်သောနေ့၏ မြန်မာရက်စွဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်လိုက်ပါ၏။ နယ်ချဲ့လက်အောက်က တို့ မြန်မာနိုင်ငံသားတွေ မဖြစ်မနေ ရုန်းထွက်ကြစို့ဟူသော အမျိုးသားစိတ်ဓာတ်များ တလူလူလွင့်ကာ နိုးကြားထကြွလာအောင် စတင်လှုံ့ဆော်လိုက်သောနေ့။

သည့်မတိုင်မီက ယူနီဗာစီတီခေါ် တက္ကသိုလ်ကျောင်းဟူ၍ မြန်မာနိုင်ငံတွင် မရှိ။ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် (ဂျပ်ဆင်ကောလိပ်)သာ ရှိ၏။ ထိုကျောင်းတို့သည် အိန္ဒိယနိုင်ငံ ကလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ ကောလိပ်ကျောင်းခွဲများသာ ဖြစ်၏။ ထို့ကြောင့် ကလကတ္တားတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားရ၏။ စာမေးပွဲကို ကလကတ္တားတက္ကသိုလ်က ဦးစီးစစ်ဆေး၏။ တက္ကသိုလ်ဝင်စာမေးပွဲကို ကလကတ္တားတက္ကသိုလ်က မေးခွန်းထုတ်၏။

တိုးတက်သော မြန်မာလူငယ်တို့၏ လှုံ့ဆော်မှုကို အကြောင်းပြုကာ အင်္ဂလိပ်အစိုးရက ၁၉၁၈ ဇွန်လတွင် တက္ကသိုလ်အက်ဥပဒေရေးဆွဲရေးကော်မတီဖွဲ့ကာ ဥပဒေကြမ်းတင်၏။ ဥပဒေကြမ်း ထွက်လာသည်နှင့် မြန်မာပညာတတ်လူငယ်များ၊ သတင်းစာများနှင့်တကွ ကျောင်းသားမိဘတို့က မကျေနပ်ကြ။ ဝိုင်းဝန်းကန့်ကွက်ကြ၏။ ထိုတက္ကသိုလ်ဥပဒေအရဆိုလျှင် မြန်မာနိုင်ငံအတွင်း၌ ဤတက္ကသိုလ် တစ်ကျောင်းတည်းသာ ရှိရမည်၊ ဤတက္ကသိုလ် တစ်ကျောင်းတည်း၏ လက်အောက်တွင်လည်း ကောလိပ်ကျောင်း တစ်ကျောင်းတည်းသာ ရှိရမည်၊ ဤကောလိပ်နှင့် တက္ကသိုလ်တို့သည်လည်း ရန်ကုန်မြို့တွင်သာ ဖြစ်ရမည်၊ ဤကောလိပ်နှင့် တက္ကသိုလ်တို့တွင် ပညာသင်ယူသူ ကျောင်းသားတိုင်းသည် ကျောင်းအိပ်ကျောင်းစားသာဖြစ်ရမည် စသည့်အချက်များက မလိုလားအပ်သော အကန့်အသတ်ကြီးများဖြစ်နေသည့်အတွက် ကန့်ကွက်ကြခြင်း ဖြစ်ပါသည်။

သို့သော်လည်း ထိုသို့ကန့်ကွက်နေသည့် ကြားက ၁၉၂၀ ဩဂုတ်လ ၂၈ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က အတည်ပြုပြဋ္ဌာန်း ထုတ်ပြန်ကြေညာလိုက်လေသည်။

ဖိနှိပ်ခွဲခြားကန့်သတ်လိုမှုဖြင့် မတရားရေးဆွဲပြဋ္ဌာန်းသော ဥပဒေကို ရန်ကုန်မြို့က ကောလိပ်ကျောင်းသားကြီးများစုရုံးကာ စည်းဝေးကြ၏။ ဆန့်ကျင်ကန့်ကွက်ကြ၏။ သို့သော်လည်း မြန်မာဘုရင်ခံ ကရက်ဒေါက်က ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဖွင့်မည်ဟု ကြေညာသည့်အခါ ကောလိပ်ကျောင်းသားကြီးတို့ တိုး၍ကန့်ကွက်ကြ၏။ ၁၉၂၀ ဒီဇင်ဘာ ၃ ရက် (တန်ဆောင်းမုန်းလပြည့်ကျော် ၈ ရက်၊ သီပေါဘုရင် ပါတော်မူနေ့) နံနက်တွင် ကောလိပ်ကျောင်းသားကြီး ၁၁ ဦးသည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့် ဗောဓိပင်ရှေ့တွင် လျှို့ဝှက်ဆွေးနွေးကြ၏။ နောက်ဆုံးတွင် သပိတ်မှောက်ကြရန် ဆုံးဖြတ်ကြ၏။ ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်တွင် ခေါင်းဆောင် ကောလိပ်ကျောင်းသားကြီး ၁၁ ဦး၏ အမည်ကိုရေးထိုးထားသော ကျောက်တိုင်တစ်ခု အမှတ်တရထူကာ ဂုဏ်ပြုထားရှိပါသည်။

ထိုသပိတ်တိုက်ပွဲကို အရှိန်မြင့်၍ တစ်နိုင်ငံလုံး ထကြွလာရေးအတွက် လှည့်လည်တရားဟောလှုံ့ဆော်ရန် ဒီဇင်ဘာ ၄ ရက်တွင် ဗဟန်း ဦးအရိယကျောင်းတိုက်၌ အထူးအစည်းအဝေး ထပ်မံပြုလုပ်ကြ၏။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရရှိ ဦးအရိယ ကျောင်းတွင်လည်း တိုးချဲ့ဖွဲ့စည်းသည့် ကျောင်းသားခေါင်းဆောင် ၂၆ ဦး၏ အမည်များကို ရေးထိုးထားသည့် ကျောက်တိုင်တစ်ခုကို ဂုဏ်ပြုစိုက်ထူထားရှိလေသည်။

ဤသို့ဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်) တွင် ကျောင်းသားကြီးတို့က အဆိုပါတက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ဆန့်ကျင် သပိတ်မှောက်ကြောင်း ကြေညာလိုက်လေသည်။ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသူ ကျောင်းသားများကလည်း ဗဟန်းသပိတ်စခန်းသို့ ချီတက်လာကြကာ သပိတ်တိုက်ပွဲတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ယင်းမှသည် မြန်မာ တစ်နိုင်ငံလုံးရှိ အထက်တန်းကျောင်းများအားလုံးလိုလိုသို့ ကူးစက်သွား၏။ နိုင်ငံအနှံ့ရှိ ပြည်သူလူထုကလည်း ကျောင်းသားထုဘက်က ရပ်တည်ကာ တစ်ခဲနက် ထောက်ခံခဲ့ကြလေသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်လိုက်သော ထို ၁၉၂၀ ကျောင်းသားသပိတ်သည် ဗြိတိသျှအစိုးရ ထိတ်ပျာတုန်လှုပ်သွားရသည့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး တိုက်ပွဲခေါ်သံ ဖြစ်ခဲ့ပါ၏။

မဟုတ်မခံသော၊ တရားမျှတမှုကို လိုလားသော၊ အမှန်တရားအတွက် ရဲရင့်သော ကျောင်းသားထု၏ လွတ်လပ်ရေးကို မြတ်နိုးသည့် စိတ်ဓာတ်နှင့် သတ္တိကိုဖော်ထုတ်ခဲ့၊ အမွေပေး လက်ဆင့်ကမ်းခဲ့သော ကျောင်းသားသပိတ်ကြီးကို ယနေ့ကာလ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသတည်း။ ။

# ပြည်သူသာလျှင် အဓိက

❒ ကျွန်မတို့နိုင်ငံရဲ့ ပြန်လည်ထူထောင်ရေးအတွက် ကျွန်မတို့ နောက်နှစ်မှာ အင်မတန်မှ ရုန်းကန်ရမယ်ဆိုတာကိုလည်း ပြည်သူတွေကို သတိပြုစေချင်ပါတယ်။ ကျွန်မတို့ ပြည်သူတွေက တာဝန်သိစိတ်ရှိတယ်ဆိုတာလည်း ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ဒီတာဝန်သိစိတ်ဆိုတာ တစ်ခါတလေလည်း မှေးမှိန်သွားတတ်ပါတယ်။

❒ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရတာ ကြာလာတဲ့အခါကျတော့ နည်းနည်းအားလျော့လာတဲ့ သဘောရှိတယ်။ အားဆိုတာ လျော့လာတာနဲ့ ပြန်ပြန်ပြီးတော့ တင်းရပါမယ်။

❊ *ရှေ့ဖုံးမှ*

အဲဒီတော့ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်မတို့ပြည်သူတွေ လေးလေးနက်နက်ရှိအောင်လို့ ကျွန်မ ကိန်းဂဏန်းလေးတွေ တချို့ ပြောပြချင်ပါတယ်။ ပြည်သူတစ်ယောက်၊ လူတစ်ယောက်ပေါ့နော်။ ဘယ်သူပဲဖြစ်ဖြစ် ကျွန်မတို့ ပြည်သူမဟုတ်ဘဲနဲ့ ဒီနိုင်ငံမှာ ရောက်နေတဲ့ဧည့်သည်တွေဆိုရင်လည်း ကျန်းမာရေးအရ စောင့်ရှောက်မှုပေးရတာပဲ။ တစ်ယောက်က ကိုဗစ်ရောဂါပိုးဝင်သွားပြီ အဲ့ဒီဟာကို ကုပေးရတယ်ဆိုရင် ရောဂါမပြင်းထန်ရင်တောင်မှ တစ်ယောက်အတွက် ကုန်ကျစရိတ်က ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ဖြစ်ပါတယ်။ အဲဒါ တိုက်ရိုက်ကုန်ကျစရိတ်လည်း ပါတယ်။ သွယ်ဝိုက်တဲ့ ကုန်ကျစရိတ်လည်း ပါတယ်။ ဒါ တစ်ယောက်ကိုပါ။ ပြင်းထန်တဲ့ အဆင့်ရောက်သွားပြီဆိုရင် တစ်ယောက်အတွက်က ၂၅ သိန်းနဲ့ သိန်း ၅၀ ကြား အကုန်အကျခံရပါတယ်။ တိုက်ရိုက်ရော၊ သွယ်ဝိုက်သောစရိတ်ရော အားလုံးပေါင်းလိုက်မယ်ဆိုရင်ပေါ့။ အဲဒီတော့စဉ်းစားကြည့်ပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် အခု ဒီလို ၉ သောင်းကျော်လို့ တစ်သိန်းနီးပါး ရောဂါပိုးတွေ့ရှိတဲ့သူတွေ ရှိခဲ့ပြီဆိုတော့ ဘယ်လောက် ကျွန်မတို့ ပြုစုကုသမှုဘက်မှာ သုံးခဲ့ရသလဲဆိုတော့ စောစောက ပြောသလို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောဂါမပြင်းထန်တဲ့ သူတစ်ယောက်အတွက် သုံးရတယ်ဆိုရင် ဒါဟာ ဘာနဲ့ညီမျှသလဲဆိုတော့ ကျွန်မတို့ ရောဂါကာကွယ်ဆေးရတဲ့အခါကျရင် ဒီကာကွယ်ဆေး လူ ၃၀၀ ကို ထိုးပေးနိုင်တဲ့ ငွေပမာဏနဲ့ ညီမျှပါတယ်။

ဒီရောဂါကာကွယ်ဆေးကလည်း မရသေးဘူး။ ရရင်လည်း တခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး ကျွန်မတို့ ဝယ်ရမယ်။ လှူတာကလည်း အတိုင်းအတာတစ်ခုရှိတယ်။ ဒါပေမယ့် အများစုက ကျွန်မတို့ ဝယ်ရမှာပဲ။ ဝယ်တဲ့ အခါကျရင် ဒီငွေတွေက ဘယ်က လာမလဲ။ ကျွန်မတို့ နိုင်ငံတော် ဘဏ္ဍာထဲကပဲ လာမှာပဲ။ အခုအချိန်မှာဆိုရင်လည်း ကိုဗစ်ရောဂါ ကူးစက်တဲ့သူတွေကို ကုပေးတာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာထဲကပဲ ကုပေးနေတာပဲ။ နိုင်ငံတော်ရဲ့ ဘဏ္ဍာက ဘယ်ကလာသလဲဆို ပြည်သူဆီက လာတာပါပဲ။ အဲဒီတော့ ပြည်သူတွေရဲ့ ငွေကို ပြန်ပြီးတော့ သုံးလိုက်ရတာ၊ ပြည်သူတွေအတွက် သုံးခဲ့ရတာဆိုပေမယ့် ပြည်သူတွေအတွက် သုံးသင့်သုံးထိုက်တဲ့နေရာမှာ မဟုတ်ဘဲနဲ့ ရှောင်လွှဲလို့မရတဲ့နေရာမှာ သုံးရသလိုဖြစ်နေပါတယ်။ ဒီရောဂါပိုးကူးလို့ ကုန်တဲ့စရိတ်တွေဟာ စောစောကပြောသလို သိပ်ပြီးတော့ ရောဂါမပြင်းထန်တဲ့ လူတွေအတွက်ဆိုရင် တစ်ယောက်အတွက် သုံးရတာဟာ လူ ၃၀၀ အတွက် ကာကွယ်ဆေးထိုးပေးနိုင်တယ်။

ပြင်းထန်တဲ့ရောဂါသည်တစ်ယောက်အတွက် သုံးရတာဟာ ကျွန်မတို့ လူတစ်ထောင်အထိတောင် ကာကွယ်ဆေးထိုးပေးနိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ဒါတင် မကသေးပါဘူး။ ကျွန်မတို့ Quarantine ဝင်တဲ့ လူတစ်ယောက်အတွက် တစ်ယောက်အတွက်ဆို ပျမ်းမျှခြင်း ခြောက်သိန်းလောက် နိုင်ငံတော်က ကုန်ပါတယ်။ ဒါ ရောဂါမဖြစ်ဘဲနဲ့ Quarantine မှာပေါ့နော်။ ရောဂါဖြစ်တဲ့လူတွေနဲ့ ထိတွေ့မှုရှိခဲ့လို့ Quarantine ထဲထည့်ပြီးတော့ ကျွန်မတို့ စောင့်ရှောက်ရတဲ့ပုဂ္ဂိုလ်တွေဆိုရင် တစ်ဦးကို ပျမ်းမျှခြင်း ခြောက်သိန်းလောက် ကုန်ပါတယ်။ အဲဒီတော့ ဒါတွေအားလုံး တွက်လိုက်မယ်ဆိုရင် ကျွန်မတို့ တခြားနေရာမှာသုံးနိုင်တဲ့ငွေတွေ ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတာကို စဉ်းစားကြည့်လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ ကိုဗစ်ရောဂါအလွန် အချိန်ကာလမှာ နိုင်ငံတော်စီးပွားရေးပြန်ပြီးတော့ တက်အောင်

> “ ကျွန်မတို့ နိုင်ငံမှာဆိုရင် အခု ဒီလို ၉ သောင်းကျော်လို့ တစ်သိန်းနီးပါး ရောဂါပိုးတွေ့ရှိတဲ့သူတွေ ရှိခဲ့ပြီဆိုတော့ ဘယ်လောက် ကျွန်မတို့ ပြုစုကုသမှုဘက်မှာ သုံးခဲ့ရသလဲဆိုတော့ စောစောက ပြောသလို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောဂါမပြင်းထန်တဲ့ သူတစ်ယောက်အတွက် သုံးရတယ်ဆိုရင် ဒါဟာ ဘာနဲ့ညီမျှသလဲ ဆိုတော့ ကျွန်မတို့ ရောဂါကာကွယ်ဆေး ရတဲ့အခါကျရင် ဒီကာကွယ်ဆေး လူ ၃၀၀ ကို ထိုးပေးနိုင်တဲ့ ငွေပမာဏနဲ့ ညီမျှပါတယ် ”

လို့ လုပ်ရပါလိမ့်မယ်။ ပြန်လည်ထူထောင်ဖို့အတွက် ငွေတွေအများကြီးလိုပါလိမ့်မယ်။ ဒီငွေတွေကို ကျွန်မတို့ကနေပြီးတော့ ရောဂါကုသရေးအတွက် သုံးတဲ့ငွေတွေကို ရောဂါကုသရေးအတွက် သုံးဖို့မလိုလို့ ဒီစီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် သုံးနိုင်မယ်ဆိုရင် ကျွန်မတို့နိုင်ငံအတွက် ဘယ်လောက်အကျိုးရှိမလဲ။ ကျွန်မတို့ ပြည်သူတွေအတွက် ရေရှည်မှာ ဘယ်လောက်အကျိုးရှိမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

ဒါဟာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စပါ။ နောက် ရောဂါပိုးရှိတဲ့သူ ၆၅ ရာခိုင်နှုန်းက ရောဂါလက္ခဏာမပြပါဘူးဆိုတာလည်း ကျွန်မတို့ ထပ်တလဲလဲ သတိပေးပါတယ်။ ဒီလိုရောဂါရဲ့ လက္ခဏာမပြတဲ့ အခါကျတော့ ကိုယ်ကတော့ ကောင်းနေပြီလို့ ထင်လိမ့်မယ်။ အများအားဖြင့် ရောဂါလက္ခဏာမပြတဲ့သူတွေက အသက်အရွယ်လည်း ကောင်းတယ်။ ကျန်းမာရေးအခြေခံလည်း ကောင်းတယ်။ ကောင်းတဲ့အခါကျတော့ ရောဂါလက္ခဏာ မပြဘူး။ ဒါပေမယ့်လည်း ကိုယ့်ဆီကနေပြီးတော့ ကိုယ့်မှာရောဂါပိုး ဝင်နေပြီဆိုရင်၊ ရောဂါလက္ခဏာပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ ကိုယ့်ဆီကနေပြီး နောက်တစ်ယောက် ကူးသွားနိုင်တယ်။ ကူးသွားတဲ့တစ်ယောက်က ရောဂါအခြေခံ ရှိချင်ရှိမယ်။ အခြေခံရောဂါ ကျန်းမာရေးမကောင်းဘူးပေါ့။ ဒါမှမဟုတ် သက်ကြီးရွယ်အိုတွေလည်း ဖြစ်နိုင်တယ်။ အဲဒီလို ကူးသွားပြီဆိုရင် အဲဒီလူတွေဟာ သေဆုံးသွားနိုင်တယ်ဆိုတာကိုတော့ ကျွန်မတို့ ပြည်သူတွေကနေပြီးတော့ မမေ့ဖို့က အင်မတန်မှ အရေးကြီးပါတယ်။

အခုဆိုရင် သေဆုံးမှုနှုန်းဟာ ၁၉၀၀ ကျော်နေပြီ။ ၁၉၉၈ ဦးပေါ့။ နောက်ဆုံးကိန်းဂဏန်းအရ။ အဲဒီတော့ ဒါဆို မနက်ဖြန်ဆိုရင် ၂၀၀၀ ကျော်မယ်လို့ ကျွန်မတို့ မှန်းလို့ရပါတယ်။ ဒီတော့ လူတစ်ယောက် သေဆုံးသွားပြီဆိုရင် ဘာနဲ့မှ အစားထိုးလို့ မရပါဘူး။ ခုနက ပြောသလိုပေါ့။ တစ်ယောက်ကို ကုသစရိတ်က ၁၅ သိန်းကနေ သိန်း ၂၀ အထိပဲ ဖြစ်ဖြစ်၊ ၂၅ သိန်းကနေ သိန်း ၅၀ အထိဖြစ်ဖြစ် အတိုင်းအတာတစ်ခုအထိ တန်ဖိုးဖြတ်လို့ ရတယ်။ လူတစ်ယောက်ရဲ့ အသက်ဆိုတာ ဘယ်လိုမှ တန်ဖိုးဖြတ်လို့ မရပါဘူး။ အဲဒါကြောင့် ကိုယ့်ကြောင့် ကိုယ့်မိသားစုထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်တဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် ဒီရောဂါပိုးရပြီးတော့ သေဆုံးသွားတယ်ဆိုရင် ဘယ်လို အစားထိုးမှာလဲ။ ကိုယ့်ကြောင့် ကိုယ့်ရဲ့ မိသားစုထဲက မဟုတ်ရင်၊ ကိုယ့်ရဲ့ မိတ်ဆွေထဲက မဟုတ်ရင် တခြားသူရဲ့ မိသားစုထဲက၊ တခြားသူတွေရဲ့ မိတ်ဆွေထဲက တစ်ယောက်ယောက် သေဆုံးသွားပြီဆိုရင် ဘယ်လိုအစားထိုးမှာလဲ။ အဲဒါက တန်ဖိုးဖြတ်လို့မရပါဘူး။ ဘယ်နှသိန်းနဲ့မှ တန်ဖိုးဖြတ်လို့ မရပါဘူး။

အဲဒါကြောင့် လူတိုင်းလူတိုင်းဟာ သိပ်ပြီးတော့ သတိထားစေချင်ပါတယ်။ အခု ဆောင်းတွင်းမှာ အေးလာပြီ။ အေးလာတဲ့ အခါကျရင် ရောဂါပိုးက ပိုပြီးတော့ ပြန့်လွယ်မယ်ဆိုတာလည်း ကျွန်မတို့ သတိပေးထားပြီး ဖြစ်ပါတယ်။ ထပ်မံလည်း သတိပေးပါမယ်။ အခု တန်ဆောင်တိုင် ပိတ်ရက်တွေကတော့ လွန်သွားပြီပေါ့။ နောက်အခု ကျွန်မတို့ ခရစ္စမတ်ကာလ၊ နှစ်သစ်ကူးကာလတွေကို ကျွန်မတို့ ဦးတည်နေပါပြီ။ အဲဒီအချိန်တွေမှာလည်း လူစုလူဝေးမဖြစ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ လူစုလူဝေးဖြစ်တာနဲ့အမျှ ရောဂါပိုးပြန့်တယ်ဆိုတာကိုတော့ ဒါတော့ ကျွန်မတို့ ဘယ်လိုမှ ရှောင်လို့မရတဲ့ ကိစ္စပါ။ ပြန့်မှာပါပဲ။ လူစုလူဝေးလုပ်ရင် ပြန့်မှာပါပဲ။ လူစုလူဝေးဆိုကတည်းက ခြောက်ပေကွာပြီးနေတယ်ဆိုတာကတော့ မဖြစ်နိုင်သလောက်ပါပဲ။ ဒီခြောက်ပေကွာပြီးတော့ မနေနိုင်တဲ့ကြားထဲမှာ Mask မတပ်တဲ့ သူတွေကလည်း ပါသေးတယ်။ Mask တပ်တယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ အကာအကွယ်ရတယ်ဆိုပေမယ့် ဒီလောက် နီးနီးကပ်ကပ်နေနေပြီ၊ လူတွေ စုဝေးနေပြီ၊ လူအုပ်တွေ ဖြစ်နေပြီဆိုရင်တော့ ၁၀၀ ရာခိုင်နှုန်း လုံခြုံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သတိထားစေချင်ပါတယ်။ လူစုလူဝေး မဖြစ်အောင်လို့နေပါ။ ဒီဟာဟာ မလွယ်ဘူးဆိုတာ ကျွန်မတို့ သိပါတယ်။ အချိန်ကလည်း ကြာလာတာနဲ့အမျှ အခုဆိုရင် ၃ လပိုင်းကနေ စလိုက်တာ အခု ၁၂ လပိုင်းရောက်သွားပြီဆိုတော့ ၉ လရှိပြီပေါ့။ ၉ လ ဆိုတော့လည်း ကြာလာပြီလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီ ၉ လကို ကျွန်မတို့ အနာဂတ်နဲ့ ယှဉ်ကြည့်မယ်ဆိုရင် ၉ လဆိုတာ ဘာမှမဟုတ်ပါဘူး။ သေဆုံးသွားတဲ့ လူတွေအတွက်ဆိုရင် အနာဂတ်ဆိုတာ လုံးဝမရှိတော့ပါဘူး။ ဒီ ၉ လဟာ အနာဂတ်မရှိတော့ခြင်းရဲ့ ဒုက္ခနဲ့စာလို့ရှိရင် ဘာမှမဟုတ်ဘူးလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

အဲဒါကြောင့် ခုအချိန်မှာ အထူးသတိထားပါ။ ကျွန်မတို့နိုင်ငံရဲ့ ပြန်လည်ထူထောင်ရေးအတွက် ကျွန်မတို့ နောက်နှစ်မှာ အင်မတန်မှ ရုန်းကန်ရမယ်ဆိုတာကိုလည်း ပြည်သူတွေကို သတိပြုစေချင်ပါတယ်။ ကျွန်မတို့ ပြည်သူတွေက တာဝန်သိစိတ်ရှိတယ်ဆိုတာလည်း ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ဒီတာဝန်သိစိတ်ဆိုတာ တစ်ခါတလေလည်း မှေးမှိန်သွားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရတာ ကြာလာတဲ့အခါကျတော့ နည်းနည်းအားလျော့လာတဲ့သဘောရှိတယ်။ အားဆိုတာ လျော့လာတာနဲ့ ပြန်ပြန်ပြီးတော့ တင်းရပါမယ်။ ကျွန်မ မှတ်မိဖူးပါတယ်။ ဆရာတော်တစ်ပါးကနေပြီးတော့ ဩဝါဒချီးမြှင့်ခဲ့ဖူးပါတယ်။ သီလဆိုတာ ကောင်းတဲ့အကျင့်တွေကို ကိုယ်ကနေပြီးတော့ ခိုင်မြဲအောင်လုပ်တယ်ဆိုတာ ခါးဝတ်ပုဆိုးလိုပဲ ပြန်ပြန်ပြီးတင်းရတယ်တဲ့။ ခါးဝတ်ပုဆိုးဆိုတာ တစ်ခါတည်းဝတ်ထားလို့၊ မနက် မိုးလင်း အိမ်ကထွက်လို့ ပုဆိုးစည်းထားတာနဲ့ တစ်နေ့လုံးခံတာမဟုတ်ဘူး။ ပြန်ပြန်ပြီး တင်းရတယ်။ ဒီအတိုင်းပဲ သီလဟာ လျော့ရဲလာပြီဆိုရင် ပြန်တင်းရတယ်တဲ့။

အဲဒီတော့ ကျွန်မတို့ဟာလည်း စည်းကမ်းလျော့ရဲလာပြီဆိုရင် ပြန်တင်းဖို့ လိုပါလိမ့်မယ်။ ဒီလို ပြန်တင်းတယ်ဆိုတာ ဘယ်သူ့အကျိုးအတွက်လဲဆိုတော့ ပြည်သူပြည်သားတွေအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်း အကျိုးအတွက်ပါ။ ဒီ ကိုဗစ်ရောဂါဟာ ကိုယ်နဲ့ပတ်သက်တဲ့သူ ဘယ်သူ့ကို ကူးသွားမလဲဆိုတာ ဘယ်သူမှ ပြောလို့မရပါဘူး။ ငါနဲ့မဆိုင်ဘူးလို့ ထင်နေပေမယ့် မသိဘဲနဲ့ ဆိုင်လာတဲ့ အခါကျမှ နောင်တရရတယ်ဆိုရင် ဘာမှလည်း ကျွန်မတို့ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ သတိထားကြပါ။ ကိုယ့်အတွက် ကိုယ်တာဝန်ယူတယ်ဆိုတာဟာ ကိုယ့်ရဲ့ ပတ်ဝန်းကျင်အတွက် တာဝန်ယူရာလည်း ရောက်ပါတယ်။ ကိုယ့်အနာဂတ်အတွက်၊ ကိုယ့်နိုင်ငံအတွက် တာဝန်ယူရာလည်း ရောက်ပါတယ်။ ကျွန်မတို့ သန်းတွေ သောင်းနဲ့ချီပြီး ကိုဗစ်ရောဂါအတွက် ကျွန်မတို့ သုံးခဲ့ရပါတယ်။ ဒီငွေတွေဟာလည်း မိုးပေါ်က ကျလာတာလည်း မဟုတ်ဘူး။ ကျွန်မတို့နိုင်ငံအတွက် သုံးဖို့၊ ပြည်သူတွေအတွက် သုံးဖို့ သတ်မှတ်ထားတဲ့ ငွေတွေထဲကနေ သုံးရတာ ဖြစ်ပါတယ်။ နောက်နှစ်ကျရင် တတ်နိုင်သမျှ ကျွန်မတို့ စီးပွားရေးပြန်လည်ထူထောင်ရေးထဲကို များများထည့်ပြီးတော့ ပြည်သူတွေရဲ့ အင်အားရော၊ ကျွန်မတို့ရဲ့ ဘဏ္ဍာတော်အင်အားရော များများထည့်ပြီးတော့ တကယ့်ကို ကိုဗစ်ရောဂါအလွန်ကာလမှာ ကောင်းတဲ့လမ်းပေါ်ရောက်အောင်လို့ အားလုံးက အခုကတည်းကနေ ဝိုင်းပြီးကြိုးစားဖို့လိုပါတယ်။

ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်ရမှာပါ။ ကိုဗစ်ရောဂါကို တကယ်ကာကွယ်ပေးနိုင်တဲ့ ကာကွယ်ဆေးရပြီဆိုရင် နိုင်ငံတွေက အားလုံးဝိုင်းပြီးတော့ ပြိုင်ပြီးတော့ ဝယ်ကြမယ်။ ကာကွယ်ဆေးသုံးပြီးပြီဆိုရင် စီးပွားရေးပြန်ပြီးတော့ နာလန်ထူဖို့အတွက် အားလုံးဝိုင်းပြီးတော့ ပြိုင်ကြမယ်။ ဒီပြိုင်တဲ့အထဲမှာ။ ဒီပြိုင်ပွဲထဲမှာ ကျွန်မတို့က ဒီကမ္ဘာနဲ့ယှဉ်ပြီး ပြိုင်နေတဲ့ပွဲထဲမှာ ရှေ့ကိုရောက်ချင်တယ်ဆိုရင်တော့ အရင်းအမြစ်တွေ လိုပါတယ်။ လူသားအရင်းအမြစ်တွေ လိုပါတယ်။ ငွေအရင်းအမြစ်တွေ လိုပါတယ်။ ကျွန်မတို့ လူသားအရင်းအမြစ်တွေလည်း မလိုအပ်ဘဲနဲ့ မပြုန်းတီးရအောင်၊ ငွေအရင်းအမြစ်တွေလည်း မလိုအပ်ဘဲ မပြုန်းတီးရအောင် အားလုံးကနေပြီးတော့ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သေသေချာချာ လိုက်နာကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နှစ်ကလည်း ကုန်ခါနီးပြီဆိုတော့ ငြီးငွေ့တဲ့စိတ်တွေကိုလည်း ဒီနှစ်နဲ့ပဲ ထားပစ်ခဲ့ပြီးတော့ နှစ်ဆန်းကို သစ်ဆန်းတဲ့စိတ်တွေနဲ့ ကျွန်မတို့ ရင်ဆိုင်နိုင်ဖို့အတွက် အားလုံး အားထုတ်ကြပါ။ ကျန်းမာ၊ ချမ်းသာအောင်နေကြပါ။ ကျေးဇူးတင်ပါတယ်။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေး၊
★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး၊
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

★ ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့၊ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၉-၁၂-၂၀၂၀)

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၂) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၂)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၈၇၅၊ ဗိုလ်လောင်း ရီဝေအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၇၀၉၊ ဗိုလ်လောင်း ထင်အောင်လင်း၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၃၈၈၉၊ ဗိုလ်လောင်း ရဲမင်းစိုး၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၃၉၂၆၊ ဗိုလ်လောင်း ရှိုင်းအောင်ကျော်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၀၂၇၊ ဗိုလ်လောင်း သက်နိုင်လင်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ကျင်းပရေးစီမံချက်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းနှင့် အစီအစဉ်များထုတ်လုပ်မှုနှင့် ထုတ်လွှင့်မှုများ ဆောင်ရွက်နေမှု၊ နေ့ကြီး/ရက်ကြီးများအတွက် ထုတ်လွှင့်မည့် သီချင်းနှင့် အစီအစဉ်များ၊ စက်မှုပိုင်းဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် သတင်းအချက်အလက်များ ထုတ်လွှင့်ဖြန့်ဝေပေးမှုဖြင့် ပြည်သူနှင့် ပေါင်းကူးဆက်သွယ်နေသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ သတင်းတင်ဆက်မှုများအပြင် ဌာနမှ ထုတ်လုပ်သည့် အစီအစဉ်များကို စိတ်ကူးစိတ်သန်းကောင်းများဖြင့် ဆန်းသစ်တီထွင်ဆောင်ရွက်ကြရန်နှင့် နေ့ကြီး/ရက်ကြီးများအတွက် ဂုဏ်ပြုတင်ဆက်မည့် သီချင်းနှင့် အစီအစဉ်များကိုလည်း အသစ်အသစ်များ ထုတ်လုပ်ပြီး တင်ဆက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ဓာတ်ပြားတိုက်၊ ဖလင်နှင့်တိပ်ခွေထိန်းသိမ်းရေးဌာနစိတ်နှင့် မှတ်တမ်းဌာနစိတ် (Archiving) တို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်က စတင်တည်ထောင်ခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် (၇၅)နှစ် ပြည့်မြောက်မည်ဖြစ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေးနှင့် မှတ်တမ်းအစီအစဉ်များကို မကြာမီထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြ**

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလကဲ့သို့ပင် အမျိုးသားညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။**

**[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်]**



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း ဓာတ်ပုံ - ထွန်းထွန်းသိန်း

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၄

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံနှုန်းများအပေါ် အခြေခံပြီး ကိုဗစ်-၁၉ အကျပ်အတည်းကို တုံ့ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍ ပြန်လည်နိုးထလာစေရေးဆောင်ရွက်ပေးရန်၊ အလုပ်ဌာနများအား အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုများအတွက် ထောက်ပံ့ပေးရန်၊ လုပ်ငန်းခွင်များတွင် အလုပ်သမားများကို အကာအကွယ်ပေးရန်၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများအတွက် လူမှုရေးဆိုင်ရာဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပေးရန် စသည့် အဓိကလုပ်ငန်းမဏ္ဍိုင် (၄) ရပ်ကို နိုင်ငံတော်အစိုးရနှင့် မိမိတို့ဝန်ကြီးဌာနတို့မှ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ဖြေလျော့ပေးမှုများဆောင်ရွက်**

လူမှုဖူလုံရေးအဖွဲ့သည် အလုပ်ရှင်နှင့် အလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရေး မျှော်မှန်းပြီး နိုင်ငံတကာ၏ လူမှုဖူလုံရေးအဖွဲ့များကဲ့သို့ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှု (၄) ရပ်ဖြစ်သည့် သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းနှင့် ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းတို့ကို ILO အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အကျိုးခံစားခွင့်များ ပေးအပ်ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ အာမခံအလုပ်သမားများ စိုက်ထုတ်ကုန်ငွေလျော့နည်းစေရေးတို့အတွက် လုပ်ငန်းစဉ်များကို လေ့လာဆန်းစစ်၍ ဖြေလျော့ပေးမှုများ ဆောင်ရွက်လျက်ရှိပြီး အကျိုးခံစားခွင့်များကိုလည်း Online Payment ဖြင့် ခွင့်ပြုထုတ်ပေးနိုင်ရေးအတွက် Wave Money ငွေကြေး ဝန်ဆောင်မှုစနစ်ဖြင့် စမ်းသပ်လုပ်ဆောင်ပေးနေပြီဖြစ်ပါကြောင်း၊ ထည့်ဝင်ကြေးအား Online Payment ဖြင့် ဆောင်ရွက်ပေးနိုင်ရေးကို စမ်းသပ်လုပ်ဆောင်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း စီမံကိန်းအကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်နှင့် အလုပ်သမားများအတွက် ဖြေလျော့ပေးမှုများအနေဖြင့် ထည့်ဝင်ကြေး ပေးသွင်းသည့်ကာလကို သုံးလ နောက်ဆုတ်ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ဖြစ်ပွားနေစဉ်အတွင်း မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်၊ ဆေးဖိုးနှင့် ခရီးစရိတ်များကို ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများအပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားကူးစက်ခံရသူနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများကို ဥပဒေနှင့်အညီ မကျန်းမာမှု ဆေးသက်သေခံလက်မှတ် (ဆ-၁) များ ထုတ်ပေး၍ ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**လက်ခံကုသပေးလျက်ရှိ**

ထို့အပြင် PUI လူနာများအတွက် ရန်ကုန်၊ မန္တလေး၊ ထန်းတပင် အလုပ်သမား ဆေးရုံကြီးများတွင် ICU ခန်း နှစ်ခန်းနှင့် လူနာ ၁၈ ဦးဆံ့ Isolation Room တစ်ခန်းစီ ပြင်ဆင်ထားရှိပြီး မန္တလေးအလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ Positive လူနာ ၁၀၀ ထားရှိကုသနိုင်ရန် ကုသဆောင်လေးဆောင်တို့ကို လိုအပ်သည်များ ပြင်ဆင်မွမ်းမံ၍ ကုသပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ဆေးကုသမှုပေးနေသည့် လူနာများ အပါအဝင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အတွင်းလူနာ ၅၅၁၇ ဦးနှင့် ပြင်ပလူနာ ၁၀၈၇၇၆၄ ဦးတို့ကို ဆေးကုသမှုပေးနိုင်ခဲ့ပါကြောင်း၊ ကိုဗစ်ကာလအတွင်း PUI လူနာများကို နှာခေါင်းနှင့် အာခေါင်တို့ဖတ်ယူခြင်းနှင့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးပြီး Positive လူနာများအား MOHS မှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပေးခြင်းတို့ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်မှစ၍ မန္တလေးအလုပ်သမားဆေးရုံကြီးတွင် အာမခံအလုပ်သမား မဟုတ်သည့် COVID -19 Positive လူနာများကိုပါ လက်ခံကုသပေးလျက် ရှိပါကြောင်း။

ကိုဗစ်-၁၉ 1st Wave ကာလဖြစ်သည့် မေ ၁၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်အတွင်း လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးမှုများအနေဖြင့် ယာယီပိတ်ထားခဲ့သော စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၆၇၅၀ မှ အလုပ်သမားပေါင်း ၈၀၄၅၈၅ ဦးတို့အတွက် ငွေကျပ်သန်း ၁၉၇၉၁ ဒသမ ၁၇၈ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်ရှိနေသည့် ဌာနများမှ အာမခံအလုပ်သမားများကိုလည်း ဆက်လက်ခွင့်ပြုထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆွေးနွေးညှိနှိုင်း**

ထို့အပြင် ကိုဗစ်-၁၉ 2nd Wave ကာလအတွင်း Stay at Home အစီအစဉ်၌ အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်သမား ၉၇၉၁၀၉ ဦးတို့အတွက် ဒုတိယအကြိမ် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုပေးနိုင်ရန် ငွေကျပ်သန်းပေါင်း ၆၇၇၉၂ ဒသမ ၅၆၃ ကို လျာထားဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၂၄ ရက်မှစ၍ Online Web portal ဖြင့် မြို့နယ်ရုံးခွဲများမှတစ်ဆင့် ပေးပို့လျှောက်ထားလာမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်အထိ လျှောက်ထားမှုပြည့်စုံသည့် အလုပ်ဌာန ၅၇၈၀ မှ အာမခံအလုပ်သမား ၆၇၄၀၀၁ ဦးအတွက် ငွေကျပ်သန်းပေါင်း ၄၂၄၈၆ ဒသမ ၂၄၆ ကို စိစစ်ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အဖွဲ့ဝင်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့၏ ရှေ့ဆက်သွားမည့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် လိုအပ်သည့် လမ်းညွှန်ချက်များ၊ မူဝါဒများ ချမှတ်နိုင်ရေး အပြုသဘောဆောင်သည့် တိုက်တွန်းအကြံပြုဆွေးနွေးမှုများကို ကြိုဆိုပါကြောင်းနှင့် အဖွဲ့ကတင်ပြမည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကိုရှေးရှု၍ ဝိုင်းဝန်းအဖြေရှာ ဆွေးနွေးညှိနှိုင်းကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက ယခင် (၁/၂၀၁၉) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

**ရှေ့လုပ်ငန်းစဉ်များချမှတ်**

ယင်းနောက် လူမှုဖူလုံရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေး တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းတို့ ဆောင်ရွက်ကာ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ပြန်လည်အတည်ပြုခဲ့ပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ယနေ့ ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၀) တွင် မှတ်တမ်းတင်ရန် အမှာစာစောင်ရေ ၃၇ စောင်နှင့် ဆုံးဖြတ်ရန်အချက် (၅) ချက်တို့အား သဘောတူအတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင်အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရာပြည့်အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုပါ၏

မောင်မိုးယံ (အမျိုးသားစာပေဆု)

၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးသမိုင်းတွင် ကမ္ပည်းတင်မည့်နှစ် (၁၀၀)ပြည့် (ရာပြည့်သဘင်ပွဲ)ကြီး လေးခုဆင်ယင်ကျင်းပမည့် နှစ်ထူးနှစ်မြတ်ကြီး ဖြစ်သည်။

မြန်မာ့ရုပ်ရှင်ရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်၊ အမျိုးသားအောင်ပွဲနေ့ရာပြည့်၊ မြို့မအမျိုးသား ကျောင်းရာပြည့် ဆိုသော နှစ်(၁၀၀)သက်တမ်းကို ပြန်လည်ပုံရိပ်ပေါ်ကာ အောက်မေ့ဖွယ် အခမ်းအနားကြီးများကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စိုင်းပြင်းခဲ့ကြသော်လည်း ကိုဗစ်ရောဂါဆိုးကြီးကြောင့် အခမ်းအနားများကျင်းပရန် အခက်အခဲရှိသဖြင့် တေးသီချင်းများမှ တစ်ဆင့်၊ ရုပ်မြင်သံကြားအစီအစဉ်များမှ တစ်ဆင့်၊ သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် ထုတ်လွှင့်ပြသ၊ ရေးသားဖော်ပြနေကြသည်မှာ သမိုင်းကို မှတ်ကျောက်တင်နေကြခြင်း ဖြစ်ပါသည်။

### အမျိုးသားပညာရေးလှုပ်ရှားမှုကြီး

ထိုအခမ်းအနားကြီးများ အနက် အမျိုးသားအောင်ပွဲနေ့ရာပြည့်၏ မူလဇာတိဇာစ်မြစ်မှာ ကျွန်ပညာရေးစနစ်ဆိုးကြီးကို ကန့်ကွက်သပိတ်မှောက်သည့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဖြစ်ပါသည်။ အမျိုးသားနေ့ (National Day ) ဖြစ်ပေါ်လာပုံသည် ရန်ကုန်တက္ကသိုလ်ဖွားမြင်လာခြင်းနှင့် ဆက်စပ်နေသည်။ ရန်ကုန်တက္ကသိုလ်ကို ဗြိတိသျှအစိုးရက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ယခုတည်ရှိနေသောကမာရွတ်နယ်မြေထဲတွင် စတင်ဖွင့်လှစ်ပြီး တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် ကျွန်ပညာရေးကို သက်ဆိုးရှည်စေသော ဥပဒေဖြစ်သလို မြန်မာလူမျိုးတို့၏ ဘာသာသာသနာနှင့် မြန်မာတို့၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုအား ဖိနှိပ်ချုပ်ချယ်သည့်စနစ်ကို အခြေခံကာ ရေးဆွဲထားသော ဥပဒေဖြစ်သည်။ ထိုဥပဒေကို ပြင်ဆင်ပေးရန် ယုဒသန်ကောလိပ်နှင့် ရန်ကုန်ကောလိပ်ရှိ ကျောင်းသားများက စတင်တောင်းဆိုခြင်းကို ဗြိတိသျှအစိုးရက ငြင်းပယ်ခဲ့သဖြင့် သပိတ်မှောက်ရာမှ အမျိုးသားနေ့ဆိုသော အမျိုးသားပညာရေးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာခဲ့သည်။

အမျိုးသားပညာရေး လှုပ်ရှားမှုသည် ကျွန်စိတ်၊ ကျွန်သွေးများကို အမြစ်ကလှန်ပစ်သော အမျိုးသားစိတ်ဓာတ်ရေးရာလှုပ်ရှားမှုနှင့် အခြေအမြစ်မှ ယိုယွင်းပျက်စီးနေသည့် ကိုလိုနီပညာရေးစနစ်ဆိုးကို အမြစ်ကဆွဲနုတ်မြေလှန်ပစ်သော အမျိုးသားပညာရေးလှုပ်ရှားမှုပင်ဖြစ်သည်။ ထိုလှုပ်ရှားကြီး၏ အောင်ပွဲသည် မြန်မာနိုင်ငံမှ ကျောင်းသူ ကျောင်းသား၊ အလုပ်သမားလယ်သမား၊ သံဃာအပေါင်းမကျန် ပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုကို ရရှိခဲ့ပြီး ဗြိတိသျှအစိုးရ လက်မှိုင်ချခဲ့ရသည်။

မြန်မာမျိုးချစ်တို့ တိုက်ပွဲဝင်ကာ ထူထောင်နိုင်ခဲ့သော အမျိုးသားပညာရေးကျောင်းများ ပေါ်ပေါက်လာမှု သမိုင်းအစလှုပ်ရှားမှုမှ အမျိုးသားအောင်ပွဲနေ့ဆိုသော သမိုင်းဝင်ပန်းချီကားကြီးတစ်ချပ် ယနေ့တိုင်စိုက်ထူနိုင်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် နှစ် (၁၀၀) တိုင်ခဲ့လေပြီ။ အမျိုးသားရေးစိတ်ဓာတ်ရှိသူတိုင်း၏ နှလုံးသားတွင် အမျိုးသားအောင်ပွဲနေ့သည်ကား အမြဲကိန်းအောင်းလျက် ရှိနေကြပေမည်။

မြန်မာနိုင်ငံသမိုင်းတွင် အာဏာလုရင်း



အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့မှ တည်ထောင်ခဲ့သည့် ကူရှင်ကျောင်း (ယခု အ ထ က (၄) အလုံ)

> **“ဂျီစီဘီအေအသင်းကြီးက ၁၉၂၀၊ ၁၉၃၆ ၊ ၁၉၃၈ ၊ ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့် အရေးတော် ပုံတို့အနက် ၁၉၂၀ ဒီဇင်ဘာလ ၅ ရက်နေ့ ကျောင်းသားသပိတ်သည် အမျိုးသားရေး အသွင်ကိုဆောင်သော လှုပ်ရှားမှုဖြစ်သဖြင့် ဗြိတိသျှကို တော်လှန်သောနေ့အဖြစ် အမျိုးသား နေ့ဟု သတ်မှတ်ခဲ့”**

အချင်းချင်းစစ်ခင်းခဲ့ကြသော ပဒေသရာဇ်ခေတ်၏ အမွေဆိုးက တိုင်းပြည်ပြိုကွဲဖရိုဖရဲဖြစ်ရန် လမ်းစပေါ်ပေါက်မှုကို ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီတို့က စောင့်ကြည့်ကာ သွေးခွဲခဲ့ကြသည်။ မြန်မာဘုရင်၏ အားနည်းချက်ကို ဗြိတိသျှအစိုးရက လက်ဦးမှုယူကာ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅) ခုနှစ်တို့တွင် စစ်ပွဲကြီးသုံးကြိမ်ဆင်နွှဲကာ မြန်မာတစ်နိုင်ငံလုံးကို ကျွန်အဖြစ် သိမ်းပိုက်ခဲ့သည်။ မြန်မာတို့သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီးနောက် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် သပေါက်ဘဝအထိ၊ အိန္ဒိယအစိုးရ၏ တစ်ဆင့်ခံ အုပ်ချုပ်ခံဘဝကို ကျရောက်ခဲ့ရသည်မှာ သင်ခန်းစာယူသင့်သော သမိုင်းအလှည့်အပြောင်း ဖြစ်သည်။

ပညာမတတ်ခြင်းသည် အဆိုးဆုံးသော လူဘဝတန်ဖိုး နိမ့်ကျခြင်းဖြစ်သည်။ ယနေ့ခေတ်ကာလ ကမ္ဘာပေါ်တွင် အင်အားပြိုင်ဆိုင်မှုများကြီးမားလာသောအခါ နောက်ဆုံးအဖြေမှာ ပညာသာလွန်မှုက လွှမ်းမိုးလာခြင်းဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာခြင်းက အမှန်တရားဆိုပါလျှင် ပညာအားနည်းသော၊ နည်းပညာအစွမ်းအစ၊ တီထွင်မှုအားနည်းသော နိုင်ငံတို့ နောက်ကျကျန်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ယနေ့တိုင် Education Might ကို ရဖို့ ကြိုးပမ်းနေရဆဲဖြစ်သည်။

### ဘုန်းတော်ကြီးကျောင်းပညာရေး

မြန်မာနိုင်ငံ ကျွန်ဘဝမရောက်မီက ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အခရာဖြစ်သည်။ မိမိတို့ သားတော်များကို ဘုရင်က အဋ္ဌာရသ ၁၈ ရပ်အနက် စာတတ်ရန် ဦးစွာ ဘုန်းကြီးကျောင်းဆရာတော်များထံတွင် အပ်နှံကာ ပညာသင်ကြားစေခဲ့သည်။ ဘုန်းကြီးတို့က ဗုဒ္ဓဘာသာအခြေခံသော ပြည်သူ့နီတိကိုယ်ကျင့်တရား၊ မင်္ဂလာတရားတော်တို့နှင့်အညီ ကျင့်ကြံနေထိုင်တတ်ရန် သင်ကြားခဲ့ပြီး ကဗျာ၊ ဂီတ၊ ဘာသာစာပေ ယဉ်ကျေးမှုများဖြင့် မိမိတို့မျိုးရိုး ဓလေ့အစဉ်အလာများကို ဆုံးမသွန်သင်ခဲ့ကြသည်။ သို့သော် ပြည်ပနိုင်ငံသားတို့ ဝင်ရောက်လာခြင်းမှအစ သာသနာပြုဖို့၊ စီးပွားရှာဖို့ဆိုသော အကြောင်းတွင် နေရာထိုင်ခင်းနှင့် ကျောထောက်နောက်ခံရှိဖို့ လိုအပ်သည်။ သာသနာပြုတို့က ဘုရင်ထံ ခစားဝင်ကြသလို စီးပွားရေးသမားကုန်သည်များက မိဖုရားများထံ မှူးကြီးမတ်ရာမှတစ်ဆင့် ခစားဝင်ကြသည်။ ထိုအခါ ဘာသာစကားဆက်သွယ်ရေးသည် အရေးပါကြောင်း သိလာကြသည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် ဘာသာစကားတတ်မှ အဆင်ပြေနိုင်ကြောင်း သိလာသောအခါ ဘုရင်တို့က တိုင်းတစ်ပါးသို့ ပညာသင်စေလွှတ်ရန် နိုင်ငံခြားသား သာသနာပြုများကို နန်းတော်သို့ဖိတ်ကြားကာ အင်္ဂလိပ်စာ၊ ပြင်သစ်စာ စကားတို့ကို သင်ကြားစေခဲ့သည်။ ဤသို့ ဆရာတင်ရခြင်းက ပညာလိုလားမှုအစဖြစ်သည်။ မင်းတုန်းမင်းသည် အင်္ဂလန်မှ ရောက်နေသော သာသနာပြုဘုန်းကြီး (ဆရာမှတ်ကြီး)ကို မန္တလေးတွင် နေရာပေးကျောင်းဖွင့်ကာ သားတော်၊ တူတော်များကို အင်္ဂလိပ်ဘာသာ စာပေစကား သင်ကြားစေခဲ့သည်။ သံဒင်းကျောင်းဟု ယခုတိုင် အမည်တွင်လျက်ရှိသည်။

### သာသနာပြုစာသင်ကျောင်းများ

နောင်အခါ ဆရာမှတ်ကြီးသည် ဘုရင့်ထံပါး တံခါးမရှိ၊ ဓားမရှိဝင်ခွင့်ရရာမှ ရန်ကုန်မြို့တွင် သာသနာပြု စာသင်ကျောင်းများ တစ်စတစ်စဖွင့်လှစ်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် နယ်များသို့ ပျံ့နှံ့ခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ဗြိတိသျှမဟာဝန်ရှင်တော်မင်းကြီး အာသာဖယ်ရာသည် အခြေခံမူလတန်းမှ အလယ်တန်း၊ အထက်တန်းပညာ သင်ကြားနိုင်ရန် ပညာရေးစီမံကိန်းကို ရေးဆွဲပြီး ပညာရေးဌာန စတင် ဖွဲ့စည်းခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မဟာဝန်ရှင်တော်မင်းကြီး ဖယ်ရာ နေထိုင်သော အိမ်ကို အစိုးရတန်းမြင့်ကျောင်း စတင်ဖွင့်လှစ်ခဲ့သည်။ ထိုတန်းမြင့်ကျောင်းသည် ယခု စင်ထရယ်ဟုခေါ်သော အ.ထ.က (၁) လသာယောကျ်ားလေးကျောင်း ဖြစ်သည်။ ထိုကျောင်းကို ၁၈၇၈ ခုနှစ်တွင် တန်းမြင့်ကျောင်းအဆင့်မှ ရန်ကုန်ကောလိပ်အဖြစ် ဖွင့်ပြီး အိန္ဒိယ ကာလကတ္တားတက္ကသိုလ်၏ အုပ်ချုပ်မှု အောက်တွင် ထားခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဘီအေတွဲ့အထိ ပညာသင်ကြားခဲ့သည်။ သို့သော် အများစုမှာ အင်္ဂလိပ်နှင့် အိန္ဒိယနွယ်ဖွားများ၊ နိုင်ငံခြားသားများသာ တက်ကြရသည်။

၁၈၇၂ ခုနှစ်တွင် အမေရိကန်သာသနာပြုအဖွဲ့က အလုံမြို့နယ်ရှိ ကူရှင်ကျောင်းနေရာတွင် ဘက်ပတစ်ကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်တွင် အောက်မြန်မာနိုင်ငံရှိ တနင်္သာရီနှင့် ရခိုင်ဒေသကို အင်္ဂလိပ်တို့က သိမ်းပိုက်ကျွန်ပြုထားပြီး ဖြစ်သည်။ ကူရှင်ကောလိပ်တွင် အများစုမှာ နိုင်ငံခြားသားများသာ ပညာသင်ကြားခွင့်ရခဲ့ကြသည်။ မြန်မာတို့မှာ သုံးလေးငါးယောက်သာ တက်ခွင့်ရခဲ့သည်။ ကူရှင်ကောလိပ်ကို ၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်ဟု အမည်ပြောင်းကာ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိပြီး စာမေးပွဲစစ်ခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို သီးခြားတက္ကသိုလ်အဖြစ် ထူထောင်ရန် မြန်မာလူငယ်တို့က တောင်းဆိုခဲ့ကြသည်။ သို့သော် အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးတို့ ပညာမသင်ကြားနိုင်ရန်၊ စာမတတ်စေရန် ရည်ရွယ်ချက်ဖြင့် ခွင့်မပြုခဲ့ပေ။ ၁၈၉၄ ခုနှစ်တွင် ကူရှင်ရန်ကုန်ကောလိပ်၌ ဥပစာတန်း၊ ၁၉၀၉ ခုနှစ်တွင် ဘီအေတန်းများ ဖွင့်လှစ်ခဲ့သော်လည်း ကာလကတ္တားတက္ကသိုလ်မှ စစ်ဆေးသော စာမေးပွဲသာဖြစ်ပြီး မြန်မာကျောင်းသား ၁၀ ဦးတွင် တစ်ဦး၊ နှစ်ဦးသာ စာမေးပွဲ အအောင်ပေးခဲ့သည်။

### အခွင့်အရေးမရ

မြန်မာတို့ တက္ကသိုလ်ကောလိပ်ပညာရေးကို တက်ရောက်ရန် ခက်ခဲသလို အသက်မွေးဝမ်းကျောင်း ပညာဖြစ်သော စက်မှုပညာသင်ကျောင်းများတွင်လည်း တက်ရောက်ရန် အခွင့်အရေးမရခဲ့ပေ။ အင်းစိန် အစိုးရစက်မှုလက်မှု သင်တန်းကျောင်းကို ၁၈၉၅ ခုနှစ်တွင် ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် သင်တန်းသား ၆၃ ယောက်ရှိရာ အင်္ဂလိပ်ကပြား ၉ ယောက်၊ အိန္ဒိယနွယ်ဖွား ၄၀၊ မြန်မာ ၁၄ ယောက်သာ တက်ခွင့်ရခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ အင်္ဂလိပ်တို့၏ မီးရထားစက်ရုံ၊ သင်္ဘောကျင်းစက်ရုံ၊ သင်္ဘောလုပ်ငန်း၊ မီးရထားလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် အင်္ဂလိပ်နှင့် အိန္ဒိယနွယ်ဖွားများသာ အဓိက အလုပ်ခန့်ထားရန် ဖြစ်သည်။

*စာမျက်နှာ ၇ သို့*



၃၊ သပိတ်မှောက် ကျောင်းသားများစကောင်စီ

၁၂၈၂ ခု တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့၌ မူလအစတွင် သပိတ်မှောက်ကျောင်းသားကြီး ၁၁ ဦးရှိခဲ့သည်။ ၎င်းလပြည့်ကျော် ၉ ရက် နှင့် ၁၀ ရက်နေ့များတွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများ၏ အစည်းအဝေးက နောက်ထပ် ၁၅ ဦး ဖြည့်စွက်ခန့်ထားရာ ကောင်စီဝင်ပေါင်း ၂၆ ဦး ဖြစ်လာသည်။

[illegible] သပိတ်မှောက် ကျောင်းသားများ ကောင်စီ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကိုဘခင်
(၂) ကိုဖိုးကွန်း
(၃) ကိုဘဦး
(၄) ကိုအောင်ဒင်
(၅) ကိုထွန်းဝင်း
(၆) ကိုဖေသိန်း
(၇) ကိုဘရှင် (သံတွဲ)
(၈) ကိုဘရှင် (ထားဝယ်)
(၉) ကိုညီပိတ်
(၁၀) ကိုလှထင်
(၁၁) ကိုစ

နောက်ထပ်ဖြည့်စွက်ခန့်ထားသူများ
(၁၂) ကိုဘတင်
(၁၃) ကိုလှစိန်
(၁၄) ကိုမြ
(၁၅) ကိုစိုးဝင်း
(၁၆) ကိုဘဟန်
(၁၇) ကိုလှဖေဝင်း
(၁၈) ကိုဘချော်
(၁၉) ကိုထွန်းဖေ
(၂၀) အင်(န်)ဒီ ဆင်း
(၂၁) မစ္စတာ ပီ-ကေ ဘို့(စ်)
(၂၂) ကိုဖိုးကျား
(၂၃) ကိုမြင့်
(၂၄) ကိုဖိုးလတ်
(၂၅) ကိုမောင်ကို
(၂၆) အီး မောင်စိန်

# ရာပြည့်အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဆောင်းပါး

*စာမျက်နှာ ၆ မှ*

မြန်မာတို့မှာ အင်းစိန်စက်မှုကျောင်းမှ သင်တန်းဆင်းပါက အောက်ဆုံးအဆင့်တွင်သာ အလုပ်ရကြသည်။ စာပေသင်ကြားရန် ခက်ခဲသလို စက်မှုလက်မှု အတတ်ပညာတွင် သင်ကြားခွင့်ရရန် ခက်ခဲခဲ့ကြသည်။

**ဂျပ်ဆင်ဘာသာရေးကျောင်းဖွင့်လှစ်**

၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြု ဆရာကြီး မစ္စတာဂျပ်ဆင် ဆိုသူသည် သူ၏ သာသနာပြု ထောက်ပံ့ငွေဖြင့် ပြည်လမ်းတွင် ဂျပ်ဆင်ဘာသာရေးကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်ကိုပါ ဖွင့်လှစ်ခဲ့သည်။ သူတို့ဘာသာ ကိုးကွယ်သူ မြန်မာလူငယ်များကို ဦးစားပေး ကျောင်းတက်ခွင့် ပြုခဲ့သည်။ ဂျပ်ဆင်ကောလိပ်ဖွင့်လှစ်ပြီးနောက် ဗြိတိသျှ အစိုးရက ၁၉၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတက္ကသိုလ်ကော်မတီကို ဖွဲ့စည်းသည်။ ထိုကော်မတီသည် တက္ကသိုလ် သင်ရိုးကိစ္စများကို အဓိကထားကာ အိန္ဒိယအစိုးရ ကာလကတ္တားတက္ကသိုလ်မှ ပညာရှင် ငါးဦးနှင့် မြန်မာ ကိုယ်စားလှယ်အချို့ ပါဝင်ဖွဲ့စည်းခဲ့သည်။

ကာလကတ္တားတက္ကသိုလ်၏ အကြံပြုချက်အရ -

(၁) တက္ကသိုလ်သည် ကောလိပ်ကျောင်းခွဲမထားသည့် ဗဟိုတက္ကသိုလ်နှင့် ကျောင်းအိပ်ကျောင်းစား တက္ကသိုလ်ဖြစ်ရမည်။
(၂) ပညာရေးနှင့်ပတ်သက်သော ကိစ္စများကို ပညာရေးဆိုင်ရာ အဖွဲ့ကသာ ကိုင်တွယ်ရမည်။
(၃) ပညာရေးနှင့် အုပ်ချုပ်ရေး ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရမည်။
(၄) တက္ကသိုလ်၏ရေးရာများကို အစိုးရလက်အောက်တွင် သီးခြားကင်းလွတ်သော အဖွဲ့အနေဖြင့် ဆောင်ရွက်ခွင့်ရှိသည်ဟုဆိုသော အကြံပြုချက်ကို ဘုရင်ခံက လက်ခံကာ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဘုရင်ခံကောင်စီအစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ထိုဥပဒေမူကြမ်းကို မဒရပ်တက္ကသိုလ် မော်ကွန်းထိန်းဖြစ်သူ မစ္စတာဒရူးဘာရီက ရေးဆွဲခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဩဂုတ်လတွင် ကျင်းပသော အစိုးရအိမ်တော်ဥပဒေပြုလွှတ်တော်အစည်းအဝေးတွင် ဥပဒေမူကြမ်းကို အဆိုတင်သွင်းရာ မြန်မာအမတ်များဖြစ်သည့် ဦးချစ်ဖေ၊ ဦးမြင့်၊ ဦးလှဖေတို့က အကျယ်တဝင့် ကန့်ကွက်ခဲ့ကြသည်။ ကန့်ကွက်ချက်မှာ တက္ကသိုလ်ကို ယူနီထရီစနစ်(Unitary System) မျိုးဖြင့် မတည်ထောင်ဘဲ ဖက်ဒရယ် စနစ်မျိုးဖြင့်သာ တည်ထောင်ရန် ဖြစ်သည်။ ဥပဒေပြုကောင်စီတွင်လည်း မြန်မာအများစု ပါဝင်ဖွဲ့စည်းရေး တောင်းဆိုခဲ့ကြသည်။

**အတင်းအကျပ်ပြဋ္ဌာန်းခဲ့**

မြန်မာတို့က တက္ကသိုလ်တစ်ခု ရရှိလိုသော်လည်း ဗြိတိသျှတို့ ရေးဆွဲပေးမည့် ဥပဒေကြမ်းကို မလိုလားကြပေ။ အိန္ဒိယမှ အကြံပြုရေးဆွဲသည့် ဥပဒေမူကြမ်း ပေါ်ပေါက်လာကတည်းကပင် ကန့်ကွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကို အဆင့်အတန်းမြင့်မားသော အုပ်ချုပ်ရေးစနစ်ရရှိရေး တောင်းဆိုရန် အင်္ဂလန်တွင် ရောက်ရှိနေသော မြန်မာကိုယ်စားလှယ် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့က အင်္ဂလိပ်မိတ်ဆွေများမှတစ်ဆင့် ဗြိတိသျှအောက်လွှတ်တော်တွင် ကန့်ကွက်ပေးရန် မေတ္တာရပ်ခံခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ကျင်းပသော မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအသင်းကြီးမှလည်း တက္ကသိုလ်ဥပဒေကို ကန့်ကွက်ခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့က ခွင့်မပြုဘဲ မြန်မာတို့အပေါ် ကျွန်သက်ရှည်ရေးသာ စဉ်းစားခဲ့ကြသည်။ မြန်မာတို့လိုလားသော ပညာရေးဥပဒေကြမ်း ပြုပြင်ရေးဆွဲရေးကို ခွင့်မပြုဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်ကောလိပ်ဥပဒေကို အတင်းအကျပ်ပြဋ္ဌာန်းခဲ့ကြသည်။ မြန်မာနိုင်ငံသားတို့သည် တက္ကသိုလ်ကောလိပ် ပညာသင်ကြားရေးတွင် အခက်အခဲ အကျပ်အတည်းဖြစ်ရုံမက အလယ်တန်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ရရေး၊ ပညာသင်ကြားရေးပါ နစ်နာဆုံးရှုံးခဲ့ကြသည်။ ဘုန်းတော်ကြီး ပညာသင်ကြားရေးစနစ်သည် မူလတန်းအဆင့်သာ ရှိရာ အင်္ဂလိပ်တို့က အထက်တန်းပညာရေး ဖွင့်ခွင့်မပေးသဖြင့် ကိုယ်ပိုင်အိမ်များတွင် အထက်တန်းပညာကို သင်ကြားကြပြီး တက္ကသိုလ်တက်ခွင့်ရရှိရေး ကြိုးစားခဲ့ကြသည်။ သို့သော် ကာလကတ္တားတက္ကသိုလ်၏ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်မှသာ တက်ခွင့်ရခဲ့ကြသည်။ တစ်နှစ်လျှင် သုံးလေးဦးသာ ခွင့်ပြုခဲ့ကြသည်။

ထိုကာလတွင် တက္ကသိုလ်တက်ခွင့်ရနေသော ကျောင်းသားများအနက် ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုဇ၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်(MA) ၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦးတို့ ၁၁ ဦးသည် ကောလိပ်ဥပဒေကြမ်းကို ကန့်ကွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရွှေတိဂုံဘုရားကုန်းတော်ရှိ စနေထောင့်တွင် စတင်စုဝေးခဲ့ကြသည်။ တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရေး လျှို့ဝှက်စွာ နှစ်နာရီနီးပါး ဆွေးနွေးကြပြီးနောက် ရန်ကုန်တက္ကသိုလ်ထဲသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်ကောလိပ်ရှိ ကျောင်းသားခေါင်းဆောင် ၁၁ ဦးနှင့် ယုဒသန်ကောလိပ်မှ ကိုဖိုးကျား၊ ကိုမြင့်၊ ကိုဖိုးလတ် အစရှိသော ကျောင်းသားခေါင်းဆောင်တို့ ပူးပေါင်းကြကာ ကောလိပ်ကျောင်းသား ၆၀၀ ကျော် စုဝေးပြီး သပိတ်မှောက်ရေး ဆွေးနွေးခဲ့ကြသည်။

ကျောင်းသားသပိတ်အဖွဲ့က ဆွေးနွေးရာတွင် တက္ကသိုလ်အက်ဥပဒေကို ပြုပြင်ပေးရန်အတွက် သပိတ်မှောက်ကြရန် ယေဘုယျသဘောတူကြသည်။

(၁) တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန်နှင့် ဘုရင်ခံထံ လျှောက်ထားရာ လိုက်လျောခြင်း မပြုသမျှ သပိတ်မှောက်ရန်၊
(၂) မကျေနပ်မှုများကို ထိထိရောက်ရောက်ပြသည့် အနေဖြင့် သပိတ်မှောက်ပြီးမှ လိုလားချက် တောင်းဆိုလွှာကို တင်ရန်ဟု ညှိနှိုင်းကြပါသည်။

**သဘောထားနှစ်ရပ်ကွဲလွဲ**

ညှိနှိုင်းမှုတွင် သဘောထားနှစ်ရပ် ကွဲလွဲခဲ့ကြပါသည်။ မဲခွဲဆုံးဖြတ်ကြရာ သပိတ်မှောက်ပြီးမှ တောင်းဆိုလွှာကို တင်ရန်ဘက်မှ အနိုင်ရပါသည်။ ယုဒသန်ကောလိပ်မှ ကိုဖိုးကျား (နောင်တွင် ပညာဝန်) က ရှုံးသော်လည်း အနိုင်ရရှိသောအဖွဲ့နှင့် ပူးပေါင်းကာ သပိတ်မှောက် လှုပ်ရှားမှု တစ်လျှောက်လုံး အမျိုးသားပညာရေး ခရီးစဉ်တစ်လျှောက်လုံး မဖောက်မပြန် အတူလက်တွဲ တိုက်ပွဲဝင်ခဲ့ကြပါသည်။

ထိုသပိတ်မှောက်အဖွဲ့သည် အချက် သုံးချက်ကို ဆုံးဖြတ်ချက်ချမှတ်ကာ ရန်ကုန်တက္ကသိုလ်မှ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျောင်းကိုစွန့်ခွာ၍ ဗဟန်းကြားတောရ၊ ဦးအရိယဘုန်းကြီးကျောင်းတွင် စုဝေးခဲ့ကြပြီး အဖွဲ့ဝင် ၂၆ ဦးပါဝင်သော သပိတ်မှောက်ကောင်စီကို ဖွဲ့စည်းခဲ့ကြပါသည်။

သပိတ်မှောက် ကျောင်းသားများသည် -

(က) ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၇) ရက် အင်္ဂါနေ့တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းသို့ လာရောက်ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ကြောင်း ကြေညာသောအခါ ယုဒသန်ကောလိပ်နှင့် ရန်ကုန်ကောလိပ်မှ ကျောင်းသားများက မိမိတို့ စာအုပ်များကို ပိုက်ပြီး ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းမှ ထွက်လာရန် ၊
(ခ) သပိတ်မှောက်ပြီးမှ ရန်ကုန်တက္ကသိုလ် အက်ဥပဒေသည် မြန်မာများ၏ အထက်တန်းပညာရေး အတွက် နစ်နာအောင်ချုပ်ချယ်သည့် ဥပဒေသများဖြစ်၍ ပြုပြင်ပေးရန်၊
(ဂ) ပြုပြင်ပေးရန် တောင်းဆိုသော အချက်များကို ပြုပြင်မပေးသမျှ ကာလပတ်လုံး ကျောင်းပြန်မတက်ရန် ဆိုသော (၃)ချက်ကို ဆုံးဖြတ်ခဲ့ကြသည်။

သပိတ်မှောက်အဖွဲ့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန္ဒပြရန် ရည်ရွယ်ခဲ့သော်လည်း အခြေအနေအရ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် နေ့တွင် စတင်သပိတ်မှောက်ခဲ့ကြပါသည်။ အကြမ်းမဖက်သောနည်းဖြင့် ကျယ်ပြန့်လှသော လူထုတိုက်ပွဲတစ်ရပ်ကို မြန်မာမျိုးချစ်ကျောင်းသားများ စတင်ကာ သပိတ်မှောက်ရာမှ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားထုတစ်ရပ်လုံး၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ဦးအရိယ ကျောင်း၌ပင် ဒီဇင်ဘာလ ၁၇ ရက်နေ့၌ အမျိုးသားကျောင်းများ စတင်ဖွင့်လှစ်ခဲ့ကြပြီး ကျောင်းသားကြီးများက ကိုယ်ကျိုးစွန့် အနစ်နာခံကာ မိမိတို့ တတ်သိပညာများကို ဖြန့်ဝေကြပါသည်။ ကျောင်းလခမယူဘဲ၊ ကျောင်းမတက်ဘဲ အမျိုးသားပညာရေး သပိတ်တိုက်ပွဲနဲ့အတူ အမျိုးသားကျောင်း ၉၃ ကျောင်းတွင် ဆရာများဝင်လုပ်ကြရင်း အမျိုးသားပညာရေးသမိုင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့ကြပါသည်။

အမျိုးသားပညာရေး၏ အမြင့်ဆုံး ရည်မှန်းချက်သည် အမျိုးသားလွတ်မြောက်ရေးဖြစ်သည်။ မျိုးချစ်ပုဂ္ဂိုလ်တို့က အင်္ဂလိပ်တို့ဖွင့်သော ကောလိပ်ကိုတက်မှ တက္ကသိုလ်ပညာသင်ကြားရသည်မဟုတ်၊ တို့အမျိုးသားကောလိပ်ကိုတို့အင်အားနှင့်တို့ တည်ဆောက်မည်ဟုဆိုကာ ၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဗဟန်းရွှေကျင်ကျောင်းတိုက်ကြီး၌ စတင်ဖွင့်လှစ်ခဲ့ကြသည်။ အမျိုးသားကောလိပ်ဟု အမည်တပ်ပြီး ဥက္ကဋ္ဌ MA မောင်ကြီး၊ သခင်မြ၊ သခင်ကိုယ်တော်မှိုင်း၊ ဆာဦးသွင် အစရှိသော ပုဂ္ဂိုလ်တို့ ဦးဆောင်ကာ ကောလိပ်ကျောင်းသားတို့က စာပေသင်ကြားခဲ့ကြသည်။

ထို့နောက် ၁၉၄၇ ခုနှစ်တွင် မြို့မဆရာကြီး ဦးဘလွင်က မြို့မအမျိုးသားကျောင်းကြီးကို အမျိုးသားကောလိပ်ဖွင့်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် ဦးဖေမောင်တင်ကို ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့ကြသည်။ ဆာဦးသွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ အမျိုးသားကောလိပ်ကို မြို့မကျောင်းသားဟောင်း ဦးနု (ဝန်ကြီးချုပ်) က ဖွင့်လှစ်ပေးခဲ့သည်။ မြို့မအမျိုးသားကျောင်း အပါအဝင် ကျောင်းပေါင်း ၉၃ ကျောင်း ပေါ်ထွန်းခဲ့သော အမျိုးသားပညာရေးတိုက်ပွဲ အစ ၁၉၂၀ ပြည့်နှစ်သည် မြန်မာတို့၏ ပိတ်ထားခြင်းခံရသော ပညာရေးတံခါး ဖွင့်နိုင်ခဲ့သည်။ အညွှာက်မထွက်နိုင်အောင် ပိတ်ထားခံရသော ပညာရေးမျိုးစေ့ကို နိုင်ငံတစ်ဝန်း ကြဲချနိုင်ခဲ့ကြသည်။ **ထို့ကြောင့် ဂျီစီဘီအေအသင်းကြီးက ၁၉၂၀၊ ၁၉၃၆ ၊ ၁၉၃၈ ၊ ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့် အရေးတော် ပုံတို့အနက် ၁၉၂၀ ဒီဇင်ဘာလ ၅ ရက်နေ့ ကျောင်းသားသပိတ်သည် အမျိုးသားရေးအသွင်ကို ဆောင်သော လှုပ်ရှားမှုဖြစ်သဖြင့် ဗြိတိသျှကို တော်လှန်သောနေ့အဖြစ် အမျိုးသားနေ့ဟု သတ်မှတ်ခဲ့ကြပါသည်။**

အမျိုးသားပညာရေး တိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲဖြစ်သည်။ ကျွန်စနစ်ကို တော်လှန်သော တိုက်ပွဲဖြစ်သည်။ ၁၉၂၀ သပိတ်မှသည် ၁၉၃၆၊ ၁၉၃၈ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းတို့လည်း ကျွန်ပညာရေးကို တော်လှန်ကာ ဆန့်ကျင်ရေး လှုပ်ရှားဆင်နွှဲခဲ့ကြသည်။ ကျွန်ပညာရေး သပိတ်တိုက်ပွဲများသည် လွတ်လပ်ရေးအတွက် အရေးပါလှပေသည်။

**"ဗမာပြည်ကိုချစ်ပါ ဗမာစာကိုချီးမြှင့်ပါ၊ ဗမာစကားကို လေးစားပါ"** ဆိုသော လှုံ့ဆော်ကြွေးကြော် မှုများက **"သခင်မျိုးဟေ့ ဒို့ဗမာ"** ဆိုသော အမျိုးသားရေးစိတ်ဓာတ်ကို လှုံ့ဆော်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်မှ စခဲ့သော ကျွန်ပညာရေးတိုက်ပွဲသည် အမျိုးသားအောင်ပွဲနေ့အဖြစ် ကမ္ဘာတည်သရွေ့ မြန်မာတို့မမေ့သင့်သော လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်ကြောင်း သတိချပ်သင့်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် အသက်သွေး ချွေး များစွာ ပေးဆပ်ခဲ့သလို မိမိတို့၏ အကျိုးစီးပွားကို စွန့်လွှတ်ပြီး အမျိုးသားပညာရေးတိုက်ပွဲ ဆင်နွှဲရင်း ကျွန်ဘဝ လွတ်မြောက်ရေး ကြိုးပမ်းခဲ့ကြသည်။ ယနေ့ကာလသည် တိုင်းတစ်ပါးသား မလိုမုန်းထားသူများ၏ ရန်စွယ်၊ ရန်စ ဖိအားများ ဝန်းရံနေချိန်တွင် လွတ်လပ်ရေးအဓွန့်ရှည်ရေး၊ အမျိုးကိုထိလျှင် မချည့်အောင်နာကြဖို့အရေး အားလုံး ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် မြန်မာ့အမျိုးသားစိတ်ဓာတ်ကို ပြကြဖို့ တိုက်တွန်းရင်း ရာပြည့် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။




ရန်ကုန်ကောလိပ်ဌာန စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အစိုးရ တန်းမြင့်ကျောင်း (ယနေ့ လသာ အ-ထ-က (၁))

## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း



| | | |
|---|---|---|
| အမည်ရင်း | - | ဦးမျိုးသန့် |
| မိဘ | - | ဦးတင်အေး (ခရိုင်လဝကမှူး) |
| မွေးဖွားရာဇာတိ | - | ကျိုင်းတုံ |
| ပညာသင်ကြားခဲ့သောကျောင်း | - | အ.ထ.က(၄) တောင်ငူ၊ အ.ထ.က(၂)ဒဂုံ (မြို့မ)၊ ပုသိမ်ကောလိပ်မှ ကပ်ပါးဗေဒ (Parasitology) ဘွဲ့ရရှိ (၁၉၇၈) |
| စာပေဆု | - | စာပေဗိမာန် စာပေဆု (၂) ဆု |
| | - | ပခုက္ကူ ဦးအုန်းဖေ စာပေဆု |
| | - | အမျိုးသားစာပေဆု |
| | - | မြဝတီဝတ္ထုရှည်အကောင်းဆုံးဆု |
| တာဝန်ထမ်းဆောင်ခဲ့သောဌာနများ | - | မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ (ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန၊ အထူးအရာရှိ) ဒေါ်ပုံသင်္ဘောကျင်းစက်ရုံမှူး၊ |
| | - | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| လက်ရှိတာဝန် | - | မြို့မအမျိုးသားကျောင်း ရာပြည့်သဘင်ကျင်းပရေး လုပ်ငန်းကော်မတီ၊ ဒု ဥက္ကဋ္ဌ |
| | - | မြို့မရာပြည့်သဘင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ |
| ကလောင်ခွဲ | - | မောင်မာန်ရိုး၊ တေးရေး-မိုးယံထိုက် |

# ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းဖွင့်လှစ်ထားရှိမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းကို လိုအပ်ချက်အရ တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ပြစ်ဒဏ်ကျခံရမည့် ကလေးများနှင့်လူငယ်များကို ဥပဒေအရ လူငယ်သင်တန်းကျောင်းများတွင် ပြုပြင်၊ ပြုစု၊ ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ရာတွင် ကလေးသူငယ်၏ အသက်ကို (၁၈)နှစ်ဟု သတ်မှတ်ထားရှိပါသဖြင့် လူငယ်သင်တန်း ကျောင်းများတွင် အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို တိုးမြှင့်လက်ခံခဲ့ရပါကြောင်း၊ ထို့ကြောင့်လူငယ် သင်တန်းကျောင်းများတွင် သင်တန်းသားများ တိုးတက်များပြားလာ၍ ဝန်ထမ်းအင်အားလိုအပ်ချက်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းနိုင်စေရန် ဖွဲ့စည်းပုံများ တိုးချဲ့ဆောင်ရွက်ခဲ့ရာ ပုသိမ်ကြီး လူငယ်သင်တန်းကျောင်း၏ ဖွဲ့စည်းပုံအသစ်အရ လက်ရှိကျောင်းသား ၂၁၁ ဦးကို ဝန်ထမ်း ၁၆ ဦးဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကာလဖြစ်၍ စိန်ခေါ်မှုများစွာရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမ သုံးလပတ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် လုံခြုံရေး၊ အဆောက်အဦ လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကာလဖြစ်၍ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် အထူးသတိပြုပြီးဆောင်ရွက်ရမည်ဖြစ်သလို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာပြီး သင်တန်းကျောင်း၏ ရည်ရွယ်ချက်များကို အောင်မြင်စေရန် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းထားရှိသည့် လူငယ်ရေးရာမူဝါဒတွင် လူငယ်ကို အသက်(၁၅ နှစ်မှ ၃၅ နှစ်အထိ) သတ်မှတ်ထားသောကြောင့် သင်တန်းကျောင်းတွင်ရှိသည့် ကျောင်းသားများအတွက် အကျုံးဝင်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒအရ လူငယ်များ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍ (၁၆)ရပ်ဖြင့် မဟာဗျူဟာ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူငယ်များသည် မိမိတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို တည်ဆဲဥပဒေများအရ ရယူခံစားနိုင်ပြီး ဥပဒေဘောင်အတွင်း နေထိုင်ကြရန်ဖြစ်ကြောင်းကို သိရှိစေရန်လိုအပ်ပါကြောင်း၊ မိမိတို့အနေ ဖြင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။



ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းဖွင့်လှစ်ထားရှိမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးမှူးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဝန်ထမ်းများက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် အစီအစဉ်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ နှင့် ယှဉ်တွဲ၍ လုပ်ငန်းများကို အသားကျအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ကူးစက်မှုကာကွယ်ရေးလမ်းညွှန်ချက်များကို အလေ့အထဖြစ်အောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အမှုရင်ဆိုင်ရမည့် ကလေးများအတွက် အမှုစစ်ခြင်းကို သက်ဆိုင်ရာတရားရုံးများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာကျောင်းအလိုက် အသိပညာပေးဆွေးနွေးပွဲများကို Online ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ သင်တန်းကျောင်းတွင် နေထိုင်ရစဉ်ကာလကို အကျိုးရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းသည် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းနေထိုင်၍ တန်ဖိုးရှိသော လူသားများဖြစ်အောင် နေထိုင်နိုင်ရေး အသိပညာပေးရမည်ဖြစ်ကြောင်း၊ ကျောင်းအတွင်း အုပ်စုလိုက်ဆွေးနွေးပွဲများ၊ သဘောထားအမြင်ဖလှယ်ခြင်းများဖြင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အတွေ့အကြုံရှိသောသူများက ဟောပြောဆွေးနွေးမှုများကို ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အလေးထားဆောင်ရွက်ကြရန်လည်း သတိပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များနှင့် စာအိတ်များ အပ်နှံ၊ လက်ခံရရှိမှုအခြေအနေ အသိပေးကြေညာခြင်း

( ၄ - ၁၂ - ၂၀၂၀ )

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲပေးရာတွင် အသုံးပြုသည့် စာအိတ်အသေး၊ စာအိတ်အကြီးများကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အပ်နှံ၍ ဆောင်ရွက်ခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် အသုံးပြုသည့် စာအိတ်အသေးနှင့် စာအိတ်အကြီးများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနသို့ပင်အပ်နှံ၍ ဆောင်ရွက်ခဲ့ပါသည်။

၃။ ဆန္ဒမဲလက်မှတ်များ၊ ကြိုတင်ဆန္ဒမဲလက်မှတ်များအတွက် စာအိတ်များ အပ်နှံရာတွင် ရွေးကောက်ပွဲကျင်းပရန် စတင်ကြေညာသည့် မဲဆန္ဒနယ်များ ( နယ်မြေအခြေအနေအရ မကျင်းပနိုင်သော မဲဆန္ဒနယ်များအပါအဝင် ) အားလုံးတို့အတွက် လွှတ်တော်တစ်ရပ်ချင်း ( တိုင်းရင်းသား လူမျိုးအပါအဝင်) အတွက် လုံလောက်မှုရှိစေရန် ဆောင်ရွက်ရပါသည်။ အပ်နှံမှုနှင့် လက်ခံရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

### ဆန္ဒမဲလက်မှတ်များ အပ်နှံ/လက်ခံရရှိမှုအခြေအနေ

| စဉ် | လွှတ်တော်အမည် | ဆန္ဒမဲလက်မှတ်အရေအတွက် | | ငွေပေးချေခြင်း( ကျပ် ) |
|---|---|---|---|---|
| | | အပ်နှံ ( ရွက် ) | လက်ခံရရှိ( ရွက်) | |
| ၁ | ပြည်သူ့လွှတ်တော် | ၄၄,၁၆၉,၃၄၄ | ၄၄,၁၆၉,၃၄၄ | ပြန်ကြားရေးဝန်ကြီးဌာနသို့ ကြိုတင်ငွေ အဖြစ် ကျပ်သန်း ၄၀၀၀ ပေးချေထားပါသည်။ |
| ၂ | အမျိုးသားလွှတ်တော် | ၄၄,၁၄၈,၂၂၉ | ၄၄,၁၄၈,၂၂၉ | |
| ၃ | တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် | ၄၃,၂၉၅,၃၇၄ | ၄၃,၂၉၅,၃၇၄ | |
| ၄ | တိုင်းရင်းသားလူမျိုး လွှတ်တော် | ၇,၇၁၈,၁၇၃ | ၇,၇၁၈,၁၇၃ | |
| | **စုစုပေါင်း** | ၁၃၉,၃၃၁,၁၂၀ | ၁၃၉,၃၃၁,၁၂၀ | |

### စာအိတ်များ အပ်နှံ/လက်ခံရရှိမှုအခြေအနေ

| စဉ် | စာအိတ်အရွယ်အစား | စာအိတ်အရေအတွက် | | ငွေပေးချေခြင်း ( ကျပ် ) |
|---|---|---|---|---|
| | | အပ်နှံ( အိတ် ) | လက်ခံရရှိ( အိတ် ) | |
| ၁ | စာအိတ်အကြီး (၁၀" x ၇") | ၃,၂၀၀,၀၀၀ | ၃,၂၀၀,၀၀၀ | ၉၆,၀၀၀,၀၀၀/ |
| ၂ | စာအိတ်အသေး ( ၇" x ၅") | ၁၀,၃၀၀,၀၀၀ | ၁၀,၃၀၀,၀၀၀ | ၁၄၉,၃၅၀,၀၀၀/ |
| | **စုစုပေါင်း** | ၁၃,၅၀၀,၀၀၀ | ၁၃,၅၀၀,၀၀၀ | ၂၄၅,၃၅၀,၀၀၀/ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် UNODC တို့အကြား အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် UNODC မှ တာဝန်ရှိသူများတွေ့ဆုံ၍ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများစစ်ဆေးသည့် လက်ကိုင်စက်ကိရိယာလေးလုံး လွှဲပြောင်းပေးအပ်ခြင်းကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့၌ ပြုလုပ်သည်။

လှူဒါန်းရခြင်းရည်ရွယ်ချက်မှာ တရားမဝင်မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများ မြန်မာနိုင်ငံသို့ဝင်ရောက်လာခြင်းကို တားဆီးထိန်းချုပ်နိုင်ရေးနှင့် မူးယစ်ဆေးဝါးများစစ်ဆေးရာတွင် အကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် UNODC မှ လှူဒါန်းခြင်းဖြစ်ပြီး မကြာမီ ရက်သတ္တပတ်အတွင်း၌လည်း မက်သ်အဖက်တမင်းနှင့် ဓာတုပစ္စည်းများစစ်ဆေးသည့် ကိရိယာများကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့အပြင် ဆက်စပ်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အဆိုပါပစ္စည်းများကို နိုင်ငံတစ်ဝန်းရှိ မူးယစ်ဆေးဝါးအဓိကသယ်ဆောင်ရာ လမ်းကြောင်းများတွင်ထားရှိ၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*✻ ကျောဖုံးမှ*

စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာရာ ဝတ္ထုရှည်ဆုတွင် မိုးကျော်ဇင် ရေးသားသည့် **ငါးဖမ်းသမား** စာအုပ် (ကံ့ကော်ဝတ်ရည်စာပေ)၊ ဝတ္ထုတိုဆုတွင် နတ်မောက်အနီချို ရေးသားသည့် **လမ်းဆုံးတော့ ရွာ** မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ် (လင်းလွန်းခင် စာပေတိုက်)၊ ကဗျာဆုတွင် ပန်ဒိုရာ ရေးသားသည့် **ခရုပစ်လောင်ချာ** စာအုပ် (နှစ်ကာလများ စာပေ)၊ စာပဒေသာဆုတွင် ညဏ်ဝေ (မြစ်သာမြေ)ရေးသားသည့် **နှင်းတောင်တန်းက ပန်းဥယျာဉ်** စာအုပ် (ဆိပ်ကမ်းသာစာပေ)၊ ဘာသာပြန် (သုတ)ဆုတွင် ဘိုးလှိုင်ဘာသာပြန်ဆိုသည့် **ဂျဝါဟာလားနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း**စာအုပ် (နှင်းဆီဖြူစာပေ)၊ ဘာသာပြန်(ရသ)ဆုတွင် စိန်ဝင်းစိန်ဘာသာပြန်ဆိုသည့်**ဝါဆော ကရုပ်သေးဆရာလေး**စာအုပ် (လင်းလွန်းခင်စာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ) ဆုတွင် ဒေါက်တာ ဇော်နိုင်ရေးသားသည့် **၂၀ ရာစုမြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံ**စာအုပ်(မိုးသောက်ပန်းစာအုပ်တိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာ လှကြည်(အာဟာရဆရာဝန်ကြီး) ရေးသားသည့် **ကင်ဆာရောဂါနှင့် မြန်မာ့အစားအစာ** စာအုပ် (ရှင်မဟောင်စာပေ)၊ နိုင်ငံရေးစာပေဆုတွင် ဆင်ဖြူကျွန်းသန်းထွန်း ရေးသားသည့် **မြန်မာ့နိုင်ငံခြား ဆက်ဆံရေးများ** စာအုပ် (Quality Publishing House)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် မောင်ခိုင်လတ်ရေးသားသည့် ဘုရားသခင်နဲ့ ကြွေအန်ကစားသူများ **အက်ဆေးစုစည်းမှု** စာအုပ် (ဝန်ချတောင်စာပေ) တို့ကို ရွေးချယ်ကြောင်း သိရသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ပြီးအမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် ၂၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၅၄ ဦးဖြင့် ဖွဲ့စည်း ထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ **ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်**၊ အတည်ပြုအဆင့်ဟူသောအဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ x ၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ ဆုများကို ၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့) ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၅ ရက် (အင်္ဂါနေ့) တွင် ရန်ကုန်မြို့၌ ကျင်းပမည့် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဝတ္ထုတိုဆုရ စာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ကဗျာဆုရ စာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု စာပဒေသာဆုရ စာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန်(သုတ)ဆုရ စာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန်(ရသ) ဆုရစာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပဒေသာ(ဝိဇ္ဇာ) ဆုရစာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု သုတပဒေသာ(အသုံးချသိပ္ပံ) ဆုရစာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု နိုင်ငံရေးစာပေ ဆုရစာအုပ်။



၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေဆု ရသစာတမ်း(အက်ဆေး) ဆုရစာအုပ်။

# ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို နွေကံ့ကော် (မြို့လှ) ၏ **မော်စကိုမှာဝေတဲ့နှင်း**၊ ဒုတိယဆုကို မောင်အင်း(ဥက္ကံ)၏ **သဲရေစစ်**၊ တတိယဆုကို သဥ္ဇာလှိုင် (လားရှိုး) ၏ **နေထိပန်းနွမ်းသော်လည်း** စာမူများက လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နန္ဒာခင် (သက္ကလမြေ)၏ **အဖေ့ခြံနှင့် အခြားရသဝတ္ထုတိုပေါင်းချုပ်**၊ ဒုတိယဆုကို သက်သက်နွယ်၏ **လမင်းစန္ဒာလင်းပါစေနှင့် အခြားဝတ္ထုတိုများ**၊ တတိယဆုကို သောင်းမြင့်ဦး (ကွမ်းခြံကုန်း)၏ **နားဝင်ပီယံခလောက်သံနှင့် အခြားဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ယဉ်ယဉ်(မင်းကန်)၏ **မနွမ်းပန်းခင်း ကဗျာများ**၊ ဒုတိယဆုကို ချစ်စုအောင်၏ **မုဒိတာရင်ခွင်ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပထမဆုကို ရဲမင်းထက် (မြန်မာစာ)၏ **ဇာတက နောက်ခံ ရခိုင်သားခြင်းများ၏ အပြောက်အမွမ်း**၊ ဒုတိယဆုကို လှိုင်းနန္ဒာ (တမာမြေ)၏ **မိုင်းပွန်အာဇာနည် စစ်တမ်းရာပုံတော်** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ဆုတွင် ပထမဆုကို ဒေါက်တာဆုမွန်လွင်၏ **ကြောင်ချစ်သူများ သိမှတ်ဖွယ်ရာ ဗဟုသုတ အဖြာဖြာ**၊ ဒုတိယဆုကို မောင်အောင်၏ **နို့နှင့်နို့ထွက်ပစ္စည်း လက်တွေ့ထုတ်လုပ်နည်းများ** စာမူများက လည်းကောင်း၊ စာပဒေသာဆုတွင်ပထမဆုကို ဦးရဲဒွေး၏**ရုပ်သေးသဘင်သုံး ဇာတ်စာ ဇာတ်စကားများ**၊ ဒုတိယဆုကို ကိုညိုကြီး၏ **မြောက်ကျောင်းသားကြီး ခရီးဝက်ပါ**၊ တတိယဆုကို တင့်ထွန်း (ချောက်)၏ **အကြီးတော်ချုပ်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို လွင်မြန်မာ (မန်းတက္ကသိုလ်)၏ **မြန်မာ့ရွှေချည်ထိုး**၊ ဒုတိယဆုကို မိုးမြင့်ဝင်း (မဟာဝိဇ္ဇာ)၏ **မဟာဂီတတွင် ဖွဲ့ဆိုခဲ့သော မင်းခမ်းတော်များ**၊ တတိယဆုကို မင်းဗေဒါ (ပွင့်ဖြူ)၏ **စာရွက်ပေါ်မှာ ရုပ်ရှင်ရိုက်ခြင်း** (ရုပ်ရှင်ဇာတ်ညွှန်းအနုပညာလေ့လာချက်) စာမူများကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကန့်ဘလူခင်မောင်ဆွေ၏ **စက္ကူကျားနှင့်ရွံ့ရုပ်နွားကလေး ကဗျာ**များ၊ ဒုတိယဆုကို ကိုထွန်းရင် (အဏ္ဏဝါ)၏ **စက္ကူလှေကလေးလွှတ်ကြမယ်** ကလေးကဗျာများ၊ တတိယဆုကို ထက်ဝေအောင် (စစ်ကိုင်း)၏ **ပန်းတိုင်းပွင့်ခွင့်ရှိပါသည်နှင့် အခြားကလေးဝတ္ထုတိုများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို ရန်ကုန်ဌေးဇော်၏ **အသက်ရှည်ပါ ရေ**၊ ဒုတိယဆုကို အေပရယ်ယုနိုင် (ရွှေတောင်)၏ **မမဆိုသော သမီးကြီး**၊ တတိယဆုကို ကိုရွှေရင်အေး၏ **ရွာကြီးတစ်ရွာသို့ အလည်တစ်ခေါက်** စာမူများကလည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ဒုတိယဆုကို ဖွဲ့သန်းသျှင်း (သုံးဆယ်)၏ **ကချင်ပြည်နယ်တိုင်းရင်းသားများ၏ မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း** စာမူကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို မောင်မြေနီ (တမာတော)၏ **တစ်နေ့နေ့ထဲက တစ်နေ့**၊ တတိယဆုကို ရွှေရင်းမာ၏ **ပျူသွေး**စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေ (သုတ) ဆုတွင် ပထမဆုကို ဒီပံလင်း၏ **နောက်ဆုံးကျန်သော ရေတစ်စက် – ရေနိုင်ငံရေး** စာမူကလည်းကောင်း၊ ဘာသာပြန်စာပေ (ရသ) ဆုတွင် ပထမဆုကို ဇော်ဦးငြိမ်း၏ **ဗွီအက်(စ်)နိုင်ပေါလ်၊ စိတ်ကူးရောင်စုံဝတ္ထုတိုများ** စုစည်းမှု စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သိန်း၊ တတိယဆုငွေကျပ် ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၇ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၉ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၇ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့် သုံးဆင့်ဖြင့် စနစ်တကျစိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း ၀၁- ၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ x ၈) လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်အတူ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်သည့် ကာလဖြစ်သဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားကျင်းပမည့် ရက်နှင့်နေရာကို ထပ်မံအသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်တော် ခေါင်းဆောင်

**မောင်ဇေယျ**

**အခုတလော ဒီစကားသံတွေကို ညံစီနေအောင် ကြားနေရတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Autonomy)၊ တာဝန်ရှိမှု (Responsibility)၊ တာဝန်ခံမှု (Accountability)၊ ခေါင်းဆောင်မှု (Leadership) စတဲ့ စကားသံတွေပဲ ဖြစ်ပါတယ်။ အောက်ကလူတွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တောင်းတယ်။ အထက်အဆင့်မှာနေတဲ့ သူတွေက တာဝန်ခံနိုင်မှုရှိရမယ်လို့ ပြောပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းတဲ့သူတွေက လွတ်လွတ်လပ်လပ် ကိုယ်လုပ်ချင်တာတွေကို မလုပ်ရလို့ လူ့အခွင့်အရေးတွေ ဆုံးရှုံးတယ်လို့ ပြောတဲ့သူက ပြောတယ်။**

ဟိုလူကြောက်ရ၊ ဒီလူကြောက်ရ ဖြစ်ရတယ်လို့လည်း ပြောကြတယ်။ အလုပ်တစ်ခုလုပ်မယ်ဆိုရင် အဆင့်ဆင့်တင်ပြရတာနဲ့ လိုရင်းကို မရောက်နိုင်တော့ဘူးလို့လည်း ပြောကြတယ်။ ဒါတွေကလည်း တစ်ဖက်က ကြည့်ရင်တော့ အမှန်တွေပါပဲ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းတဲ့သူတွေကို တစ်ဖက်က ဒီလိုပြန်ပြီး ထောက်ပြပါတယ်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ပေးလိုက်ရင် ရရှိသွားတဲ့သူတွေက အရည်အချင်းပြည့်မီစွာနဲ့ မိမိရဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမှာလား။

တစ်ဖက်က အခွင့်အရေးတွေ၊ လုပ်ပိုင်ခွင့်တွေ ရလာသလို တစ်ဖက်ကလည်း တာဝန်တွေရှိလာတာကို မေ့ထားလို့ မရပါဘူး။ လူ့အခွင့်အရေး နဲ့ ပတ်သက်လာရင် အခွင့်အရေးကိုင်ဆောင်သူ (Rights Holder)နဲ့ အခွင့်အရေး တာဝန်ခံတဲ့လူ (Duty Bearer) ဆိုပြီး နှစ်ဦးနှစ်ဖက် ရှိပါတယ်။ ဒီအခွင့်အရေး ကိုင်ဆောင် သူတွေရဲ့ လူ့အခွင့်အရေးတွေ ခံစားနိုင်ဖို့ အခွင့်အရေး တာဝန်ခံတဲ့သူတွေမှာ တာဝန်ရှိပါတယ်။ ဥပဒေအရ ဒီတာဝန်ခံသူဟာ နိုင်ငံတော်အစိုးရဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေကျင့်သုံးမှုအရ လက်ခံထားတယ်လို့ စာတစ်ပုဒ်မှာ မှတ်သားလိုက်ရပါတယ်။

### အမျိုးအစား ခွဲခြားထား

အခုလို အခွင့်အရေးကိုင်ဆောင်တဲ့သူနဲ့ အခွင့်အရေး တာဝန်ခံသူဆိုပြီး အမျိုးအစား ခွဲခြားထားတဲ့အတွက် လူ့အဖွဲ့အစည်းတွေရဲ့ တာဝန်က အခွင့်အရေးကိုင်ဆောင်သူမယ့်တွေ အခွင့်အရေးတောင်းခံနိုင်ခွင့်ရှိအောင် ဆောင်ရွက်ပေးဖို့ လိုသလို တစ်ဖက်ကလည်း အခွင့်အရေး တာဝန်ခံသူတွေရဲ့ လုပ်ဆောင်ချက်တွေကို မြှင့်တင်နိုင်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မကြာမီရက်များက အဆင့်မြင့်ပညာရေးဆိုင်ရာ စကားဝိုင်းတစ်ခုကို တက်ရောက်ခဲ့ပါတယ်။ တက်ရောက်သူတစ်ဦးက ပြောပါတယ်။ ကျွန်တော်တို့က ဘာလုပ်မယ်ဆိုတာကို သိတယ်။ ဘာကြောင့် လုပ်ရတယ်ဆိုတာကိုလည်း သိပါတယ်။ ဘယ်မှာနဲ့ ဘယ်အချိန်တွေမှာ ဘယ်သူတွေ လုပ်မယ်ဆိုတာကိုလည်း သိတယ်လို့ ဆိုပါတယ်။ W ၅ လုံး (What, Why, Where, When, Who) ကို သိတယ်ပေ့ါ။ ဒါပေမယ့် ဘယ်လို လုပ်ရမယ်ဆိုတာကို မသိပါဘူးလို့ ပြောပါတယ်။ H (How) တစ်လုံးကိုတော့ မသိဘူး လို့ဆိုပါတယ်။ စာရေးသူအနေနဲ့တော့ ဒီအချက် ဟာ ခေါင်းဆောင်လုပ်သူတွေရဲ့ အခန်းကဏ္ဍလို့ မြင်ပါတယ်။ ခေါင်းဆောင်ရဲ့ အခန်းကဏ္ဍဆိုလို့ တွေ့ခဲ့၊ ကြုံခဲ့တာလေးတွေကို ပြန်ပြီးတော့ ပြောချင်ပါတယ်။

တစ်ခါက ဆေးရုံတစ်ခုရဲ့ သန့်ရှင်းရေးအားနည်းခြင်းနဲ့ စပ်လျဉ်းတဲ့ အမေးအဖြေတစ်ခုမှာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်ရဲ့ ဖြေကြားချက်တွေကို ကြည့်ရအောင်ပါ။ ဒီဆေးရုံ ညစ်ပတ်အောင်လုပ်တာဟာ ဆေးရုံဝန်ထမ်းတွေနဲ့ ဆရာဝန်တွေလုပ်တာ မဟုတ်ပါဘူး။ ဆေးရုံကို လာပြီး တက်ရောက်တဲ့လူနာတွေ၊ လူနာစောင့်တွေ၊ လူနာလာမေးတဲ့ သူတွေဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ပညာပေး၊ လူထုပညာပေး လုပ်ငန်းတွေလုပ်ဖို့ လိုအပ်ပါတယ်။ အားလုံးကလည်း ဝိုင်းပြီးကူညီကြဖို့ လိုတယ်လို့ ဆိုပါတယ်။ ရုတ်တရက်ကြည့်တော့ ဒီအပြောကို ဟုတ်တယ် မှန်တယ်လို့ ထောက်ခံမိပါတယ်။

ဒီလိုဆင်တူဖြစ်ရပ်မျိုး နောက်တစ်ခုကို ထပ်မံတွေ့ရပြန်ပါတယ်။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စနဲ့ ပတ်သက်လို့ တာဝန်ရှိသူတွေက မိမိနိုင်ငံတော်ရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ လူထုတွေအကျိုးအတွက် လယ်ယာလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပုံအသီးသီးကို ပြောပါတယ်။ အဆုံးသတ်မှာတော့ မိမိတို့ရဲ့ လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် လယ်သမားတွေရဲ့ အပေါ်မှာပဲ မူတည်တယ်လို့ ဆိုပါတယ်။ ဒီစကားကလည်း မှန်သောစကားပါပဲ။ လယ်ယာလုပ်သားတွေ ဘဝတိုးတက်ဖို့ လယ်ယာလုပ်သားတွေက အဓိကပါ။ “အတ္တာဟိ အတ္တနော နာထော” ဆိုတာ ရှိနေတာပဲ။ မိမိကိုယ်သာ ကိုးကွယ်ရာဆိုတော့ ဟုတ်တယ်၊ မှန်တယ်လို့ပဲ ပြောရပါမယ်။

နောက်တစ်ခုကတော့ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးရဲ့ အပြောပဲဖြစ်ပါတယ်။ စကားမှာပါတာက “သူတို့ကို ကျွန်တော်တို့က ဒီလိုလုပ်ရင် ဒီလိုဖြစ်တယ်လို့ ပြောပြပြီးပြီ၊ လက်တွေ့လည်း လုပ်ပြပြီးပြီ၊ အရန်သင့် သူတို့ရဲ့ ပါးစပ်တွေနားမှာ စားဖို့လည်း ထားပြီးပြီ၊ ခွံ့မကျွေးရုံတစ်မယ်ပဲ ကျန်တော့တယ်၊ သူတို့ကိုယ်တိုင် ယူစားကြပေ့ါ။” ဒီအပြောကို နားထောင်ပြီး စေတနာကို ခန့်မှန်းမိပါတယ်။ ထုနဲ့ထည်နဲ့ ပါပဲ။ ဒီလောက်အဆင့်ရောက်နေမှတော့ ယူစားလိုက်ရင် ပြီးပြီလို့ တွေးမိပါတယ်။

နောက်တစ်ခုကတော့ ကိုယ်တွေ့ပါ။ ကျွန်တော်တို့ တက္ကသိုလ်မှာဖြစ်တာ။ ဌာနမှူးတစ်ဦးက လာပြီး တင်ပြပါတယ်။ အကြောင်းက စာသင်ခန်းတစ်ခုမှာ အမှိုက်တွေနဲ့ ညစ်ပတ်နေလို့ စာသင်ခန်းကို တာဝန်ကျတဲ့ ဝန်ထမ်းက သန့်ရှင်းရေး ကောင်းစွာ မလုပ်ဖူးလို့ပြောပါတယ်။ ပထမ အတွေးဝင်တာက ဒီတာဝန်မကျေတဲ့ ဝန်ထမ်းကိုခေါ်ပြီး ဆုံးမ စကားပြောမယ်ပေ့ါ။ မိမိရဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှု မရှိဘူး။ ဒီသန့်ရှင်းရေးဝန်ထမ်းက ကျောင်းမဆင်းမီ တစ်ခါနဲ့ ကျောင်းဆင်းအပြီး တစ်ခါ တစ်နေ့ကို မနက်တစ်ခါ ညတစ်ခါ အမှိုက်တွေ လှည်းရပါတယ်။ ဒီအချိန် နှစ်ခုကြားအတွင်း အမှိုက်တွေ ရောက်နေတာဆိုတော့ ဒီအမှိုက်တွေကို ပစ်ချတာ ဘယ်သူတွေလဲ။ ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်နဲ့ အစချီမိပါတော့တယ်။ တရားခံကိုတွေ့ပြီ။ ဒီအမှိုက်တွေပစ်တာ ကျောင်းသား ကျောင်းသူတွေပဲ။ သူတို့တစ်တွေ စည်းကမ်းမရှိလို့ ဖြစ်ရတာ၊ သူတို့ကို ခေါ်ပြီး ဆုံးမစကား ပြောရမယ်လို့ ကြံရွယ်မိပါတယ်။ ဆက်ပြီးစဉ်းစားပြန်တော့ အတွေးက ဒီတင်ရပ်မသွားဘဲ ရှေ့ခရီးကို ဆက်သွားပါတယ်။ စိတ်အာရုံရဲ့ အပြောင်းအလဲကလည်း မြန်မှမြန်၊ ခုတစ်မျိုး တော်ကြာ တစ်မျိုးပါပဲ။ ကျောင်းသားတွေ စည်းကမ်းမဲ့ အမှိုက်ပစ်တာကို အတန်းမှာ တာဝန်ကျနေတဲ့ ဆရာ ဆရာမတွေက မပြောဘူးလား။ ပြောဖို့ တာဝန် သူတို့မှာ ရှိတယ်လို့ မထင်ဖူးလား။ တပည့်မကောင်း၊ ဆရာ့ခေါင်းလို့ အဆိုရှိတယ်လေ။ ဒါ့အပြင် ဆရာ့ဝတ္တရားထဲမှာ မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ် လို့လည်းပါတယ်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းဆိုတဲ့ မကောင်းတဲ့အပြုအမူ လုပ်နေတာကို မတားဘဲနေတယ်။ စည်းကမ်းရှိရှိ နေထိုင်တတ်ဖို့ကိုလည်း လမ်းညွှန်မှု မပြုကြဘူး။ ဒါဆိုရင် ဒီကိစ္စမှာ တာဝန်ရှိတဲ့သူက ဆရာ ဆရာမတွေပါပဲ။ အတွေးက ဒီတင်မရပ်သေးဘူး။ ဆက်စဉ်းစားတယ်။ ဆရာ ဆရာမတွေရဲ့ အပြစ်ချည်းပဲ ပုံချ၍ မရသေးပါဘူး။

### အဓိကဆောင်ရွက်မယ့်အချက်

တနင်္လာနေ့အစည်းအဝေးတိုင်းမှာ ပါမောက္ခ(ဌာနမှူး)တွေကို တို့ကျောင်းရဲ့ ဒီနှစ်အတွင်း အဓိကဆောင်ရွက်မယ့် အချက်ကို ပြောပြခဲ့တာပဲ။ ကျောင်းမှာရှိတဲ့ဝန်ထမ်းအားလုံးနဲ့ ကျောင်းသား ကျောင်းသူများအတွက် mind set ကို ပြုပြင်ဖို့၊ စည်းကမ်းကောင်းဖို့လိုတယ်လို့ ဖန်တစ်ရာတေအောင် ပြောခဲ့တာပဲ။ မိမိရဲ့ဘာသာရပ်အလိုက် ကျောင်းသားတွေ စည်းကမ်းကောင်း အောင် ထိန်းသိမ်းဖို့ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)တွေမှာ တာဝန်ရှိတာပေ့ါ။ တက္ကသိုလ်တစ်ခုအောင်မြင်ဖို့ဆိုတာ တက္ကသိုလ်နဲ့ နှီးနွယ်သူအားလုံးက ကိုယ့်တာဝန် ကိုယ်ယူမှ ဖြစ်မယ်လို့ ပြောခဲ့တာပဲ။ မိမိတာဝန်ယူရတဲ့ ဌာနမှာရှိတဲ့ သင်ကြားရေးဝန်ထမ်းတွေသာမက မိမိရဲ့ဘာသာရပ်ကို တက်ရောက်သင်ယူနေကြသော ကျောင်းသား ကျောင်းသူအားလုံးရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ စတာတွေဖွံ့ဖြိုးဖို့ တာဝန်ရှိတယ်လို့ ခဏခဏပြောဖြစ်တာကို သတိရမိပါတယ်။ ဒါဆို သူတို့မှာ တာဝန်ရှိတယ်။ ဒီလောက်ပြောဆိုတဲ့ကြားကနေ သူတို့ ကိုယ့်တာဝန် ကိုယ်မယူကြဘူး။ အလုပ်ကို အားကြိုးမာန်တက် မဆောင်ရွက်ကြဘူးလို့ တွေးမိတယ်။ လာမယ့် တနင်္လာနေ့ အစည်းအဝေးကျရင် ဌာနမှူးတွေအားလုံးကို ပြောရဦးမယ်လို့ စိတ်ကူးမိပါတယ်။ မိမိစိတ်ကူးကလည်း စိတ်ကူးထဲမှာပဲ ရပ်တန့်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားခံ အစစ်ကို တွေးမိလို့ပါ။

> **“ဒီခေတ်ကိုကျော်လွှားဖို့ကိစ္စရပ်ဟာ ခေါင်းဆောင်ရဲ့တာဝန်ဖြစ်သလို တာဝန်ခံမှုဟာလည်း ခေါင်းဆောင်ဆီမှာပဲ ရှိရမှာဖြစ်ပါတယ်။ နေရာဌာနအသီးသီးမှာ ခေါင်းဆောင်နေရာကို တာဝန်ယူနေတဲ့ သူတွေအတွက် ခေါင်းဆောင်တစ်ယောက်ရဲ့ အရည်အသွေးတွေပြည့်စုံဖို့ အထူးလိုအပ်ပါတယ်။ မိမိရဲ့ နောက်လိုက်တွေကို သူတို့ရဲ့ ထမ်းဆောင်ရမယ့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့ စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းက စီမံဆောင်ရွက် နိုင်စွမ်းရှိဖို့ လိုအပ်သလို အများအကျိုးကိုလည်း မေတ္တာ၊ စေတနာအပြည့်နဲ့ ကိုယ်ကျိုးမဖက် အနစ်နာခံပြီး မိမိကိစ္စကဲ့သို့ သဘောထားပြီး အားကြိုးမာန်တက်ဆောင်ရွက်ဖို့ လိုအပ်”**

ဌာနမှူးတွေ တာဝန်ရှိတယ်ဆိုရင် ငါ့မှာကော တာဝန်မရှိဘူးလား။ ငါက ဒီကျောင်းရဲ့ ပါမောက္ခချုပ်၊ တာဝန်အရှိဆုံးပုဂ္ဂိုလ်၊ ဒီကျောင်းမှာ စီမံခန့်ခွဲမှု အာဏာအမြင့်ဆုံး ပေးအပ်ခံထားရတဲ့ပုဂ္ဂိုလ်၊ ဒီကျောင်းရဲ့ တာဝန်တွေကို ယူဖို့ နိုင်ငံတော်အကြီးအကဲက ပြန်တမ်းနှင့် ဝန်ထမ်းအကြီးအကဲအဖြစ် ခန့်အပ်ခံထားရတဲ့သူက ဒီကျောင်းအတွက် ဖြစ်သမျှအကြောင်းအရာအားလုံးအတွက် တာဝန်ယူရမယ်ဆိုရင် ငါ့မှာတာဝန်အရှိဆုံးပါပဲ။

### တာဝန်ယူမှု၊ တာဝန်ခံမှု

ဒီလိုမဖြစ်အောင်ဆောင်ရွက်ဖို့၊ ကျောင်းသား ကျောင်းသူတွေ စည်းကမ်းရှိဖို့ ဘယ်သူက အဓိက တာဝန်ယူဆောင်ရွက်ရမှာလဲ။ တကယ်လို့ အောင်မြင်အောင် မဆောင်ရွက်နိုင်ဘူးဆိုရင်ကော ဘယ်သူက တာဝန်ခံ ရမှာလဲ။ အဖြေကရှင်းပါတယ်။ တာဝန်အရှိဆုံး ပုဂ္ဂိုလ်က တာဝန်ခံမှာပဲ ဖြစ်ပါတယ်။ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ရဲ့ တာဝန်ခံမှုဟာ လူပုဂ္ဂိုလ်အနေနဲ့ ပြောမယ်ဆိုရင် စောစောကပြောခဲ့တဲ့ သန့်ရှင်းရေးဝန်ထမ်း၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမမှသည် ပါမောက္ခ (ဌာနမှူး)အထိ တာဝန်ခံပေးဖို့ ငါ့မှာ တာဝန်ရှိတယ်ဆိုတဲ့ အတွေးဝင်ပါတယ်။ သက်ဆိုင်သူ လူပုဂ္ဂိုလ်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်တွေမှသည် စိတ်ပိုင်းဆိုင်ရာ ကိစ္စရပ်တွေအထိ တာဝန်ခံရမှာ ဖြစ်ပါတယ်။ ခေါင်းဆောင်ဆိုတာ ဒီလိုပါပဲ။ နိုင်ငံတော်မှာ စနစ်လည်း ပြောင်းပြီ၊ ခေတ်လည်းပြောင်းနေပြီ။ ဒါပေမယ့် ခေတ်စနစ်နဲ့ လိုက်ပြီး လူတွေက မပြောင်းလဲသေးဘူး။ ဒီလိုလူတွေနဲ့အတူ လက်တွဲပြီး ရည်မှန်းချက် ပန်းတိုင်ကိုရောက်အောင် လျှောက်လှမ်းဖို့ လွယ်တော့ သိပ်မလွယ်ဘူး။ မလွယ်ဘူးဆိုတာထက် ခက်တယ်ဆိုရင် ပိုမှန်လိမ့်မယ်။

ဒီခေတ်ကို ကျော်လွှားဖို့ ကိစ္စရပ်ဟာ ခေါင်းဆောင်ရဲ့ တာဝန်ဖြစ်သလို တာဝန်ခံမှုဟာလည်း ခေါင်းဆောင်ဆီမှာပဲ ရှိရမှာဖြစ်ပါတယ်။ နေရာဌာနအသီးသီးမှာ ခေါင်းဆောင်နေရာကို တာဝန်ယူနေတဲ့ သူတွေအတွက် ခေါင်းဆောင်တစ်ယောက်ရဲ့ အရည် အသွေးတွေပြည့်စုံဖို့ အထူးလိုအပ်ပါတယ်။ မိမိရဲ့ နောက်လိုက်တွေကို သူတို့ရဲ့ ထမ်းဆောင်ရမယ့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ဖို့ စည်းမျဉ်း၊ စည်းကမ်း ဘောင်အတွင်းက စီမံဆောင်ရွက်နိုင်စွမ်းရှိဖို့ လိုအပ်သလို အများအကျိုးကိုလည်း မေတ္တာ၊ စေတနာအပြည့်နဲ့ ကိုယ်ကျိုးမဖက် အနစ်နာခံပြီး မိမိကိစ္စကဲ့သို့ သဘောထားပြီး အားကြိုးမာန်တက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်မှု (Leadership) နဲ့ ပတ်သက်လို့ John C.Maxwell ရဲ့ အဆိုကိုတွေ့မှပဲ ဘဝင်ကျပါတော့ တယ်။ Maxwell က “The Leader is one who knows the way, goes the way and shows the way” လို့ ဆိုထားပါတယ်။ တွေးကြည့်တော့ ခေါင်းဆောင်ဆိုတာ မိမိရဲ့ ရည်မှန်းချက်ပန်းတိုင်ရောက်ဖို့ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို သိတယ်။ သိတဲ့နည်းလမ်းအတိုင်းလည်း မရောက်ရောက်အောင် သွားနိုင်စွမ်းရှိတယ်။ ဒါ့အပြင် အခြားလူတွေကိုလည်း ဘယ်ပုံ ဘယ်နည်း ပန်းတိုင်ကိုရောက်အောင်သွားရမယ်ဆိုတာကို စွမ်းဆောင်နိုင်စွမ်းရှိသူလို့ သဘောပေါက်မိတယ်။ ဒါဟာ ခေါင်းဆောင်ရဲ့ တာဝန်နဲ့ တာဝန်ခံရမယ့်အပိုင်းတွေပဲ ဖြစ်ပါတယ်။ အထက်က ဆိုခဲ့တဲ့ စကားမျိုးတွေကို ခေါင်းဆောင်မဟုတ်သူ တစ်ဦးဦးက ပြောမယ်ဆိုရင်တော့ “ပီယဝါစာ” ချစ်ခင်ဖွယ်ကောင်းသော စကားကိုဆိုခြင်းပဲ ဖြစ်ပါတယ်။ မိမိကိုယ်မိမိ ခေါင်းဆောင်လို့သိမှတ်ပြီး တာဝန်ခံမှုအပိုင်းကို မိမိအပိုင်းလို့ ယူပြီဆိုရင်တော့ အထက်က ဖြစ်ရပ်တွေအတွက် ဗုဒ္ဓဘုရားလမ်းညွှန်ခဲ့တဲ့ “အတတ္ထစရိယံ” မိမိရဲ့ အရည်အချင်းတွေကို ပိုမိုမြင့်မားအောင် ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတော့တယ်။ ။

---

## အင်းလေးရေပေါ်ဈေး ပြန်လည်ပေါ်ထွန်းလာမှုနှင့် ရေရှည်ဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ညောင်ရွှေ ဒီဇင်ဘာ ၄**

အင်းလေးရေပေါ်ဈေး ပြန်လည်ပေါ်ထွန်းလာမှုတွင် စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်သွားစေရေးနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် အင်းလေးကန်ဒေသ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖော်ဆောင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အင်းလေးဒေသ ဟဲယာရွာမကျေးရွာရှိ Golden Moon စားသောက်ဆိုင်၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က အမှာစကားပြောကြားပြီး အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလိုင်က အင်းလေးရေပေါ်ဈေး ပြန်လည်ပေါ်ထွန်းလာမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၊ ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးထင်အောင်နိုင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်အသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ရေပေါ်ဈေး စနစ်တကျ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အင်းလေးရေပေါ်ဈေးသည် ဆယ်စုနှစ် တစ်ခုကျော် ပျောက်ကွယ်လျက်ရှိပြီး ယခုနှစ် အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ ဒေသခံ ရောင်းသူဝယ်သူများဖြင့် ပြန်လည် အသက်ဝင်စည်ကားလာခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသထွက် အစားအစာ၊ ဟင်းသီးဟင်းရွက်များ အပါအဝင် ကုန်ပစ္စည်းများကို လှေပေါ်တင်၍ ရောင်းဝယ်ကြပြီး ယခင်က ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားရာ နေရာတစ်ခုဖြစ်ခဲ့ကြောင်း၊ ယခု အင်းလေးရေပေါ်ဈေး ပြန်လည်ပေါ်ထွန်းလာခြင်းနှင့် အတူ ရေရှည်ဖွံ့ဖြိုးရေးအတွက်လည်း ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**နေမျိုးသူရိန်**

# အမျိုးသားစာပေဆုရှင်တို့၏ ရင်တွင်းစကားသံများ



ဆရာကြီး ဦးညွန့်မောင်
(မောင်မောင်ညွန့်-မန်းတက္ကသိုလ်)



ဆရာကြီး ဦးအုံ့မောင်
(အုံ့မောင်)



ဆရာ ဦးမိုးကျော်ဇင်
(မိုးကျော်ဇင်)



ဆရာမ ဒေါ်ခင်ဖုဏ်းရည်
(နတ်မောက်အနီချို)



ဆရာ ဦးတင့်ထွန်းနိုင်
(ဥဩဏ်ဝေ-မြစ်သာမြေ)

**မြန်မာစာပေလောကတွင် ဘဝတစ်သက်တာ ပျော်မွေ့ခဲ့ကြပြီး မြန်မာစာပေကို ချစ်ခင်မြတ်နိုးကာ ပြည်သူများ အသိပညာတိုးပွားစေသည့် စာပေများ ရေးသားဖော်ကျူးခဲ့ကြသော စာရေးဆရာကြီးများအား နိုင်ငံတော်က နှစ်စဉ် အမျိုးသားတစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေဆုများကို ရွေးချယ်ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ ၂၀၁၉ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများကို ရွေးချယ်ထုတ်ပြန်ခဲ့ရာ အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့ကြသည့် စာရေးဆရာကြီး နှစ်ဦးနှင့် အမျိုးသားစာပေဆုရ စာရေးဆရာအချို့ အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**အမျိုးသားစာပေတစ်သက်တာဆု**
**ဆရာကြီး ဦးညွန့်မောင်**
**(မောင်မောင်ညွန့်-မန်းတက္ကသိုလ်)**

ဆရာကြီး မောင်မောင်ညွန့် (မန်း-တက္ကသိုလ်)က "အရင်ကစာပေဆုနှစ်ဆုရခဲ့ဖူးတယ်။ ၁၉၉၈ ခုနှစ်က ပခုက္ကူ ဦးအုန်းဖေစာပေဆုပြိုင်ပွဲမှာ 'ကျမ်း' စာပေပထမဆုနဲ့ ၁၉၉၉ ခုနှစ်မှာလည်း ပခုက္ကူဦးအုန်းဖေ စာပေဆုပြိုင်ပွဲမှာ 'သုတေသနစာပေ' ပထမဆုကို ရရှိခဲ့ပါတယ်။ စာပေကို လေ့လာခဲ့တာကတော့ ငယ်စဉ် ကျောင်းသားဘဝကတည်းကပါပဲ။ ခေတ်စာပေထက် သမိုင်းနဲ့ပတ်သက်တာတွေ၊ ကျမ်းစာပေတွေကို ပိုပြီးစိတ်ဝင်စားခဲ့တာဆိုတော့ အဲဒီလို စာပေတွေ ရေးသားခဲ့တယ်။ လူငယ်တွေအနေနဲ့ စာပေအမျိုးအစားစုံစုံလင်လင်ဖတ်စေလိုတယ်။ မြန်မာလို၊ အင်္ဂလိပ်လို ဖတ်စေချင်တယ်။ ခေတ်စာပေနဲ့ ရှေးဟောင်းစာပေတွေကို ဖတ်နိုင်ရင် ဗဟုသုတမျိုးစုံရပြီး အတွေးအခေါ်နဲ့ စဉ်းစားချင့်ချိန်နိုင်မှု ပိုရစေတာပေါ့။ နိုင်ငံအတွက်နဲ့ မိမိဘဝအတွက်ပါ တန်ဖိုးရှိတဲ့သူအဖြစ် နေထိုင်သွားနိုင်ပါတယ်"ဟု ပြောကြားသည်။

ဆရာကြီးသည် ၁၉၂၉ ခုနှစ်တွင် အဖ ဦးပိုး၊ အမိ ဒေါ်ဂေါက်တို့မှ တောင်သာမြို့နယ် နွားတဲရွာတွင် မွေးဖွားခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မန္တလေးမြို့ လှသိပ္ပံအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ)၊ ၁၉၇၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာကြည့်တိုက်ပညာ ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် စာကြည့်တိုက်မှူး-၂ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူကာ တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၌ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်ကစကာ စာပေများရေးသားခဲ့ရာ ပညာရပ်ဆောင်းပါးနှင့် စာပေဆောင်းပါး ၃၅ ပုဒ်ခန့် ရေးသားခဲ့ပြီး ယခုအခါ အမှတ်၄၇၅၊ ဗဟိုလမ်း၊ ၃၅ ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

**ဆရာကြီး ဦးအုံ့မောင်(အုံ့မောင်)**

အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး ဦးအုံ့မောင်၏ရင်တွင်းစကားသံမှာ "၁၉၇၄ ခုနှစ်မှာ အမျိုးသားစာပေဆု(ဘာသာပြန်)ကို 'ရေသူမကလေးအန်းဒါးဆင်း' ပုံဝတ္ထုများနဲ့ ရရှိခဲ့တယ်။ နောက်ပြီး 'စိန်ပွင့်မြပွင့် ပတ္တမြားပွင့်' ကဗျာများ စာအုပ်နဲ့ တော်ဘုရားကလေး စာပေဆုကို ၂၀၀၉ ခုနှစ်မှာ ရရှိဖူးတယ်။ မြန်မာစာပေလောကအနေနဲ့ကတော့ စာပေ၊ ပေစာနဲ့ မိုဘိုင်းစာပေအားလုံးကို တတ်ကြပါစေလို့ ပြောလိုပါတယ်။ တိုင်းပြည်အတွင်းမှာ ဆုံးရှုံးနေတာကြာပြီဖြစ်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်ရရှိအောင် စာပေကနေ ကြိုးစားရေးသားတာတွေ လိုအပ်ပါတယ်။ ငြိမ်းချမ်းမှလည်း လူငယ်တွေ အရွယ်ရောက်လာတဲ့အခါ ပညာပြည့်ဝပြီး ထိုက်တန်တဲ့ အလုပ်ကိုယ်စီနဲ့ ကျန်းမာချမ်းသာတိုးတက်တဲ့ လူငယ်တွေ ဖြစ်လာမှာပါ"ဟူ၍ မြန်မာ့အလင်းနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဆရာကြီး ဦးအုံ့မောင်၏ ဇာတိမှာ မုံရွာမြို့အနီး လယ်ဇင်ရွာဖြစ်ပြီး ၁၉၃၂ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၅၇ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှင့် အင်္ဂလိပ်စာဌာနတို့တွင် နည်းပြ၊ မော်ကွန်းသတင်းမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်၊ ဆင်ဟွာသတင်းဌာနတွင် ဘာသာပြန်၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂတွင် နာယကနှင့် မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂတွင် နာယကတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။ ဂျာနယ်၊ ဆောင်းပါး၊ ကဗျာ၊ ဘာသာပြန်၊ ပုံဝတ္ထု၊ ဝတ္ထုနှင့် စာအုပ်များစွာရေးသားခဲ့ပြီး မကြာမီက သုဝဏ္ဏသာမဇာတ်ပေါင်းခန်း ကဗျာစာအုပ်ကို ရေးသားခဲ့သည်။ ယခုအခါ မုံရွာမြို့ အေးသာယာရပ်ကွက် ညောင်တစ်ပင်လမ်း ဈေးသစ်အနီးတွင် ဇနီး ဒေါ်ခင်အုန်းမြင့်၊ သား၊ မြေးများနှင့်အတူ နေထိုင်လျက်ရှိသည်။

**အမျိုးသားစာပေဆု (ဝတ္ထုရှည် )**
**ဆရာ ဦးမိုးကျော်ဇင် (မိုးကျော်ဇင်)**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ၁၉၈၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အဖ ဦးကျော်မြင့်၊ မိခင် ဒေါ်ခင်ဝိုင်းတို့မှ မွေးဖွားခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကညွတ်ကွင်း အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကာ ၂၀၀၈ ခုနှစ်မှစ၍ နိုင်ငံခြားသင်္ဘောသားအဖြစ် လုပ်ကိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ရွှေအမြုတေမဂ္ဂဇင်း၏ ရွှေအသစ်ကဏ္ဍတွင် 'နယ်နိမိတ်မရှိတဲ့နိုင်ငံ' ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၇-ခုနှစ်တွင် 'ရန်ကုန်မြစ်၏ တစ်နေရာ' မဂ္ဂဇင်းဝတ္ထုတိုများ၊ ၂၀၁၈ ခုနှစ်တွင် ' အခန်းနံပတ် ၆ ၊ 'အိုအင်း၀'အက်ဆေးအချို့နှင့် ဆောင်းပါးအနည်းငယ်၊ ၂၀၁၉ ခုနှစ်တွင် 'ငါးဖမ်းသမား' ဝတ္ထုတိုနှင့် 'ချက်ကော့ရဲ့ သေနတ်'ဝတ္ထုတို၊ ၂၀၂၀ ပြည့်နှစ်တွင်'လက်ဖက်ရည်ဆိုင်ထဲကအိမ်' လုံးချင်းဝတ္ထုတို စသည်တို့ကို ရေးသားထုတ်ဝေခဲ့သည်။

"စာပေကို ရေးသားတဲ့အခါမှာ ဘာကိုရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရေးသားခဲ့တာ မရှိပါဘူး။ တွေ့၊ မြင်၊ ခံစားရတဲ့အပေါ်မှာ ရေးသားခဲ့တာပါ။ အမျိုးသားစာပေဆုရမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ မမျှော်လင့်ဘဲ ဆုရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ အခုလို အပြင်ထွက်ပြီး လေကောင်းကောင်းရှူလို့ မရတဲ့ကာလမှာ ဆုရရှိတဲ့အတွက် မိသားစုနဲ့ ရေးဖော်ရေးဖက် မိတ်ဆွေတွေ ပီတိဖြစ် ဝမ်းသာနေကြပါတယ်။ အားလုံးဝမ်းမြောက်ခွင့်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ငါးဖမ်းသမားဝတ္ထုတိုကို ရေးရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ကမ္ဘာ့ပင်လယ်ပြင်မှာ ဘယ်လို အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်။ အသက်ရှင်ဖို့အတွက် ဘယ်လိုရုန်းကန်ရတယ်။ ဒီလိုခေတ်မှာ ဒီလို နေထိုင်နေရပါတယ်ဆိုတာ ကြုံတွေ့ရမှုကို ကမ္ဘာ့တစ်နေရာမှာ တကယ်ရှိနေပါတယ်ဆိုတဲ့ အကြောင်းကို သတင်းစကားပါးချင်တာပါ"ဟု ဆရာမိုးကျော်ဇင်က ဆိုသည်။

**အမျိုးသားစာပေဆု ( ဝတ္ထုတို)**
**ဆရာမ ဒေါ်ခင်ဖုဏ်းရည်**
**(နတ်မောက်အနီချို)**

ဆရာမကြီး၏ အမည်ရင်းမှာ ဒေါ်ခင်ဖုဏ်းရည် ဖြစ်ပြီး အဖ ဦးဘုန်းကျော် (နတ်မောက်ဘုန်းကျော်)၊ အမိဒေါ် အေးရီ(ညိုညက်)တို့က ၁၉၄၆ ခုနှစ်၌ နတ်မောက်မြို့တွင် မွေးဖွားသည်။ ၁၉၆၉ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့နှင့်၂၀၀၅ ခုနှစ်တွင် နိုင်ငံခြားဘာသာတက္ကသိုလ်မှ M.A(Eng:) ဘွဲ့ကို ရရှိခဲ့သည်။ တိုင်းအမျိုးသမီးပညာအုပ် (အိမ်တွင်းမှုသိပ္ပံ) အဖြစ် ၁၉၆၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်ထိ မကွေးတိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်း အထက်တန်းပြဆရာမအဖြစ် အ.ထ.က(၁) ရန်ကင်း၊အ. ထ.က.(၆)စစ်တွေနှင့် အ.ထ.က(၂) တာမွေတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစတင်၍ ကဗျာရေးသားခဲ့ပြီး တိုင်းရင်းမေဂျာနယ်၊ ငွေတာရီ၊ ရှုမဝ၊ စန္ဒာ၊ စစ်ပြန်၊ မဟေသီ၊ လုံမလေး၊ စံပယ်ဖြူ စသည့်မဂ္ဂဇင်းများ၌ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများ ရေးသားခဲ့သည်။ လုံမလေးမဂ္ဂဇင်းတွင် ဘာသာပြန်အခန်းဆက်ဝတ္ထုရှည်များ ရေးသားခဲ့ပြီး မိုးတိမ်တောင်များနှင့် အခြားဝတ္ထုတိုများ၊ ကဗျာအလှစာအလှ၊ ရတနာအနှစ်သမီးချစ်၊ တိမ်ဖြူတစ်ဆုပ် နွားတစ်အုပ်ကလေးပုံပြင်များ ရေးသားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လေးကျွန်းကြာခိုင်နှင့်၂၀၁၉ ခုနှစ်၌ လမ်းဆုံးတော့ရွာနှင့် မဂ္ဂဇင်းဝတ္ထုရှည်များကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အချစ်ခါးခါး အမုန်းချိုချိုစာအုပ်ကိုလည်းကောင်း ရေးသားခဲ့သည်။ ဘာသာပြန်အနေဖြင့် မေကံကောင်း၊ ကိုယ့်ကိုကိုယ်ကိုး တိုး၍သာဝင်၊ ဝါဆိုလပြည့် လက်ဖက်ရည်ဆိုင်၊ အမေ့ခံအတိတ်၊ အသက်ဆက် အားအင် စသည့်စာအုပ်များရေးသားခဲ့ပြီး ၂၀၁၄ ခုနှစ်၌ အမျိုးသားစာပေဆု(ဘာသာပြန်)ကို ကိုယ့်ကိုကိုယ်ကိုး တိုး၍သာဝင် စာအုပ်ဖြင့် ရရှိခဲ့သည်။ ယခုအခါ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၂)ရပ်ကွက်၌ နေထိုင်ကာ စာပေများ ရေးသားလျက်ရှိသည်။

"လမ်းဆုံးတော့ရွာ မဂ္ဂဇင်းဝတ္ထုရှည်ဟာ ဝတ္ထုတို ၁၃ ပုဒ်ထဲမှာ နောက်ဆုံးပုဒ်ပါ။ ၂၀၁၅ ခုနှစ်အကြို နတ်မောက် ဗိုလ်ချုပ်အောင်ဆန်း နှစ်တစ်ရာပြည့် မော်ကွန်းစာစောင်ထဲက ဝတ္ထုတို ထည့်ထားတာပါ။ ရန်ကုန်ကနေ ကျောက်ပန်းတောင်း ကြေးနီရထားကို စီးနင်းတဲ့ အမျိုးသမီးတစ်ဦးရဲ့ အမြင်ကို အခြေခံပြီး ရေးသားခဲ့တာပါ။စားနပ်ရိက္ခာပင် မပေးနိုင်တဲ့ လယ်ယာမြေတွေကို လက်တစ်ဆုပ်စာ ငွေကြေးနဲ့ လဲလိုက်တဲ့အခါ တိုင်းပြည်မှာ အခက်အခဲများစွာ ဖြစ်သွားနိုင်တယ်ဆိုတာ နိမိတ်ပုံပြပြီး ရေးထားတာပါ။ မြေယာတွေ ပျောက်ကွယ်သွားရင် လူတွေ အခက်အခဲကြုံရမယ်။ တောင်သူတွေ၊ တရားစီရင်ရေးနဲ့ ပညာရေးကဏ္ဍတွေကို ရေးဖွဲ့ထားပြီးတော့ သူရထားစီးရင်း အိပ်မက်မက်ခဲ့တာကို ပြန်သတိရတဲ့အခါ သူသွားနေတဲ့ ခရီးဟာ ဗိုလ်ချုပ်သွားခဲ့တဲ့ ခရီးဖြစ်တယ်ဆိုတာ သတိပြုမိလာတယ်။ ဘယ်ကိုသွားတဲ့ ရထားမှန်းမသိမယ့် လမ်းဆုံးရင် ရွာရောက်မှာပဲဆိုပြီး ရေးဖွဲ့ထားတာပါ။

"ဒီဝတ္ထုတို ရေးတဲ့အချိန်ဟာ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲ မစသေးပါဘူး။ လမ်းဆုံးတော့ရွာ ဝတ္ထုတိုကို မိုးကုတ်သဟာရစာပေဆုအဖြစ်၂၀၁၉ ခုနှစ်မှာ ရခဲ့ပါသေးတယ်။ စာပေဟာ အချိန်ကာလ ကြာညောင်းပေမယ့် ပြန်လည်ဖတ်ရှုခံစားလို့ရတာကြောင့် အချိန်ကာလ တိုက်စားမှုကို ခံနိုင်တဲ့ ရတနာတစ်ပါးအဖြစ် ပိုပြီးနားလည်ခံစားမိပါတယ်။ ဆုရရှိတဲ့အပေါ် ဝမ်းသာဂုဏ်ယူပါတယ်။ စာဖတ်ပရိသတ်က လက်ခံတန်ဖိုးထားတယ်ဆိုတာ သိရတဲ့အတွက် ပိုပြီးဝမ်းသာမိပါတယ်"ဟု ဆရာမကြီး နတ်မောက်အနီချိုက ပြောသည်။

**အမျိုးသားစာပေ( စာပဒေသာဆု)**
**ဆရာ ဦးတင့်ထွန်းနိုင် (ဥဩဏ်ဝေ-မြစ်သာမြေ)**

ဆရာ တင့်ထွန်းနိုင်သည် ၁၉၉၄ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းရွာတွင် အဖ ဦးအောင်ဖြိုး၊ အမိ ဒေါ်တင်တင်ဝင်းတို့မှ မွေးဖွားပြီး ၁၉၉၉ ခုနှစ်အထိ နတ်ချောင်း အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ၂၀၁၂ ခုနှစ်တွင် မုံရွာ ပညာရေးကောလိပ်သို့ တက်ရောက်ကာ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူး၍ B.Ed ဘွဲ့ (ပညာရေးဘွဲ့)ကိုရရှိသည်။ ပညာရေးကောလိပ် တက်ရောက်စဉ် မင်္ဂလာမောင်မယ်တွင် ကဗျာ၊ ဆောင်းပါးများ ရေးသားကာ ပညာရေးတက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းတွင်လည်း မောင်ငြိမ်းချမ်း (မြစ်သာမြေ)၊ တမာမြေမောင်တင်ထွန်း အမည်ဖြင့် ကဗျာရေးသားခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မောင်ငြိမ်းချမ်း(မြစ်သာမြေ) ကလောင်ဖြင့် ပညာတန်ဆောင် ဦးသန်းညွန့် ဝတ္ထုလတ်စာမူ ပထမဆုရရှိပြီး ၂၀၁၇ ခုနှစ်၌ အထူးဆု ဆက်လက်ရရှိခဲ့သည်။ 'နှင်းတောင်တန်းကပန်းဥယျာဉ်'စာမူဖြင့် ၂၀၁၉ ခုနှစ် အမျိုးသားစာပေ စာပဒေသာဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ နတ်ချောင်းအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

"ဒီစာအုပ်ဟာ ကျွန်တော်တစ်ဦးတစ်ယောက်တည်းအတွက် ရရှိတာမဟုတ်ပါဘူး။ နာဂတောင်တန်းနဲ့ ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသက ဘဝတူ ဆရာ၊ ဆရာမတွေအတွက် ရရှိတာလည်း ဖြစ်ပါတယ်။ အားလုံးကို ဂုဏ်ပြုတယ်လို့ ခံယူပါတယ်။ အဲ့ဒီဒေသကို မရောက်ဖူးသေးတဲ့ ဆရာ၊ ဆရာမတွေ လေ့လာသိရှိနိုင်ပြီး ထိုဒေသတွေရဲ့ လူမှုဘဝတွေကို တစ်စိတ်တစ်ဒေသ မြင့်တင်နိုင်မယ်လို့ ခံယူတယ်။ စာပေတွေ ဆက်ရေးဖို့ ခွန်အားလည်း ဖြစ်စေပါတယ်။ အမျိုးသားစာပေဆုရတဲ့အတွက် ဝမ်းသာပျော်ရွှင်မိတယ်။ မြန်မာပြည်မြောက်ပိုင်းက နာဂတိုင်းရင်းသားအကြောင်းတွေသိပြီး လူမှုစီးပွားဖွံ့ဖြိုးဖို့အတွက် အလှူရှင်တွေပေါ်ပေါက်ပြီး ခရီးသွားလုပ်ငန်းအနေနဲ့လည်း အကျိုးရှိစေချင်ပါတယ်။ အဲ့ဒီမှာ တာဝန်ထမ်းဆောင်ကြမယ့် ဝန်ထမ်းတွေအတွက် တစ်စိတ်တစ်ဒေသ ခွန်အားအဖြစ် ဒီစာအုပ်ကနေ ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပေးတဲ့ဆုဟာ ဘဝတူ ဆရာ၊ ဆရာမ အားလုံးဂုဏ်ပြုတယ်လို့ ခံယူပါတယ်"ဟု ဆရာတင့်ထွန်းနိုင်က ပြောသည်။

**တွေ့ဆုံမေးမြန်း-မောင်မောင်မြင့်ဆွေ၊**
**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# အိုလံပစ်အားကစားပွဲအတွက် ရောင်းချထားသည့် ပွဲကြည့်လက်မှတ်များ၏ ၁၈ ရာခိုင်နှုန်း ငွေပြန်အမ်းမည်

**တိုကျို ဒီဇင်ဘာ ၄**

ဂျပန်နိုင်ငံအတွင်း၌ ရောင်းချထားသည့် အိုလံပစ်အားကစားပွဲလက်မှတ်များ၏ ၁၈ ရာခိုင်နှုန်းကို ငွေပြန်အမ်းပေးမည်ဖြစ်ကြောင်း ၂၀၂၀ တိုကျို အိုလံပစ်အားကစားပွဲဖြစ်မြောက်ရေးကော်မတီက ဒီဇင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။

ဂျပန်ဈေးကွက်အတွက် ရောင်းချခဲ့သည့် ပွဲကြည့်လက်မှတ်စောင်ရေ ၄ ဒသမ ၄၅ သန်းအနက် စောင်ရေ ၈၁၀၀၀၀ ခန့်အတွက် ငွေပြန်အမ်းပေးရန် ၂၀၂၀ တိုကျို အိုလံပစ်အားကစားပွဲကော်မတီသို့ တောင်းဆိုမှုများကို နိုဝင်ဘာ ၁၁မှ နိုဝင်ဘာ ၃၀ ရက်အထိ လက်ခံရရှိခဲ့ကြောင်း ကျိုဒိုသတင်းအေဂျင်စီက ဖော်ပြသည်။

ပြန်အမ်းငွေထုတ်ပေးသည့် မူဝါဒအရ ပွဲစီစဉ်သူများအနေဖြင့် တရားဝင်ဝက်ဘ်ဆိုက်များမှ ဝယ်ယူခဲ့သည့် လက်မှတ်များအတွက်သာ ငွေပြန်အမ်းရန် လက်ခံမည်ဖြစ်ပြီး ဂျပန်နိုင်ငံပြင်ပမှ ဝယ်ယူသည့် လက်မှတ်များအတွက် ငွေပြန်အမ်းမည် မဟုတ်ကြောင်း သိရသည်။

တိုကျို အိုလံပစ်အားကစားပွဲလက်မှတ်များကို နိုင်ငံရပ်ခြားရှိ ပွဲကြည့်ပရိသတ်များသို့ လက်မှတ်စောင်ရေ တစ်သန်းကျော်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။ တိုကျို ၂၀၂၀ အားကစားပွဲဖြစ်မြောက်ရေးကော်မတီက ငွေပြန်အမ်းလိုက်သည့် လက်မှတ်များကို နောင်တွင် ပြန်လည်ရောင်းချရန် စဉ်းစားထားကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ပွဲစီစဉ်သူများအနေဖြင့် ဂျပန်နိုင်ငံအတွင်းမှ ပရိသတ်များနှင့် ပြည်ပမှ ပွဲကြည့်ပရိသတ်များ၏ အရေအတွက် ပွဲကြည့်ပရိသတ်အရေအတွက် မည်မျှအထိကို လာမည့်နှစ် တိုကျိုအိုလံပစ်အားကစားပွဲတွင် ကြည့်ရှုအားပေးခွင့်ပြုမည်ကို ဆုံးဖြတ်ရခြင်း မရှိသေးပေ။

၂၀၂၁ခုနှစ် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပရန် အစီအစဉ်ရေးဆွဲထားသည့် အိုလံပစ်အားကစားပွဲများကို ကြည့်ရှုအားပေးရန် ပွဲကြည့်ပရိသတ်အရေအတွက်ကို အသင့်အတင့်သာ ခွင့်ပြုပေးမည်ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**




# ရေနံထုတ်လုပ်မှု ပမာဏအနည်းငယ်တိုးမြှင့်ရန် ရေနံထုတ်လုပ်သည့် နိုင်ငံများ သဘောတူ

**ရီယာ့ဒ် ဒီဇင်ဘာ ၄**

ရေနံတင်ပို့သည့် နိုင်ငံများအဖွဲ့ (OPEC)နှင့် ရုရှားနိုင်ငံတို့က ရေနံထုတ်လုပ်မှုပမာဏကို အနည်းငယ်တိုးမြှင့်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် ရေနံထုတ်လုပ်မှု လျှော့ချရန် သဘောတူခဲ့မှုအပေါ် ယင်းနိုင်ငံများက ပြန်လည်ဖြေလျှော့လိုက်သည့် ဆုံးဖြတ်ချက်ဖြစ် သည်။




ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ အလားအလာကောင်းသည့် ဖွံ့ဖြိုးတိုးတက်မှုကြောင့် ရေနံဈေးနှုန်း ပြန်ကောင်းလာဖွယ် ရှိနေချိန်တွင် ရေနံတင်ပို့သည့် နိုင်ငံများက ထုတ်လုပ်မှုပမာဏ အနည်းငယ်တိုးမြှင့်ရန် သဘောတူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရေနံတင်ပို့ နိုင်ငံများအဖွဲ့ (OPEC) နှင့် အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများသည် ဒီဇင်ဘာ ၃ ရက်က ရေနံထုတ်လုပ်မှုဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် အွန်လိုင်း အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

အိုပီအီးစီနိုင်ငံများသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၅၀၀၀၀၀ ထပ် တိုးထုတ်လုပ်သွားခြင်းအားဖြင့် ယခင်သဘောတူထားသည့် ရေနံထုတ်လုပ်မှု လျှော့ချထားသည့် ပမာဏကို ဖြေလျှော့မှုလုပ်ဆောင်မည်ဖြစ်ပြီး လာမည့်လမှစတင်ကာ ယင်းအစီအစဉ်ကို စတင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မေလအတွင်း ရေနံထုတ်လုပ်မှုပမာဏကို တစ်ကမ္ဘာလုံးဆိုင်ရာ လိုအပ်ချက်ပမာဏ၏ ရှစ်ရာခိုင်နှုန်း သို့မဟုတ် ရေနံစည်ပေါင်း ၇ဒသမ ၇ သန်းအထိသာ ထုတ်လုပ်သွားရန် ရေနံတင်ပို့သည့် နိုင်ငံများက သဘောတူခဲ့ကြသည်။

ကိုဗစ်-၁၉ ကြောင့် ကျဆင်းသွားသည့် ရေနံဈေးကို ပြန်လည်ကောင်းမွန်လာစေရန် ရည်ရွယ်လျက် ထိုသို့ သဘောတူခဲ့ကြခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုအတွက် မတတ်နိုင်သော ဩစတြေးလျနိုင်ငံသား သန်းနှင့်ချီ၍ရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၄**

ဩစတြေးလျအစိုးရက ကျန်းမာရေး စောင့်ရှောက်မှုအတွက် ထောက်ပံ့ကြေးများပေးသော်လည်း ၂၀၂၀ ပြည့် နှစ်တွင် ဆေးဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု မတတ်နိုင်သော ပြည်သူများသန်းနှင့်ချီ ၍ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဆေးကုသမှုစရိတ်စကကြီးမြင့်သည့်အတွက် ဩစတြေးလျနိုင်ငံသား ၉၀၇၀၀၀ မှာ ဆေးဘက်ဆိုင်ရာညွှန်ကြားချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိကြောင်း ဩစတြေးလျ စာရင်းအင်းအချက်အလက်ဗျူရိုက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

အထွေထွေရောဂါကု ဆရာဝန်ထံ သွားရောက် ကုသမှုမခံယူနိုင်သော လူပေါင်း ၆၃၀၀၀၀ ရှိပြီး အထူးကုများထံ သွားရောက်ကုသခြင်းမှ ရှောင်ရှားသူ ၆၂၆၀၀၀ ရှိသည်ဟု သိရသည်။

နောက်ထပ်လူပေါင်း ၂ ဒသမ ၂ သန်းမှာမူ ကုန်ကျစရိတ်မတတ်နိုင်သည့်အတွက် သွားဆရာဝန်ထံ မသွားနိုင်ဟု သိရသည်။ သွားဆေးခန်းသို့သွားသည့် ကုန်ကျစရိတ်သည် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုတွင် မပါဝင်သည့်အတွက် လူနာများမှာ ဒေါ်လာ ရာနှင့်ချီ ၍ ကုန်ကျခံရသည်။

ဩစတြေးလျ ကျန်းမာရေးဖိုရမ် ၏အစီရင်ခံစာအရ ဩစတြေးလျနိုင်ငံရှိ ကင်ဆာလူနာ ထက်ဝက်ခန့်မှာ ဆရာဝန်ထံ အကြိမ်ကြိမ်သွားရခြင်းနှင့် ဆေးကုသစရိတ်များကြောင့် ဩစတြေးလျဒေါ်လာ ၅၀၀၀ ကျော် ထပ်မံကျသင့်ကြောင်း သိရသည်။

ယခု အစိုးရလက်ထက် ကလောက် ဩစတြေးလျနိုင်ငံ၏ ဆေးကုသစရိတ်မှာ ကြီးမြင့်မှုမျိုးနှင့် မကြုံဖူးသေးကြောင်း အတိုက်အခံ လေဘာပါတီမှ ကျန်းမာရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ခရစ်ဘိုဝင်က ပြောသည်။

**ဆင်ဟွာ**

# ဗြိတိန်၌ ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ၆၈ ရာခိုင်နှုန်း လျှော့ချမည်




**လန်ဒန် ဒီဇင်ဘာ ၄**

ဗြိတိန်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ကို ၆၈ ရာခိုင်နှုန်းထိ လျှော့ချမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် က ကြေညာခဲ့သည်။

**အလေးအနက်ထား ပြောကြား**

ယခင်က ဖန်လုံအိမ်ဓာတ်ငွေ့ကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဟု ရည်မှန်းချက်ထားရာမှ ယခုအခါ ၆၈ ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဟု တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကို ဖြေရှင်း ရန် အပြည်ပြည်ဆိုင်ရာမှ ကြိုးပမ်းလျက်ရှိရာတွင် ဗြိတိန်နိုင်ငံသည် ဦးဆောင်သော ကဏ္ဍမှပါဝင်ရန် ရည်ရွယ်ထားကြောင်း ဘောရစ်ဂျွန်ဆင်က အလေးအနက်ထား ပြောကြားခဲ့သည်။

**ရည်ရွယ်ထား**

လာမည့်နှစ်တွင် ကျင်းပမည့် ကုလသမဂ္ဂ ရာသီဥတု ညီလာခံကို ဗြိတိန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပပေးရန် ရည်ရွယ်ထားသည်။

ဗြိတိန်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်သို့ ရောက်သည့်အခါတွင် ဖန်လုံအိမ်ဓာတ်ငွေ့ကို သုညရာခိုင်နှုန်းအထိ လျှော့ချသွားရန် ကတိပြုထားသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဓာတ်ငွေ့နှင့် ဒီဇယ်ကားအရောင်းများကို ပိတ်ပင်သွားမည်ဟု လွန်ခဲ့သည့်လအတွင်းက ကတိပြုပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် ဒီဇင်ဘာ ၁၂ရက်တွင် ပြုလုပ်မည့် ပါရီသဘောတူညီမှု ငါးကြိမ်မြောက် နှစ်ပတ်လည်နေ့အတွက် အွန်လိုင်းမှ ကျင်းပမည့်ညီလာခံတွင်လည်း ပူးတွဲအိမ်ရှင်အဖြစ် ပြုလုပ်ပေးမည်ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုကို ဖြေရှင်းရန်အတွက် နောက်ထပ် ကြိုးပမ်းမှုများ ပြုလုပ်ရန်လည်း အစီအစဉ်ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှု တစ်သန်းကျော်လာချိန်တွင် တူရကီတွင်လည်း ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၃၂၃၈၁ ဦးရှိ

**ကိုင်ရို ဒီဇင်ဘာ ၄**

အရှေ့အလယ်ပိုင်းဒေသ၏ ကိုဗစ်-၁၉ ကူးစက်မှု အဆိုးဆုံးဒဏ်ကို ခံစားနေရသော အီရန်နိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း တစ်သန်း ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ တစ်ချိန်တည်းတွင် တူရကီ နိုင်ငံ၌လည်း ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ရောဂါလက္ခဏာ ပြသူ ၆၅၁၁ ဦးအပါအဝင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွား သူပေါင်း ၃၂၃၈၁ ဦး ရှိလာကြောင်း သိရသည်။

အနောက်အာရှ၏ လူဦးရေထူထပ်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ခက်ခဲကြမ်းတမ်းမှုများ ကြုံတွေ့နေရုံ သာမက အမေရိကန်ပြည်ထောင်စု၏ ကန့်သတ်ပိတ်ဆို့မှု များနှင့် ရင်ဆိုင်နေရသည်။

အမေရိကန်ပြည်ထောင်စုသည် တခြားနိုင်ငံများရှိ မိမိတို့ငွေကြေးများကို ကာကွယ်ဆေးထုတ်လုပ်ရာ၌ အသုံးမပြုနိုင်အောင် ပိတ်ဆို့အရေးယူထားကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က မြေထဲ ပင်လယ်ဆွေးနွေးပွဲ (၂၀၂၀)၏ အွန်လိုင်းအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ပေးချေမှုဆိုင်ရာလမ်းကြောင်းများနှင့် နိုင်ငံခြားရှိ ကိုယ်ပိုင်ဘဏ္ဍာ ငွေအရင်းအမြစ်များကို အသုံးမချနိုင်ခြင်း က လူဦးရေ ၈၂ သန်းရှိသော အီရန်နိုင်ငံအနေဖြင့် အသက်ရှူ အထောက်အကူပြုကိရိယာနှင့် ကိုဗစ်-၁၉ စစ်ဆေးရေး ကိရိယာတို့ကဲ့သို့သော အရေးပေါ် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအပါအဝင် မည်သည့်ကုန်ပစ္စည်းမဆို တင်သွင်းရာတွင် အခက်အခဲဖြစ်စေကြောင်း သိရ သည်။



အီရန်နိုင်ငံ တုန်ကာဘွန်မြို့ရှိ မြစ်ဘေးတစ်ခုတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူတစ်ဦးကို တွေ့ရစဉ်။

တူရကီနိုင်ငံသည် နောက်ထပ် အရှေ့အလယ်ပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှု စိုးရိမ်ဖွယ် တိုးလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဒီဇင်ဘာ ၃ ရက်က နိုင်ငံအတွင်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက် သူ ၃၂၃၈၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ၅၂၀၁၆၇ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်လိုက်သည်။

တူရကီနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၈၇ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၄၃၁၆ ဦးရှိလာခဲ့ သည်။ ထို့အပြင် ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ကူးစက်မှု မှ ပြန်လည်ကောင်းမွန်လာသူ ၄၁၉၀ နှင့်အတူ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွားသူ ၄၁၈၃၃၁ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း အဆုတ်အအေးမိအဆင့် ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်ပေါင်း ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာဖြစ်ပွားနေသူပေါင်း ၅၆၁၁ ဦး ရှိသည်။

အီရတ်နိုင်ငံတွင်လည်း ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၀၃၉ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူပေါင်း ၅၅၈၇၆၇ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန် ဖော်ပြလိုက်သည်။

ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦး ရှိလာကာ စုစုပေါင်း သေဆုံးသူ ၁၂၃၆၁ ဦး ရှိလာပြီး ပြန်လည်ကောင်းမွန်လာသူ ၁၅၅၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ဆေးရုံမှ ဆင်းလာသူ ၄၈၇၈၆၃ ဦး ရှိလာကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်၌ ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အမြင့်ဆုံးနေ့အဖြစ် စံချိန်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်ပြည်ထောင်စု၌ ဒီဇင်ဘာ ၂ ရက်နေ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၈၀၀ ကျော် ထပ်မံသေဆုံးခဲ့သည့် အမြင့်ဆုံးနေ့ တစ်နေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်၏ စာရင်း အချက်အလက်များတွင် ဒီဇင်ဘာ ၂ ရက်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ လူနာ ၂၈၀၄ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် တခြားပုဂ္ဂလိကသုတေသန အုပ်စုတစ်စုကလည်း ကိုဗစ်-၁၉ လူနာပေါင်း ၁၀၀၀၀၀ ကျော် ဆေးရုံတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဒီဇင်ဘာ ၃ ရက်က အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်သူ ၁၄ သန်း ကျော်လွန် လာခဲ့သည်။ အမေရိကန်ပြည်ထောင်စု တစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တိုးလာခြင်းက ပြည်သူများကို ညဘက်အပြင်မထွက်ရန် တိုက်တွန်း လိုက်သလိုဖြစ်ခဲ့ပြီး စားသောက်ဆိုင် များအပေါ် ကန့်သတ်ချက်များ ချမှတ်ရန် ဖြစ်စေခဲ့သည်။

ဒေသခံများသည် ကိုဗစ်-၁၉ ဆိုင်ရာ တားဆီးကန့်သတ်အရေးယူ မှုများကြောင့် စိတ်ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာသည်။ ဆန္ဒဖော်ထုတ်သူ များသည် နယူးယောက်စီးတီးရှိ စတာ တန်ကျွန်း၌ ဒီဇင်ဘာ ၂ ရက်တွင် ပူးတွဲ ဘားပိုင်ရှင်တစ်ဦးကို ဖမ်းဆီးမှုနှင့် ပတ်သက်ပြီး ဆန္ဒဖော်ထုတ်ရန် စုဝေး ခဲ့ကြသည်။ ပူးတွဲဘားပိုင်ရှင်သည် မြို့တော်၏ ကိုဗစ်-၁၉ ကန့်သတ်ချက် များကို ဆန့်ကျင်ပြီး အစားအသောက် များ ရောင်းချသောကြောင့် ထိုသို့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

တက္ကဆက်ပြည်နယ် အော်စတင် မြို့တော်ဝန်က ပြည်သူများကို နေအိမ် များ၌သာ နေထိုင်ရန် တိုက်တွန်း ပြောကြားထားချိန်တွင် မက္ကဆီကိုသို့ အလည်အပတ်ခရီးသွားလာခြင်းမပြု လုပ်ရန် မေတ္တာရပ်ခံထားသည်။ ၎င်းသည် ပြည်သူများ၏ပြင်းထန်သော ဝေဖန်မှုများကို ခံနေရသည်။

မိသားစုဝင်မဟုတ်ဘဲ တခြားသူ များနှင့် အချိန်ကုန်ဆုံးသူများသည် ဧပြီလမှစပြီး တဖြည်းဖြည်းများလာ





အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် ဘရွတ်ကလင်းရှိ ကင်းစ်ဆေးရုံ၏ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ရာနေရာတစ်ခုကို အမျိုးသမီးတစ်ဦးက လမ်းညွှန်ပေးနေစဉ်။

ကြောင်း တချို့ အမေရိကန်တက္ကသိုလ် စစ်တမ်းများတွင် ဖော်ပြထားသလို အဆိုပါစစ်တမ်းတွင် ပါဝင်သူတစ်ဦး က ပြည်သူများသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို လိုက်နာ ဆောင်ရွက်မှုတွင် တဖြည်းဖြည်း ပင်ပန်းငြီးငွေ့လာကြောင်းနှင့် ယင်း သည်ပင် ကိုဗစ်-၁၉ ကူးစက်မှု များ၏ နောက်ကွယ်အကြောင်းရင်း များထဲမှ တစ်ချက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၅၀၀၀ အထိ ရောက်ရှိလာ

**ဆော်ပိုလို ဒီဇင်ဘာ ၄**

ဘရာဇီးနိုင်ငံတွင် ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၇၅၅ ဦး ရှိလာ ကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း သေဆုံးသူ ၁၇၅၂၇၀ ရှိလာပြီ ဖြစ်သည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ သတင်း ထုတ်ပြန်ဖော်ပြချက်အရ နိုင်ငံအတွင်း၌ လွန်ခဲ့သော ၇ ရက်အတွင်း နေ့စဉ်သေဆုံးသူ ပျမ်းမျှအားဖြင့် ၅၄၄ ဦးရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်က ကိုဗစ်-၁၉ စစ်ဆေးမှုတွင် ၅၀၄၃၄ ဦး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့မှုနှင့်အတူ ဖေဖော်ဝါရီလမှစကာ ယခုချိန်အထိ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ပိုး တွေ့ရှိသူပေါင်း ၆၄၈၇၀၈၄ ဦး ရှိလာခဲ့သည်။



ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

ယခုအခါ ဘရာဇီးနိုင်ငံသည် အမေရိကန် ပြည်ထောင်စုပြီးနောက် ကိုဗစ်-၁၉ သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယအမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်မှုတွင်လည်း အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့ တတိယအမြင့်ဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ဘရာဇီးနိုင်ငံ၏ စီးပွားရေးသည် ဒုတိယသုံးလ ပတ်ကာလနှင့် နှိုင်းယှဉ်လိုက်လျှင် ယခု တတိယ သုံးလပတ်ကာလတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း ပြန်လည်တိုးတက်လာခဲ့ကြောင်း ဘရာဇီးနိုင်ငံ ပထဝီဝင်နှင့် စာရင်းအင်းဆိုင်ရာ စင်တာက အစောပိုင်းက ပြောကြားလိုက်သည်။

စီးပွားရေးပြန်လည်တိုးတက်လာမှုတွင် အဓိက အားဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ချို့တဲ့ဆင်းရဲသူ များအား အစိုးရက အကူအညီပေးသောကြောင့် ဖြစ်သည်။ သို့သော်လည်း လိုငွေပြမှု မြင့်တက်လာ ခြင်းက ၂၀၂၀ ပြည့်နှစ် အကုန်တွင် ၄ ဒသမ ၅ ရာခိုင် နှုန်း လျော့နည်းလာမည့် ဘရာဇီးနိုင်ငံ၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုးကို ကာကွယ်မပေး နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၅ သန်း ကျော်လွန်ရောက်ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်ကဖော်ပြ

**နယူးယောက် ဒီဇင်ဘာ ၄**

ကမ္ဘာ့ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သေဆုံးသူပေါင်းသည် ယခုအခါတွင် ၁ ဒသမ ၅ သန်း ကျော်လွန်ရောက်ရှိလာသည်။ ထို့အတူ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်လူနာပေါင်း ၆၅ သန်း ကျော်လွန်လာကြောင်း ဂျွန်ဟော့ ကင်းတက္ကသိုလ်၏ ကိုဗစ်-၁၉ အရင်းအမြစ်ဌာနက ထုတ်ပြန်ကြေညာ လိုက်သည်။

ဒီဇင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၁၀ နာရီ ၂၆ မိနစ်အထိ ဂျွန်ဟော့ ကင်းတက္ကသိုလ်၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူစာရင်းဖော်ပြမှုတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၅၁၆၉၉၀၄ ဦး ရှိကြောင်း သိရပြီး သေဆုံးစာရင်း ဖော်ပြမှုတွင် သေဆုံးသူပေါင်း ၁၅၀၅၅၂၇ ဦး ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု ဘရာဇီး၊ အိန္ဒိယနှင့် မက္ကဆီကိုနိုင်ငံတို့ကို ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ တစ်သိန်းကျော် လွန်လာသောနိုင်ငံများအဖြစ် မှတ်တမ်းတင်ဖော်ပြထားသည်။

ဆင်ဟွာ

❖ *ကျောဖုံးမှ*

အစည်းအဝေးတွင် တက်ရောက်လာကြသူများက NCA ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ NCA ရေးထိုးထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆဲ ကိစ္စရပ်များဖြစ်သည့် (၈)ကြိမ်မြောက် JICM အစည်းအဝေးနှင့် (၉)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များနှင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များအား လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရေး၊ ၂၀၂၀ အလွန်အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၂)နှင့် လမ်းညွှန်အခြေခံမူ သဘောတူညီချက်များအား ဆက်လက်ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြင်ဆင်ရေးကိစ္စ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

**မျိုးမင်းနိုင်၊ ဓာတ်ပုံ-ကိုလေး**

## မဘိမ်းမြို့နယ် ငါးအိုးတိုက်နယ်ဆေးရုံတွင် သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာမွေးဖွား

**မဘိမ်း ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် ငါးအိုးတိုက်နယ် ဆေးရုံတွင် ယမန်နေ့ည ၆ နာရီ ၄၅ မိနစ်က သုံးမြွှာပူးကလေးငယ်များ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း ငါးအိုးတိုက်နယ်ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာဝင်းမင်းဦးထံမှ သိရသည်။

အဆိုပါ သုံးမြွှာပူးကလေးမိခင်မှာ မဘိမ်းမြို့နယ် ငါးအိုးကျေးရွာအုပ်စု ကောင်းကင်သာကျေး ရွာမှ အသက် (၃၀ )အရွယ် မခင်စန်းနွယ်ဖြစ်ပြီး ၎င်းကို ငါးအိုးတိုက်နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဝင်းမင်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့ည ၆ နာရီ ၄၅ မိနစ်တွင် ပထမကလေးငယ်ကိုလည်းကောင်း၊ ည ၆ နာရီ မိနစ် ၅၀ တွင် ဒုတိယကလေးငယ်ကိုလည်းကောင်း၊ ည ၇ နာရီ ၆ မိနစ်တွင် တတိယကလေးငယ်ကိုလည်းကောင်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရပြီး ကလေးငယ်သုံးဦးမှာ ယောကျ်ားလေးနှစ်ဦးနှင့် မိန်းကလေးတစ်ဦးဖြစ်ကြောင်းနှင့် ကလေးများပေါင်ချိန်ပြည့်မီပြီး မိခင်ပါ ကျန်းမာလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း Virtual အစီအစဉ်ဖြင့် ကျင်းပသည့် Sixth Tokyo Fiscal Forum သို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် Virtual အစီအစဉ်ဖြင့် ကျင်းပသည့် Sixth Tokyo Fiscal Forum သို့ နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**




ဖိုရမ်တွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Kenji Okamura နှင့် အာရှဖွံ့ဖြိုးရေးဘဏ်သိပ္ပံ၏ Dean ဖြစ်သူ Mr. Tetsushi Sonobe တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

ဖိုရမ်တွင် IMF အပါအဝင် နိုင်ငံတကာမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပညာရှင်များက ဆွေးနွေးကြရာ၌ ကိုဗစ်-၁၉ သည်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများသို့ များစွာ ထိခိုက်နေဆဲဖြစ်၍ လတ်တလောတွင် အရေးပေါ်ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနိုင်ရေးသာမက ကိုဗစ်အလွန်ကာလတွင် စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် ဆောင်ရွက်မည့် ဘဏ္ဍာရေးမူဝါဒနှင့် နည်းလမ်းများ၊ ကြွေးမြီခံနိုင်ရည်ရှိမှုဆိုင်ရာ နည်းလမ်းများနှင့် အစီအစဉ်များ၊ ကိုဗစ်-၁၉ ထိခိုက်မှုအများဆုံးခံရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ အတိုးနှုန်း သက်သာသောချေးငွေနှင့် ထောက်ပံ့ငွေများ ပံ့ပိုးပေးနေသည့် အခြေအနေများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျန်းမာရေးဆိုင်ရာအသုံးစရိတ်များ တိုးမြှင့်သုံးစွဲနေရမှုကို ပံ့ပိုးကူညီပေးနိုင်ရေးအတွက် G20 နိုင်ငံများက ၎င်းတို့၏ကြွေးမြီများ ပြန်လည်ပေးဆပ်မှု ကာလကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ နောက်ထပ် ခြောက်လတိုးမြှင့်ပေးခဲ့မှုအခြေအနေများ၊ ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း အသုံးစရိတ်များ တိုးမြှင့်သုံးစွဲရသဖြင့် ကြုံတွေ့ရသည့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိမှုများနှင့် ယင်းအပေါ် ကုစားနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဖိုရမ်၏ အဓိကအနှစ်သာရမှာ ကိုဗစ်-၁၉ ကို တုံ့ပြန်ဆောင်ရွက်ရမှုကြောင့် အစိုးရ၏ ရငွေများ ကျဆင်းခြင်းနှင့် အသုံးစရိတ်များတိုးမြင့်လာခြင်း၊ လိုငွေပြမှု ပိုမိုလာခြင်း၊ GDP တိုးနှုန်းကျဆင်းခြင်း၊ ကြွေးမြီပိုမိုတိုးတက်မြင့်မားလာခြင်း fiscal risk များကို မည်သို့စီမံခန့်ခွဲသင့်သည်များ ဆွေးနွေးနိုင်ခြင်းဖြစ်သည်။

ဖိုရမ်သို့ IMF ၊ ဂျပန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဖိတ်ကြားထားသောနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ရွှေစင်စကြာကားဂိတ်မှ ယာဉ်မောင်းနှင့် ဝန်ထမ်းခြောက်ဦးတို့တွင် ကိုဗစ်ရောဂါပိုးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော် မြို့မဈေးအရှေ့ဘက်ခြမ်းကားဝင်းနှင့် ပျဉ်းမနားမြို့နယ် ဘောဂသီရိ ယာဉ်ရပ်နားစခန်းရှိ ရွှေစင်စကြာကားဂိတ်မှ ယာဉ်မောင်းနှင့် ဝန်ထမ်းခြောက်ဦးတို့ ကိုဗစ်ရောဂါတွေ့ရှိရကြောင်း နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက အတည်ပြုပြောကြားသည်။

" ရွှေစင်စကြာကားဂိတ် ယာဉ်မောင်းကနေ ကိုဗစ်ရောဂါစတင်တွေ့တာ အခုဆိုရင် ယာဉ်မောင်းအပါအဝင် ခုနစ်ဦးရှိပါပြီ။ သူတို့နဲ့ ဆက်စပ်တဲ့သူတွေကို Quarantine ဝင်ခိုင်းထားတာ လူဦးရေ ၂၀ လောက်ရှိပါတယ်။ သူတို့ကိုလည်း ရောဂါပိုးရှိ မရှိ စစ်ဆေးပြီး နှစ်ပတ်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ သပြေကုန်းနားက ရွှေစင်စကြာ ကားဂိတ်ကတော့ ပိတ်ထားတာကြာပြီလို့ သိရပါတယ်။ Positive ဖြစ်တာ မြို့မဈေးဂိတ်ကလည်း ဖြစ်တယ်။ ဘောဂသီရိကားဂိတ်ကလည်း Positive ဖြစ်တဲ့အတွက် အဲဒီဂိတ်နှစ်ခုလုံး ကိုပိတ်ထားပါ တယ်။ ပထမဆုံး Positive တွေ့တဲ့လူနာကတော့ နေပြည်တော်မှာ အခြေပြုပြီး မြို့မဈေးကားဝင်းနဲ့ ဘောဂသီရိကားဝင်းကနေ အမြန်လမ်းထိပ်ကို ကုန်သယ်တဲ့ ယာဉ်မောင်းဖြစ်ပါတယ်။ သူကခရီးဝေးသွားတာမဟုတ်ဘဲ ခေါက်တိုမောင်းတဲ့ယာဉ်မောင်း ဖြစ်ပါတယ်။ လက်ရှိမှာ မြို့မဈေးကားဝင်းကို ခဏအသွားအလာ ကန့်သတ်ထားပါတယ်။ ဒါ့အပြင် ဘောဂသီရိကားဝင်းက ရွှေစင်စကြာဂိတ်ရှိတဲ့ ရှစ်ခန်းတွဲနှစ်ဘလောက်လုံးကို အသွားအလာကန့်သတ်ထားပါတယ်။ နောက်ပြီး ဘောဂသီရိဝင်းထဲမှာရှိတဲ့ စားသောက်ဆိုင်တွေအားလုံးကို ဆိုင်ထိုင်ရောင်းချခြင်း ရပ်ထားပါတယ်။ ကျန်းမာရေးနဲ့ စည်ပင်ကဝန်ထမ်းတွေတာဝန်ချပြီး ကားဝပ်ရှော့ပဲလာလာ၊ ပစ္စည်းဆိုင်ပဲလာလာ ဝင်မယ်ထွက်မယ်ဆိုရင် နှာခေါင်းစည်းတပ်ပြီးမှ ဝင်ဖို့၊ လက်ဆေးဖို့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာ မြတ်ဝဏ္ဏစိုးက ပြောသည်။

ထို့အပြင်၎င်းက"ပိုးတွေ့လူနာခုနစ်ဦးက ရောဂါရှိလို့လာပြပြီး ပိုးတွေ့တာမဟုတ်ဘူး။ ပုံမှန်နေရင်းနဲ့ စစ်ဆေးလို့တွေ့တာဆိုတော့ ရောဂါလက္ခဏာ အထွေအထူးမရှိပါဘူး။ သူတို့နဲ့ ဆက်စပ်သူတွေကို ပုဗ္ဗသီရိ ခုတင် ၅၀ ဆေးရုံမှာထားပါတယ်။ ဒီဖြစ်စဉ်ဟာ သတိထားရမယ်ဆိုတာကို ပြပါတယ်။ နေပြည်တော်မှာ ရောဂါကူးစက်မှုကတော့ နည်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ပတ်ပတ်လည် တခြားဒေသတွေမှာ ရောဂါကူးစက်မှု မြင့်တက်နေတဲ့အတွက် တစ်နိုင်ငံလုံးအနေနဲ့ မြင့်တက်နေတယ်။ မြင့်တက်နေတော့ အဲဒီရောဂါပိုးကူးစက်မှုက ကျွန်တော်တို့ဆီကို အချိန်မရွေးရောက်လာနိုင်တယ်။ တစ်ဦးချင်း သတိထားရမယ်။ တစ်ဦးချင်းကာကွယ်မှုရပါမယ်။ ဒါကြောင့် တစ်ဦးချင်းတစ်ယောက်ချင်းစီ ပါးစပ်နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခြောက်ပေအကွာမှာနေပါ၊ တတ်နိုင်သလောက် လူစုလူဝေးရှောင်ရင် ဒီရောဂါကိုကာကွယ်ပြီးသားဖြစ်မှာပါ။ ပြည်သူတွေအားလုံး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကိုလိုက်နာကြဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်" ဟု ဆက်လက်ပြောသည်။

ကိုဗစ်ရောဂါပိုးတွေ့ရှိသူ ခုနစ်ဦးအနက် စတင်တွေ့ရှိသည့် ယာဉ်မောင်းမှာ ဒီဇင်ဘာ ၂ ရက်တွင်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်၍ရောဂါ ထပ်မံစစ်ဆေးတွေ့ရှိသူ ခြောက်ဦးအား ယနေ့နံနက်ပိုင်းတွင်လည်းကောင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၃၀၀ တွင် ကုသပေးလျက်ရှိပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ရွှေစင်စကြာယာဉ်လိုင်းက အခုကိုဗစ်ရောဂါတွေ့တဲ့ ယာဉ်မောင်းဟာ အမြန်လမ်းထိပ်ကနေ ပစ္စည်းတွေသယ်ပြီး နေပြည်တော် မြို့မဈေးကားဂိတ်နဲ့ ဘောဂသီရိကားဂိတ်ကို ပစ္စည်းတွေ အသယ်အပို့လုပ်နေတဲ့ ယာဉ်မောင်းဖြစ်တယ်။ ဒါကြောင့်သူနဲ့ ပတ်သက်ဆက်နွှယ်ခဲ့တဲ့သူ လေးဦးကို Quarantine ဝင်ခိုင်းပြီး ရောဂါပိုးစစ်လိုက်တော့ သုံးဦးမှာ ရောဂါတွေ့ ရှိတယ်။ ကျန်တစ်ယောက်ကတော့ အဖြေစောင့်တုန်းပဲရှိ သေးတယ်။ ရောဂါတွေ့တဲ့ သုံးဦးကို ဆေးရုံကိုပို့ပြီး ဆေးကုသမှုခံယူနေပါပြီ။ အဲဒီလူတွေနဲ့ ဆက်စပ်တဲ့ နောက်ထပ် ၁၂ ဦးက Quarantine ဝင်နေပါပြီ။ ဒီနေ့မှာဆိုရင် မြို့မဈေးအရှေ့ဘက်ခြမ်းကားဂိတ်ကို နံနက် ၁၀ နာရီကတည်းက အသွားအလာကန့်သတ်လိုက်ပါတယ်။ ကားဂိတ် တစ်ဝင်းလုံးကို မနက်ကတည်းက ဆေးဖျန်းတာတွေ လုပ်ထားပါတယ်။ အခု အသွားအလာကန့်သတ်ချထားတဲ့ ကားဝင်းထဲမှာရှိတဲ့ ကားဂိတ်တွေက ကုန်ပစ္စည်းတွေကို မြို့မဈေးဂိတ်မှာ မဟုတ်ဘဲ အခြားဂိတ်တွေမှာရွှေ့နိုင်အောင် ကားဂိတ်တွေက ဆောင်ရွက်ထားကြောင်းသိရပါတယ်" ဟု မြို့မဈေး အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက ပြောသည်။

လက်ရှိတွင် အသွားအလာကန့်သတ်ထားသည့် မြို့မဈေးအရှေ့ဘက်ခြမ်းကားဝင်းအတွင်း၌ ကားဂိတ် ၂၈ ဂိတ်၊ ဈေးဆိုင် ၁၃ ဆိုင်ရှိကာ အဆိုပါ ကားဝင်းအတွင်း၌ အလုပ်လုပ်ကိုင်နေသူ ၇၀ ကျော်ရှိပြီး ယင်းကားဝင်းသို့ လက်တလော၌ အဝင်/ အထွက်မရှိစေရန် မြို့မဈေးမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေကြောင်း သိရသည်။

"ဘောဂသီရိကားဝင်းက ရွှေစင်စကြာကားဂိတ်မှာ ကန့်သတ်စောင့်ကြည့်မှုခံယူနေတဲ့သူတွေ ရောဂါစစ်ကြည့်တော့ ပိုးတွေ့ရှိတယ်လို့ သိရတယ်။ သိသိချင်းစည်ပင်၊ မထသနဲ့ ဂိတ်က တာဝန်ရှိသူတွေက မနက်ပိုင်းမှာ အစည်းအဝေးလုပ်ပါတယ်။ ရွှေစင်စကြာဂိတ်အနေနဲ့ ကားဝင်းထဲမှာ အခန်းနှစ်ခန်းရှိတယ်။ ဒါကြောင့် မြို့နယ်ကျန်းမာရေးဌာနက အဲဒီနှစ်ခန်းရှိတဲ့ နှစ်ဘလောက်လုံးကို အခုလက်ရှိမှာ အသွားလာကန့်သတ်မှုချထားလိုက်ပြီ ဖြစ်ပါတယ်။ တစ်ဘလောက်ဆိုရင် ရှစ်ခန်းရှိပါတယ်။ နှစ်ဘလောက်ဆိုတော့ အခန်း ၁၆ ခန်းရှိပါတယ်။ အဲဒီ ၁၆ ခန်းစလုံးကို အဝင်အထွက်မရှိအောင် ကန့်သတ်နယ်မြေဆိုပြီး အသွားအလာကန့်သတ်မှုချထားပါတယ်။ အဲဒီအသွားအလာကန့်သတ်မှုချထားတဲ့ အဝန်းအဝိုင်းထဲမှာ အလုပ်လုပ်ကိုင်နေတဲ့သူစုစုပေါင်း ၄၀ ပတ်ဝန်းကျင်လောက် ရှိတယ်။ လက်ရှိမှာလည်း ရွှေစင်စကြာဂိတ်နဲ့ ကပ်လျက် အခန်းက လူကြီးငါးဦး၊ ကလေးလေးဦးကို ကန့်သတ်စောင့်ကြည့်မှုခံယူဖို့ဆေးရုံက လာခေါ်သွားပါပြီ။ ရွှေစင်စကြာအခန်းနှစ်ခန်းနဲ့ ဘယ်ညာအခန်းတွေကို မြို့နယ်ကျန်းမာရေးဦးစီးဌာနကနေဆေးဖျန်းဖို့ ဒီနေ့နံနက်ပိုင်းမှာ ဆေးရည်တွေ ထုတ်ပေးပါတယ်။ ဝန်ထမ်းတွေအနေနဲ့ ရောဂါကာကွယ်ရေးဝတ်စုံဝတ်ပြီးတော့ နေ့လယ်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်းတွေ ဆောင်ရွက်ပြီးပါပြီ။ အသွားလာကန့်သတ်ချထားတဲ့ နှစ်ဘလောက်လုံးက ကန့်သတ်နယ်မြေဆိုတာကို ပြည်သူတွေသိအောင် အတားအဆီးတွေ လုပ်ထားပါတယ်" ဟု ဘောဂသီရိယာဉ် ရပ်နားစခန်း တာဝန်ခံ ဦးခင်မောင်သိန်းက ပြောသည်။ **မျိုးမင်းနိုင်**

## အဝေးပြေးယာဉ်များ ခရီးသည်တင်ဆောင်ရန် ခွင့်ပြုချက်မရသေး

**ရန်ကုန် ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ဒုတိယအပတ်မှစ၍ ပြည်တွင်းခရီးသွားလုပ်ငန်း တချို့ ပြန်လည်စတင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ယခုလ ၂ ရက်က ကြေညာထားသော်လည်း အဝေးပြေး မော်တော်ယာဉ်များမှာ ခရီးသည် တင်ဆောင်ခွင့်ပြုချက် မရသေးဘဲ ပါဆယ်အထုပ်များကိုသာ ပို့ဆောင်ခွင့်ပြုထားကြောင်း သိရသည်။

"ဒီဇင်ဘာလမှာလည်းခရီးသည် တွေစီးဖို့ ဘာစာမှမဝင်သေးပါဘူး၊ ကျွန်တော်တို့က ပိတ်ထားတာမဟုတ်ဘူး။ ရန်ကုန်က Stay Home လုပ်ထားတာ။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကလည်းလာလို့ရှိရင် ထောက်ခံချက် ပါရမယ်ဆိုတော့ မသွားကြဘူး။ ကျွန်တော်တို့က ပိတ်တာ မဟုတ်ပါဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (အဝေးပြေး) တာဝန်ခံ ဦးဘမြင့်က ပြောသည်။ မော်တော်ယာဉ်ဖြင့် မဖြစ်မနေခရီးသွားလာလိုသူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်တို့ယူဆောင်၍ သွားလာနိုင်ပြီး အောင်မင်္ဂလာ/ဒဂုံဧရာအဝေးပြေးကားဂိတ်များနှင့် ခရီးသွားကြသူများ စုစည်းရာ ဖေ့စ်ဘုတ်ပေ့ချ်တွင်လည်း လေ့လာနိုင်သည်။

ရန်ကုန်မြို့တွင် နေထိုင်ရန် အခက်အခဲကြုံတွေ့နေရသည့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စသည့်ဒေသများမှ ပြည်သူများကို သက်ဆိုင်ရာ အသင်းအဖွဲ့များက တာဝန်ယူ၍ အခမဲ့ ပြန်လည်ပို့ဆောင် ပေးနေပြီး ကားလေးများဖြင့်လည်း ငှား၍ သွားလာနေကြကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ယုံကြည်



ဒီလိုစိမ်ကိန်းကြီးတွေ အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရုံတင်မကဘူး၊ ကျွန်မတို့ပြည်သူတွေအတွက် အလုပ်အကိုင်ဖန်တီးမှုဘက်မှာ အင်မတန်မှ အရေးပါပါတယ်။ အလုပ်အကိုင်ဖန်တီးခြင်းအားဖြင့် ကိုဗစ်နောက်ပိုင်း ကာလမှာ ပြည်သူတွေ တစ်ဦးချင်းရဲ့ စီးပွားရေးအခြေအနေ ဦးမော့လာအောင်လို့ ဒါတွေဟာ အထောက်အကူဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အခု ကိုဗစ်ရောဂါ နည်းနည်းပြန်ပြီး ပြန့်ပွားလာတဲ့ ကာလမှာ ရာသီဥတုက အေးလာလို့ ဒီရောဂါပိုးတွေ ပြန်ပြီးတော့၊ ပိုပြီးတော့ နည်းနည်းပြင်းထန်လာတဲ့ ကာလအတွင်းမှာ ကျွန်မတို့ ပြည်သူတွေက သတိထားစေချင်တယ်။ အားတင်းထားပါ။ ဒီဟာတွေကို ကျော်လွှားနိုင်မှာပါ။ ကျော်လွှားနိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀–၁၁–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)”** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည် အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှု ကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည် ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အင်းတော်မြို့တွင် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**အင်းတော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သည့် အနေဖြင့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ဆောင်ရွက်ခြင်းကို ယမန်နေ့က အင်းတော်မြို့မဈေး နှင့် အင်းတော်မြို့ မြန်မာ့စီးပွားရေးဘဏ် ရုံးရှေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အနေဖြင့် အင်းတော်မြို့အတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် နေအိမ်ပြင်ပသို့ ထွက်ရှိလာသူများအား ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်း၊ ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်ပေးခြင်း၊ ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ အင်းတော်မြို့ Fitness Dance အကအဖွဲ့က ကပြဖျော်ဖြေပြီး ပြည်သူများအား အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ယင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်မြင့်မြင့်စန်းနှင့် ဝန်ထမ်းများ၊ Fitness Dance အကအဖွဲ့မှ အဖွဲ့ဝင်များ ပါဝင်ခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**



## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်နိုင်ငံ၊ စပိန်နိုင်ငံနှင့် အနီးတစ်ဝိုက်ဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၃၁ ဦးအား ပါရီမြို့ မြန်မာသံရုံးမှ စီစဉ်သည့် Amelia Airlines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၀ အား စင်ကာပူမြို့ မြန်မာသံရုံးမှစီစဉ်သည့် (၂၉)ကြိမ်မြောက်မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၄-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ

၁။ (၃-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၇၇ |
| | | တောင်ဥက္ကလာပ | ၇၁ |
| | | မရမ်းကုန်း | ၆၆ |
| | | အင်းစိန် | ၅၁ |
| | | ရွှေပြည်သာ | ၅၀ |
| | | မြောက်ဥက္ကလာပ | ၄၅ |
| | | သဃ်္ဃန်းကျွန်း | ၃၃ |
| | | မှော်ဘီ | ၃၃ |
| | | လှည်းကူး | ၃၁ |
| | | စမ်းချောင်း | ၂၈ |
| | | တာမွေ | ၂၇ |
| | | တွံတေး | ၂၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | ကမာရွတ် | ၁၈ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ဒဂုံဆိပ်ကမ်း | ၁၈ |
| | | ကျောက်တန်း | ၁၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၆ |
| | | ဗိုလ်တထောင် | ၁၅ |
| | | တိုက်ကြီး | ၁၄ |
| | | သန်လျင် | ၁၃ |
| | | လှိုင်သာယာ | ၁၂ |
| | | ရန်ကင်း | ၁၁ |
| | | ဗဟန်း | ၁၁ |
| | | အလုံ | ၁၁ |
| | | လှိုင်* | ၁၁ |
| | | သုံးခွ | ၁၀ |
| | | ဒလ | ၈ |
| | | လသာ | ၇ |
| | | ဒဂုံ | ၇ |
| | | သာကေတ | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၆ |
| | | လမ်းမတော် | ၆ |
| | | ထန်းတပင် | ၄ |
| | | ကျောက်တံတား | ၃ |
| | | ခရမ်း | ၃ |
| | | ဒေါပုံ | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ပန်းဘဲတန်း | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | စုစုပေါင်း | ၈၁၀ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၄၁ |
| | | ချမ်းအေးသာစံ | ၃၈ |
| | | အမရပူရ | ၃၇ |
| | | အောင်မြေသာစံ | ၃၆ |
| | | ချမ်းမြသာစည် | ၂၅ |
| | | စဉ့်ကိုင် | ၁၉ |
| | | ပြည်ကြီးတံခွန် | ၁၂ |
| | | ပြင်ဦးလွင် | ၁၂ |
| | | ပုသိမ်ကြီး | ၇ |
| | | နွားထိုးကြီး | ၅ |
| | | ဝမ်းတွင်း | ၃ |
| | | မြင်းခြံ | ၂ |
| | | ညောင်ဦး | ၂ |
| | | မြစ်သား | ၂ |
| | | ကျောက်ဆည် | ၂ |
| | | ငါးဇွန် | ၂ |
| | | တံတားဦး | ၂ |
| | | မတ္တရာ | ၁ |
| | | မလှိုင် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၂၅၁ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၅၅ |
| | | အုတ်ဖို | ၁၁ |
| | | သနပ်ပင် | ၆ |
| | | ဒိုက်ဦး | ၅ |
| | | ကျောက်တံခါး | ၃ |
| | | တောင်ငူ | ၃ |
| | | ဖြူး | ၂ |
| | | ဝေါ | ၂ |
| | | လက်ပံတန်း | ၂ |
| | | ကဝ | ၂ |
| | | ညောင်လေးပင် | ၁ |
| | | ပန်းတောင်း | ၁ |
| | | ပြည် | ၁ |
| | | ပေါင်းတည် | ၁ |
| | | ဇီးကုန်း | ၁ |
| | | မိုးညို | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | စုစုပေါင်း | ၉၈ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၁၈ |
| | | ကန်ကြီးထောင့် | ၁၅ |
| | | မအူပင် | ၁၀ |
| | | မြောင်းမြ | ၉ |
| | | ကျုံပျော် | ၉ |
| | | မော်လမြိုင်ကျွန်း | ၆ |
| | | ညောင်တုန်း | ၅ |
| | | လပွတ္တာ | ၃ |
| | | ဟင်္သာတ | ၂ |
| | | ပုသိမ် | ၁ |
| | | ဓနုဖြူ | ၁ |
| | | အင်္ဂပူ | ၁ |
| | | ရေကြည် | ၁ |
| | | ဘိုကလေး | ၁ |
| | | စုစုပေါင်း | ၈၂ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂၈ |
| | | ရွှေဘို | ၁၇ |
| | | မြင်းမူ | ၃ |
| | | ကလေး | ၂ |
| | | တမူး | ၂ |
| | | တန့်ဆည် | ၁ |
| | | မုံရွာ | ၁ |
| | | စုစုပေါင်း | ၅၄ |
| ၆။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ၁၇ |
| | | မကွေး | ၆ |
| | | ချောက် | ၂ |
| | | စလင်း | ၁ |
| | | ပေါက် | ၁ |
| | | သရက် | ၁ |
| | | မြို့သစ် | ၁ |
| | | ရေနံချောင်း | ၁ |
| | | ရေစကြို | ၁ |
| | | တောင်တွင်းကြီး* | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | စုစုပေါင်း | ၃၃ |
| ၇။ | မွန်ပြည်နယ် | သထုံ | ၁၂ |
| | | မော်လမြိုင် | ၉ |
| | | ကျိုက်ထို | ၂ |
| | | ချောင်းဆုံ | ၁ |
| | | ပေါင် | ၁ |
| | | ရေး | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၂ |
| | | မိုင်းဖြတ် | ၂ |
| | | ကလော | ၂ |
| | | မဘိမ်း | ၂ |
| | | ပင်းတယ | ၂ |
| | | လားရှိုး | ၁ |
| | | ဖယ်ခုံ | ၁ |
| | | မိုးနဲ | ၁ |
| | | လွိုင်လင် | ၁ |
| | | လဲချား | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | ကချင်ပြည်နယ် | ဖားကန့် | ၁၄ |
| | | မြစ်ကြီးနား | ၁ |
| | | ရွှေဂူ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော် | ၄ |
| | | ဗ | ၃ |
| | | ကျောက်ဖြူ | ၂ |
| | | သံတွဲ | ၂ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၅ |
| | | ကော့ကရိတ် | ၃ |
| | | ဘားအံ | ၂ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၆ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၃။ | နေပြည်တော် | ဇမ္ဗူသီရိ | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ချင်းပြည်နယ် | ဖလန်း | ၁ |
| | | စုစုပေါင်း | ၁ |
| | (၃-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၁၈) ဦး |

* တောင်တွင်းကြီးမြို့နယ်မှ (၁) ဦးနှင့် လှိုင်မြို့နယ်မှ (၁) ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၃-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၈) ဦးတွင် အနံ့မရရှိသူ (၂၆၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာနေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

( ခ ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေတပ်ဆင်ကြပါရန်။

( ဂ ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့်ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ခေါင်လန်ဖူးမြို့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ခေါင်လန်ဖူး ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ခေါင်လန်ဖူးမြို့ စည်ပင်သာယာဈေးတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခေါင်လန်ဖူးမြို့စည်ပင်သာယာရေးဈေးအတွင်းရှိ ဈေးဝယ်ပြည်သူများနှင့် ဈေးရောင်းချနေသည့် ပြည်သူများ၊ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ပြည်သူများအား ပါးစပ်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင် ရေးအတွက် လက်ကိုင်စကားပြောစက်ဖြင့် စည်းရုံးလှုံ့ဆော်ခြင်း၊ ပါးစပ်နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် တပ်ဆင်စေခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်းအခု ၅၀၀ နှင့် မျက်နှာအကာအခု ၅၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး ရဲဝေကျော်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ကော်မတီဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး အဆိုပါ အစီအစဉ်ကို အပတ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်အတွင်းရှိဈေးများ ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးဆောင်ရွက်

**လေးမျက်နှာ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ အောင်မင်္ဂလာဈေးနှင့်အိုင်သပြုဈေးတို့တွင် ကျန်းမာရေးဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို ယမန်နေ့က မြို့နယ်အဆင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊စည်းကမ်းချက်များနှင့် ညီညွတ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေး၊ ရောဂါကူးစက်မှုဆင့်ပွားဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ ဈေးများ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အသိပညာပေးခြင်း၊ သတ်မှတ်ထားရှိသည့် စည်းကမ်းချက်များနှင့်လိုက်နာဆောင်ရွက်မှုများအား မြို့နယ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၀၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၁,၃၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၀၂) ဦး တွေ့ရှိရပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၈၀) ခု | (၁၈၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၇၅) ခု | (၅၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၃၀) ခု | (၃၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၄၅) ခု | (၂၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၀၅) ခု | - |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၆၉၅) ခု | (၁၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၀) ခု | (၆၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၅၆) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇၂) ခု | (၃၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၂၁) ခု | (၄၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၉၃၄) ခု | (၆၇၉) ဦး |
| **စုစုပေါင်း** | **(၂၁,၃၉၀) ခု** | **(၁,၅၀၂) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၄-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၁,၃၉၀) ဦး | (၁,၂၄၆,၅၂၄) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၅၀၂) ဦး | (၉၆,၅၂၀) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၂၅) ဦး | (၇၄,၉၇၃) ဦး |
| သေဆုံးလူနာ | (၃၁) ဦး | (၂,၀၅၉) ဦး |

- ယနေ့ သေဆုံးသူ (၃၁) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၈) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၂၅) ဦးတွင် -
  - ပြည်သူ့ဆေးရုံများ - (၅၆၉) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၅၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၄၄၉) ဦးတွင် -
  - Hotel Quarantine - (၃၂၀) ဦး
  - Facility Quarantine - (၂၇၆) ဦး
  - Community Based Facility Quarantine - (၇၈၈) ဦး
  - Anosmia Center - (၆၅) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၄-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၅၃၅၁၉၆ | ၈၅၆၁၄၂၇ | ၂၈၂၈၂၉ |
| ၂။ | အိန္ဒိယ | ၉၅၇၁၇၈၀ | ၉၀၁၆၂၈၉ | ၁၃၉၂၂၇ |
| ၃။ | ဘရာဇီး | ၆၄၈၇၅၁၆ | ၅၇၂၅၀၁၀ | ၁၇၅၃၀၇ |
| ၄။ | ရုရှား | ၂၄၀၂၉၄၉ | ၁၈၈၈၇၅၂ | ၄၂၁၇၆ |
| ၅။ | ပြင်သစ် | ၂၂၅၇၃၃၁ | ၁၆၆၉၄၀ | ၅၄၁၄၀ |
| ၆။ | စပိန် | ၁၆၉၃၅၉၁ | စိစစ်ဆဲ | ၄၆၀၃၈ |
| ၇။ | ဗြိတိန် | ၁၆၇၄၁၃၄ | စိစစ်ဆဲ | ၆၀၁၁၃ |
| ၈။ | အီတလီ | ၁၆၆၄၈၂၉ | ၈၄၆၈၀၉ | ၅၈၀၃၈ |
| ၉။ | အာဂျင်တီးနား | ၁၄၄၇၇၃၂ | ၁၂၇၄၆၇၅ | ၃၉၃၀၅ |
| ၁၀။ | ကိုလံဘီယာ | ၁၃၄၃၃၂၂ | ၁၂၃၃၁၁၅ | ၃၇၃၀၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၆၃၆၈၀ | ၄၆၆၁၇၈ | ၁၇၄၇၉ |
| ဖိလစ်ပိုင် | ၄၃၆၃၄၅ | ၃၉၉၃၄၅ | ၈၅၀၉ |
| မြန်မာ | ၉၆၅၂၀ | ၇၄၉၇၃ | ၂၀၅၉ |
| မလေးရှား | ၇၀၂၃၆ | ၅၉၀၆၁ | ၃၇၆ |
| စင်ကာပူ | ၅၈၂၄၂ | ၅၈၁၄၅ | ၂၉ |
| ထိုင်း | ၄၀၅၃ | ၃၈၃၉ | ၆၀ |
| ဗီယက်နမ် | ၁၃၆၁ | ၁၂၂၀ | ၃၅ |
| ကမ္ဘောဒီးယား | ၃၃၅ | ၃၀၄ | ၀ |
| ဘရူနိုင်း | ၁၅၁ | ၁၄၆ | ၃ |
| လာအို | ၃၉ | ၂၆ | ၀ |

## ကမာရွတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တားဆီးကာကွယ်နိုင်ရေးအတွက် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ကမာရွတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တားဆီးကာကွယ်နိုင်ရေးအတွက် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေးအသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက လှည်းတန်းဈေးအနီးတစ်ဝိုက်တွင် ပြုလုပ်သည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တားဆီးကာကွယ်နိုင်ရေးအတွက် ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လှည်းတန်းဈေးတာဝန်ခံရုံးမှ ဝန်ထမ်းများ ပူးပေါင်းကာဈေးရောင်း၊ ဈေးဝယ်များနှင့် လမ်းသွားလမ်းလာပြည်သူများအား ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများ ဝေငှခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်ပါစာရွက်များကို အများပြည်သူ မြင်သာသောနေရာများတွင် ကပ်ထားကြေညာပေးခြင်းများကို ပြုလုပ်ကြသည်။

ကမာရွတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်နေမှုနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက "ပြည်သူတွေအနေနဲ့ ကိုဗစ်နဲ့ပတ်သက်ပြီး သံသယလက္ခဏာတွေရှိရင် သတင်းပေးဖို့လိုပါတယ်။ သတင်းမပေးဘဲ ကျိတ်ပြီးကုနေရင် ကိုယ့်အိမ်မှာရှိတဲ့ သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိတဲ့သူတွေ၊ အသက်ငယ်သူတွေကို ရောဂါကူးစက်နိုင်တဲ့အပြင် အချို့ဆိုရင် အသက်အန္တရာယ်ရှိတဲ့အထိ ဖြစ်နိုင်ပါတယ်" ဟု ပြောသည်။

ကမာရွတ်မြို့နယ်သည် နေအိမ်တွင်နေထိုင်ခြင်းအစီအစဉ်၌ ပါဝင်နေပြီး ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်စဉ်ကာလအတွင်း ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် အသိပညာပေး လှုပ်ရှားမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ရပ်ကွက်များနှင့် လူအများသွားလာသော နေရာများတွင် အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့နယ်အတွင်း ဈေးကြီး သုံးဈေးရှိပြီး ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အနံ့ပျောက်ခြင်း၊ အစားအသောက်ပျက်ခြင်းများဖြစ်ပေါ်ပါက မြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်သတင်းပေးပို့ရန်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလျော့ချရေးအတွက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

**ထင်ပေါ်ဝင်း**

# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ သုတေသနအကြံပေးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ သုတေသန အကြံပေးကော်မတီ ( Research Advisory Committee) ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် Virtual Meeting ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ သုတေသန အကြံပေးကော်မတီ ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသန ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးပါကြောင်း၊ သုတေသနသည် အသိပညာကို ပိုမိုကျယ်ပြန့်စေပါကြောင်း၊ အတွေးသစ် အမြင်သစ်များကို ရရှိစေပါကြောင်း၊ နောက်ဆုံး နည်းပညာဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ပါကြောင်း၊ ပြဿနာ/ အခက်အခဲများ ဖြေရှင်းမှုကို အထောက်အကူပြုစေနိုင်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍအပါအဝင် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးရန် လိုမည်ဖြစ်ပါကြောင်း။

ထို့အပြင် မြန်မာ့သစ်တောမူဝါဒမှာ သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းသည် အရေးကြီးသည့် အခန်းကဏ္ဍကပါဝင်မှုကို အသိအမှတ်ပြုရေးနှင့် သစ်တောသုတေသနဌာနကို သီးသန့် သုတေသီဝန်ထမ်းများနှင့် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် တာဝန်ပေးအပ်ဆောင်ရွက်ရေးတို့ကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)၏ အခြေခံမူများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန် ဖော်ပြထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် သုတေသနလုပ်ငန်းများသည် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ခိုင်မာတောင့်တင်းရေး၊ အရည်အသွေးပြည့်မီသည့် သုတေသီအင်အားလုံလောက်ရေး၊ သုတေသီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သုတေသနရန်ပုံငွေ လုံလောက်စွာရရှိစေရေးတို့ကို အလေးထားစဉ်းစားပြီး ဖြည့်ဆည်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ လိုအပ်ချက်ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ရန်လိုပါကြောင်း၊ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များအပေါ် အခြေခံပြီး သုတေသနလုပ်ငန်း အစီအစဉ်များ ရေးဆွဲကာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သလို လိုအပ်လျှင် ပြည်တွင်း၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍများသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထိုကဏ္ဍတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောရေးရာ၊ သတ္တုရေးရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ မူဝါဒလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို အထောက်အကူဖြစ်စေမည့်၊ အရည်အသွေးပြည့်မီသည့် အသုံးချသုတေသနများ ပေါ်ထွက်လာရန် အလွန်လိုအပ်ပါကြောင်းနှင့် သုတေသနအကြံပေးကော်မတီဝင်အားလုံး အနေဖြင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ကဏ္ဍအလိုက်သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။




အစည်းအဝေးသို့ သုတေသနအကြံပေးကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးများက Online စနစ်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ကြံ့သူတော်တစ်ကောင် ထိန်းသိမ်းစောင့်ရှောက်ထား

**နေပြည်တော် ဒီဇင်ဘာ ၄**

ကမ္ဘာ့အဆင့် ရှားပါးတောရိုင်းတိရစ္ဆာန်အမျိုးအစားဖြစ်သည့် ကြံ့သူတော်တစ်ကောင်အား ဒေသခံပြည်သူနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

အမဲလိုက် မုဆိုးများ ထောင်ထားသည့် ထောင်ချောက်မှ လွတ်လာသည့် ကြံ့သူတော်အား ဒေသခံတစ်ဦးက စောင့်ရှောက်ထားကြောင်း လူမှုကွန်ရက်တွင် ပါရှိသည့် သတင်းအား တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဆက်လက်စုံစမ်းခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော်တောင်မြို့နယ် အမှတ်(၉)ကျေးရွာ အနီးရှိ ဥယျာဉ်ခြံတွင် နေထိုင်သည့် ဦးအောင်စိုးမိုးက သိန်းခွန်းကြိုးဝိုင်းအတွင်း ထောင်ချောက်မှ လွတ်လာပြီး ဒဏ်ရာအနာတရ ဖြစ်နေသည့် ကြံ့သူတော်အား ၎င်း၏နေအိမ်သို့ ခေါ်ယူစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း သိရသဖြင့် ဒီဇင်ဘာ ၁ ရက်တွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွမ်းကျင်သူများ သွားရောက်၍ ဆေးကုသပေးပြီး ကြံ့သူတော်အား ထိန်းသိမ်းစောင့်ရှောက်ထားသူ ဦးအောင်စိုးမိုးကို အများပြည်သူနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများက စုပေါင်းလှူဒါန်းငွေကျပ် ၄၂၀၀၀၀ ကို ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ကြံ့သူတော်သည် အမဖြစ်ပြီး အလျားခြောက်ပေ၊ လုံးပတ် ခြောက်ပေရှိကာ ပေါင် ၂၅၀ ခန့် အလေးချိန်ရှိကြောင်း၊ မြန်မာနိုင်ငံတောင်ပိုင်းတွင်သာ တွေ့ရှိရသည့် တောရိုင်းတိရစ္ဆာန်ဖြစ်ပြီး ဥပဒေအရ လုံးဝကာကွယ်ထားသည့် မျိုးစိတ်ဖြစ်ကြောင်းနှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော မျိုးစိတ်ဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရထားမှု ပျောက်ကင်းသွားပါက ကြံ့သူတော်အား ရေဖြူမြို့နယ် တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်း၊ မိချောင်းလှောင်စခန်းသို့ ပြောင်းရွှေ့၍ စောင့်ရှောက်ထားမည်ဖြစ်ပြီး ကျန်းမာသန်စွမ်းလာပါက ၎င်းကျက်စားနေထိုင်သည့် နေရင်းဒေသတွင် လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အဆင့် ရှားပါးတောရိုင်းတိရစ္ဆာန်ဖြစ်သည့် ကြံ့သူတော်အား အများပြည်သူနှင့် အစိုးရဌာနတို့ ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းဖြစ်ပြီး နောင်တွင်လည်း တောရိုင်းတိရစ္ဆာန်များကို အလားတူ တွေ့ရှိရပါက အချိန်မီကာကွယ်စောင့်ရှောက်နိုင်ရေး သက်ဆိုင်ရာ သစ်တောဦးစီးဌာနသို့ ကူညီသတင်းပို့ပေးကြပါရန် တိုက်တွန်းကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

■ *ကျော့ဖုံးမှ*

တစ်မှတ်သာရှိထားသည့်အတွက် ယခုပွဲစဉ်သည် ပရိသတ် အကြိုက်တွေ့စေမည်မှာ မလွဲပေ။ ဆီဗီလာအသင်းအနေဖြင့် အဆိုပါ ကိုးပွဲတွင် ရဂိုး ၁၂ ဂိုးရှိပြီး ပေးဂိုး ရှစ်ဂိုး ပြန်လည်ခွင့်ပြုပေးထားရသည်။ ဆီဗီလာအသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြသထားနိုင်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ငါးပွဲတွင် ချယ်ဆီးအသင်းကိုသာ လေးဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး အိုဆာဆူနာ၊ ဆဲလ်တာဗီဂို၊ ခရက်စ်နိုဒါ၊ ဟူစကာအသင်းတို့ကို နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

ဆီဗီလာအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယမန်နှစ်က ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်လျှင် ရီးရဲမက်ဒရစ်အသင်းကသာ နှစ်ကျော့စလုံးအသာရထားပြီး ဆီဗီလာအိမ်ကွင်းတွင် ရီးရဲမက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသလို ရီးရဲမက်ဒရစ်အသင်းအိမ်ကွင်းတွင်လည်း ဆီဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ဆီဗီလာအသင်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းကို ယမန်နှစ်က ရှုံးကြွေးပြန်ဆပ်ကာ အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

ဆီဗီလာအသင်းမှ ဆာဂျီယိုအက်စ်ကူဒါယို၊ မားကို့စ်အေကူနာနှင့် ဆူဆိုတို့ ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ ရီးရဲမက်ဒရစ်အသင်းမှ အီဒင်ဟာဇက်၊ ဗယ်ဗာဒီတို့သည်လည်း ယခုပွဲစဉ်ကို ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ ထို့အပြင် ကာဗာဂျယ်နှင့် ရာမို့စ်တို့သည်လည်း ပါဝင်လာနိုင်ဖွယ်မရှိကြောင်း သိရသည်။ ဆီဗီလာအသင်းသည် ဗက်လစ်၊ နာဗက်စ်၊ ကွန်ဒီ၊ ကားလို့စ်၊ ရီကစ်၊ ဂျော်ဒန်၊ ဖာနန်ဒို၊ ရာကီတစ်၊ အိုကမ်းပို့စ်၊ ဒီဂျောင်၊ ဟတ်ဒါဒီတို့ကို အသုံးပြုကာ ရီးရဲမက်ဒရစ်အသင်းကို ရင်ဆိုင်လာဖွယ်ရှိနေသည်။ ရီးရဲမက်ဒရစ်အသင်းကလည်း ကော့တွိုက်စ်၊ ဗက်စ်ကွက်၊ ဗာရာနီ၊ နာချို၊ မန်ဒီ၊ မိုဒရစ်၊ ကက်စမဲရိုး၊ ခရူးစ်၊ ဗင်နီစီးယပ်စ်၊ ဘင်ဇီမာ၊ အေဆန်စီယိုတို့ကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။

ယခုပွဲစဉ်ကို အနိုင်ရရှိသည့်အသင်းအနေဖြင့် အမှတ်ပေးဇယားအထက်ပိုင်းသို့ တက်လှမ်းနိုင်မည်ဖြစ်သည့်အတွက် မည့်သည့်အသင်းက မည်သည့်နည်းဗျူဟာ အခင်းအကျင်းဖြင့် မည်သို့အနိုင်ယူသွားနိုင်မလဲဆိုသည်ကို ယနေ့ည ၉ နာရီ ၄၅ မိနစ်တွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ကျိုက်ထို၊ မူဆယ်၊လားရှိုးနှင့်တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင် စစ်ဆေးရေးဂိတ်တွင် အောင်ကျော်သောင်း(ခ) ကျော်သောင်း မောင်းနှင်ပြီး အောင်ကျော်လင်း လိုက်ပါလာသည့် Bighorn အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ် ၃၂၃၄ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၀၀ ကို လည်းကောင်း။

ထို့အတူ ယနေ့နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်ဟွယ်နေကျေးရွာအနီး မူဆယ်-ပန်ဆိုင်း(ကြူကုတ်) သွားကားလမ်းတွင် အိုက်လျန်း မောင်းနှင်ပြီး အောင်မျိုးသန့် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ပန်ဆိုင်း (ကြူကုတ်)မြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၆၄) နေ ဖန်လျာရို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၅၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ တို့ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် တာပုံကျေးရွာအုပ်စု နားဖကျေးရွာအနီး လားရှိုး-မိုင်းယော်သွား ကားလမ်းတွင် အိုက်ဆင်းမောင်းနှင်ပြီး မလွမ်းညွယ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာနေ ဘောစီလှ (ခ) အငယ်လေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀၊ စိတ်ကြွရူးသွပ်ဆေးမှုန့် သုည ဒသမ ၀၃ ကီလို၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

❂ *ကျော့ဖုံးမှ*

ပါဝင်မဲပေးရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်၏ Come Back fighter of the year ဆုအတွက် ဆန်ခါတင် ရွေးချယ်ထားသည့် ကစားသမားများထဲတွင် အန်တိုနီယာဖာရီရာ၊ စိုးမင်းအောင်၊ တွဲဆိုင်းများအနေဖြင့် ဆိုရိစ်မန်ဖရက်ဒီနှင့် မိုင်ရှာကက်ဇ်၊ အန်တိုနီယိုဖာရီယာနှင့် ဖရန်စစ္စကိုမီညာလက်စ်၊ စိုးမင်းအောင်နှင့်အာသာတီ၊ ဟိန်းထွန်းအောင်နှင့် အမ်ဆိုသီ၊ လင်းထက်နိုင်နှင့် ဇင်ဘိုတို့ကို ရွေးချယ်နိုင်မည်ဖြစ်သည်။

Fighter of The Year ဆုအတွက်တွင်မူ ဆန်ခါတင်စာရင်းတွင် အန်တိုနီယာဖာရီယာ၊ တူတာဗို့၊ စိုးမင်းအောင်၊ ဟိန်းထွန်းအောင်၊ မစ်ဂ်မားဆရန်ဘိုခူးစသည့်ကစားသမားများပါဝင်လျက်ရှိပြီး ပရိသတ်များအနေဖြင့် မဲပေးရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**




# တောင်ငူ၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၄**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(တောင်ငူရုံးခွဲ)မှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များက ယမန်နေ့တွင် အသင်းနာယက ဆရာတော် တောင်ငူမြို့ ရွှေဆံတော်မရမ်းကျောင်း စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောသာရ အရှင်သူမြတ်အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒကထာနာယူခဲ့ကြသည်။

ဆက်လက်၍ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး စာအုပ်များ၊ လက်ကမ်းစာစောင်များ၊ မသန်စွမ်းသူများနှင့် သက်ဆိုင်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများကို ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များ၊ စာကြည့်တိုက်များနှင့် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြသည်။ တောင်ငူမြို့တည် နန်းတည် (၅၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ တောင်ငူမြို့နယ်အတွင်း ရှိ မသန်စွမ်း ၁၈၈၄ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ကူညီထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

၀၄၈

# ထားဝယ်ပြည်သူ့ဆေးရုံကုသဆောင်သစ်ကြီး ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ကုသရေးဦးစီးဌာန၏ တာဝန်ပေးအပ်နှံမှုအရ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင် ငါးထပ်အဆောက်အအုံသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦးဦးစီးဌာနအထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဟု သိရသည်။

အဆိုပါ ဆေးရုံသစ်ကြီးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုအစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦး ဦးစီးဌာန အဆောက်အဦးအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထားဝယ်ပြည်သူ့ဆေးရုံ ကုသဆောင်သစ်ကြီးကို နိုင်ငံတော်အစိုးရက တိုးချဲ့တည်ဆောက်ပေးလိုက်ခြင်းကြောင့် ထားဝယ်မြို့နှင့် ဒေသအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၅ ကျပ် | ၅၈၀/၆၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၁၀ ကျပ် | ၅၉၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၅၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၅/၆၇၀ ကျပ် | ၇၁၅/၇၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၉ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၆ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၂ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၂ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၀၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၈၀၀ | ၂၃၇ | ၂၃၃၁၁၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၀၁၆ | ၃၇၅၉၂၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၀၁ | ၈၄၈၄၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၅၄ | ၉၇၃၅၀၀ |
| EFR | ၃၈၅၀ | ၃၈၅၀ | ၆၇ | ၂၅၇၉၅၀ |

ခင်ရတနာ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# ဟူသော- ဆိုတဲ့၊ ဟူသည်- ဆိုတာ

**မောင်ခင်မင် (ဓနုဖြူ)**

"ဘဘ...ဘဘ...သမီး"

"ဟဲ့ သမီး၊ မောကြီးပန်းကြီးနဲ့ ဘာဖြစ်လာတာလဲ"

"ဘဘ စာဖတ်ခန်းထဲမဝင်ခင် သမီးက ပြောချင်ဇောနဲ့ အပြေးအလွှားလာမိလို့ပါ ဘဘ"

"အို... ဖြစ်မှဖြစ်ရလေကွယ်၊ ကဲ... သမီး ဘာပြောချင်လို့လဲ"

"သတင်းကြေညာတဲ့စကားထဲမှာ သမီး မကြားဖူးတဲ့ အသုံးအနှုန်းတစ်ခု ကြားလိုက်ရလို့ပါ။ အဲဒီအကြောင်း ဘဘကို ပြောချင်လို့ပါ"

"ကဲ... ပြောပါအုံး၊ ဘယ်အသုံးအနှုန်းလဲ"

"သို့ရာမှာ...၊ တဲ့ ဘဘ"

"သို့ရာမှာ..၊ ဟုတ်လား၊ ဘယ်လိုနေရာမှာ သုံးတာပါလိမ့်"

"သတင်းကြေညာတဲ့သူက ကာကွယ်ဆေးထိုးဖို့အကြောင်းနဲ့ပတ်သက်ပြီး ပြောတာပါ ဘဘ။ တုပ်ကွေးကာကွယ်ဆေးထိုးကြဖို့ နှိုးဆော်ထားတဲ့ အကြောင်းပြောပြီး သို့ရာမှာ လူအနည်းငယ်သာ လာရောက်ထိုးကြကြောင်း သိရပါတယ်လို့ ပြောတာပါ ဘဘ"

"သဘောပေါက်ပါပြီ။ စာစကားနဲ့ 'သို့ရာတွင်'လို့ရေးထားတာကို အပြောဟန်နဲ့ ပြောင်းပြောရာမှာ 'တွင်' ကို 'မှာ' လို့ ပြောင်းပြီး 'သို့ရာမှာ' လို့ပြောတာလေ သမီးရဲ့"

"ဘဘ 'သို့ရာမှာ'ဆိုတဲ့ အသုံးရှိလို့လား"

"မရှိပါဘူးလေ။ ဒါပေမဲ့ သူက 'တွင်' ကို 'မှာ' လို့ပြောင်းလိုက်ရင် အပြောဟန်ဖြစ်သွားရော လို့ထင်ပြီး ပြောင်းပြောတာ ဖြစ်မှာပေါ့ကွယ်"

"ဒါဆိုရင် 'သို့ရာတွင်'ကို အပြောဟန်နဲ့ ပြောရင် ဘယ်လိုပြောရသလဲ ဘဘ"

"သြော်... သမီးကလဲ၊ ကြောင်နေပြန်ပြီ။ ကဲ သမီးဆိုရင်ဘယ်လိုပြောင်းမလဲ"

" 'သို့ရာတွင်' ကို၊ 'ဒါပေမဲ့' လို့ပြောင်းရမှာပါဘဘ၊ ဟာ...ဟုတ်သားပဲ။ သမီးမျက်စိလည်သွားလို့ပါ"

"အေး၊ 'သို့ရာတွင်' ကိုအပြောဟန်နဲ့ ပြောရင် 'ဒါပေမဲ့' ပေါ့။ 'သို့ပေမဲ့'လို့လဲပြောတယ်။ တချို့က 'နို့ပေမဲ့'လို့ပြောတယ်"

"ဟုတ်ပါတယ် ဘဘ၊ ရှင်းပါပြီ"

"ဘဘတို့ မြန်မာစကားဟာ စာသုံးဟန်နဲ့ အပြောသုံးဟန် တော်တော်ကွဲပြားတဲ့ စကားလေး သမီးသိပါတယ်။ အထူးသဖြင့်တော့ မြန်မာသဒ္ဒါမှာ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်းလို့ခေါ်တဲ့ စကားလုံးတွေ၊ ခြုံပြီးခေါ်ရင် သဒ္ဒါစကားလုံး (grammatical word) တွေက အပြောနဲ့အရေးမှာ တော်တော်ကွဲပြားတယ်။ ဒါတွေအရင်က ဘဘဆွေးနွေးခဲ့ဖူးပါတယ်"

"ဟုတ်ပါတယ် ဘဘ၊ သမီးမှတ်မိပါတယ်"

"တချို့စကားလုံးတွေက အပြောသုံးစကားနဲ့ စာသုံးစကားဆက်သွယ်မှုထင်ရှားတယ်။ သည်-တယ်၊ မည်-မယ်၊ ပြီ- ပီ၊ လျှင်-ရင်၊ နှင့်-နဲ့၊ ၏-ရဲ့ လည်း-လဲ့၊ ဦး-အုံး လို အတွဲတွေပေါ့။ အချိန်ကာလတစ်လျှောက် အသံပြောင်းပြီး 'သည်' က 'တယ်' ဖြစ်တယ်။ 'မည်' က 'မယ်' ဖြစ်တယ်။ 'နှင့်' က 'နဲ့' ဖြစ်တယ်။ 'လည်း' က 'လဲ' ဖြစ်တယ်။ 'ဦး' က 'အုံး' ဖြစ်တယ်။ အဲဒီလိုနည်းနဲ့ ကွဲပြားတာလေ"

"ဟုတ်ကဲ့ပါ"

"တချို့စကားလုံးတွေကျတော့ စာသုံးနဲ့ အပြောသုံး ဆက်သွယ်ပုံက ဒီလောက်မထင်ရှားဘူး။ 'ထို-ဟို၊ ဤ-သည်၊ ဒီ၊ မည်သူ-ဘယ်သူ၊ သူသည်-သူဟာ' ဆိုတာမျိုးတွေလေ။ စာသုံးဆိုရင် 'ထိုအရာ' အပြောသုံးဆိုရင် 'ဟိုဟာ' ဖြစ်သွားတယ် မဟုတ်လား။ 'မည်သူ'ဆိုရင် 'ဘယ်သူ' ဖြစ်သွားတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

" 'များ' နဲ့ 'တွေ' ကွဲပြားတာမျိုး၊ 'ကဲ့သို့' နဲ့ 'လို' ကွဲပြားတာမျိုး၊ 'သော်လည်း' နဲ့ 'ပေမဲ့' ကွဲပြားတာမျိုးကျတော့ အဆက်အစပ်ရှာဖို့ တော်တော်ခက်ပါတယ်။ အသံပြောင်းသွားတာ မဟုတ်ဘူး၊ အရေးနဲ့အပြောက သီးသန့်ကွဲပြားနေတာလေ"

"ဟုတ်ပါတယ် ဘဘ"

"တချို့ကျတော့ အရေးမှာသုံးတဲ့အသုံးတွေထဲက တစ်လုံးနှစ်လုံးပဲ အပြောမှာသုံးတာမျိုးရှိတယ်။ '၌၊ မှာ၊ တွင်၊ ဝယ်' ဆိုတဲ့ စကားရပ်တွေက နေရာတို့၊ အချိန်တို့၊ အခြေအနေတို့ ပြတာလေ။ အဲဒီစကားလုံး လေးလုံးထဲမှာ အပြောသုံးအနေနဲ့ ဘယ်စကားလုံးကိုသုံးသလဲ သမီး၊ စဉ်းစားပြီး ပြောကြည့်စမ်းပါ"

"ဘဘ...၊ ၌၊ မှာ၊ တွင်၊ ဝယ်၊ ဆိုတဲ့စကားလုံး လေးလုံးမှာ 'မှာ'ကိုပဲ အပြောသုံးအနေနဲ့သုံးပါတယ်။ '၌၊ ၊ တွင်၊ ဝယ်'ကိုတော့ စာသုံးအဖြစ် သုံးပါတယ်"

"ဟုတ်တယ်။ ဒါကြောင့် 'သို့ရာတွင်'ကို 'သို့ရာမှာ' လို့ပြောင်းသုံးတာလေ။ ဒါပေမဲ့ ဒီစကားလုံးက အတွဲလိုက်ပြောင်းနေတာဆိုတော့ တစ်လုံးတည်း ပြောင်းသုံးလေ့ မရှိဘူးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

'သို့ရာတွင်၊ သို့သော်၊ သို့သော်လည်း၊ သို့သော်ငြားလည်း' ဆိုတဲ့အသုံးတွေကို 'ဒါပေမဲ့၊ ဒါပေမဲ့လဲ' ဆိုတာမျိုး အပြောမှာ သုံးလေ့ရှိကြပါတယ်ကွယ်"

"ဟုတ်ပါတယ် ဘဘ"

**"ရှေ့က 'ဟူ' ဆိုတဲ့စကားက ခုခေတ် အသုံးနည်းနေပြီလေ။ ကဲ သမီးကို မေးမယ် 'ကြီးငယ် မဟူ' ဆိုတာ ဘာအဓိပ္ပာယ်လဲ" " 'ကြီးငယ်မဟူ' ဆိုတာ 'ကြီးငယ်မဆို' ပါ ဘဘ" "ဟုတ်တယ်။ ကြီးသူရော၊ ငယ်သူရော ဘယ်သူမဆိုလို့ ဆိုလိုတာလေ။ ဒီတော့ 'ဟူ' က ဘာအဓိပ္ပာယ်လဲ သမီး" " 'ဟူ' က 'ဆို' နဲ့အတူတူပါ ဘဘ" "ဟုတ်တယ်။ 'ဆိုဆိုသမျှ' ကို 'ဟူဟူသမျှ' စသည်ဖြင့်ပေါ့။ ဒီတော့ ခုနပြောတဲ့ 'တည်းဟူသော' တို့၊ 'ဟူသော' တို့ကို အပြောနဲ့ ပြောင်းရင် 'ဟူ' ကိုပါ 'ဆို' လို့ ပြောင်းရမယ်လေ"**

"ဘဘသတိထားမိတဲ့ အတွဲတစ်ခုပြောရအုံးမယ်။ 'ကဲ့သို့' နဲ့ 'လို' ဆိုတဲ့ အတွဲပဲ။ စာသုံးမှာ 'ကဲ့သို့၊ သကဲ့သို့' လို့သုံးပြီး အပြောသုံးမှာတော့ 'လိုသလို' လို့ သုံးတယ်လေ"

"ဟုတ်ပါတယ်ဘဘ"

"ကဲ...'ကဲ့သို့' နဲ့ 'လို' ကို ခွဲသုံးပြစမ်းပါ သမီးရယ်"

"ဤကလေးသည် 'မျောက်ကဲ့သို့ဆော့၏' ဆိုတဲ့စကားကို အပြောဟန်နဲ့ရေးရင် 'ဒီကလေးဟာ မျောက်လိုဆော့တယ်' လို့ ရေးရပါ့မယ် ဘဘ"

"ဟုတ်ပါပြီ။ 'သကဲ့သို့' နဲ့ 'သလို' ကျတော့ရော"

" 'မင်းသမီးကလေးသည် ငှက်ပျံသကဲ့သို့ ကနေသည်'၊ မင်းသမီးကလေးဟာ ငှက်ပျံသလို ကနေတယ်"

"တော်တယ်၊ တော်တယ်။ အခု ဘဘပြောချင်တာရောက်ပြီ။ ရုံးတွေမှာရေးလေ့ရှိတဲ့ မှတ်ချက်တစ်ခုကို ဘဘ ခဏခဏ တွေ့ဖူးတယ်"

"ဘယ်လိုမှတ်ချက်ပါလဲဘဘ"

"လိုအပ်သကဲ့သို့ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါသည် တဲ့"

"သြော်"

"တကယ်တော့ 'လိုအပ်သလိုဆောင်ရွက်ပေးပါရန်' လို့ရေးချင်တာ ဖြစ်မှာပါ။ ဒါပေမဲ့ 'သလို' က အပြောသုံးဖြစ်နေတယ်ဆိုပြီး 'သလို' ကို 'သကဲ့သို့' လို့ စာသံပေသံနဲ့ရေးတာလေ"

"ဟုတ်ကဲ့"

" 'လိုအပ်သလို' ဆိုတာက 'လိုအပ်တဲ့အတိုင်း' လို့ အဓိပ္ပာယ်ရတယ်။ 'သလို' က 'ငှက်ပျံသလို'၊ 'မောင်းထုသလို' ဆိုတဲ့၊ နှိုင်းတဲ့အဓိပ္ပာယ်မဟုတ်ဘူးလေ။ ဒီတော့ အဲဒီ 'သလို' ကို 'သကဲ့သို့' လို့ ရေးရင် ဘယ်လိုအဓိပ္ပာယ်ဖြစ်သွားသလဲဆိုတော့ 'မလိုအပ်သော်လည်း လိုအပ်သကဲ့သို့ ဆောင်ရွက်ပေးပါ' ဆိုတဲ့အဓိပ္ပာယ်မျိုးဖြစ်သွားတယ်လေ"

"ဒီလိုဆိုရင် ဘယ်လိုရေးရင်ကောင်းမလဲ ဘဘ"

"လိုအပ်သလို ဆောင်ရွက်ပေးပါရန်လို့ ရေးတာက ပိုရှင်းပါတယ်ကွယ်၊ ဘဘ ကြုံလို့ ပြောတာပါ"

"ဟုတ်ကဲ့ပါ"

" '၌၊ မှာ၊ တွင်၊ ဝယ်' လေးလုံးမှာ အပြောစကားအဖြစ် 'မှာ' တစ်လုံးတည်းသုံးသလို 'မှ' နဲ့ 'က' နှစ်လုံးကို အပြောမှာ 'က' တစ်လုံးပဲသုံးပြီး အချိန်ပြပုဒ်၊ နေရာပြပုဒ်အဖြစ်ရော၊ ထွက်ခွာရာပြပုဒ်အဖြစ်ရော သုံးတယ်။ 'လို' နဲ့ 'သို့' နှစ်လုံးကိုလဲ အပြောမှာ 'လို' တစ်လုံးတည်းသုံးပြီး ကံပုဒ်၊ လက်ခံပုဒ်၊ ရေးရှုရာပုဒ်အဖြစ်ရော သုံးတယ်လေ။ စာသုံးဟန်နဲ့ အပြောသုံးဟန်ကွဲပြားဖို့အတွက် သတိထားစရာတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"သမီးပြောတဲ့ 'သို့ရာမှာ' လိုပဲ ကြေညာတဲ့ အသုံးအနှုန်းတစ်ခု ဘဘ ကြားလိုက်သေးတယ်။ 'တည်းဟူတဲ့' တဲ့"

"ဟင်...'တည်းဟူတဲ့' ဆိုတာ ဘာပါလဲဘဘ"

" 'တည်းဟူသော' ကို အပြောဟန်ပြောင်းသုံးတာပေါ့ကွယ်။ ဒါပေမဲ့ 'သော' တစ်လုံးတည်းကိုပဲ 'တဲ့' လို့ပြောင်းတော့ 'တည်းဟူတဲ့' ဖြစ်သွားတာပေါ့။ အဲဒီအသုံးလဲရှိမှ မရှိတာလေ"

"ဘယ်လို သုံးရမှာပါလဲ ဘဘ"

"ရှေ့က 'ဟူ' ဆိုတဲ့စကားက ခုခေတ် အသုံးနည်းနေပြီလေ။ ကဲသမီးကိုမေးမယ် 'ကြီးငယ်မဟူ' ဆိုတာ ဘာအဓိပ္ပာယ်လဲ"

" 'ကြီးငယ်မဟူ' ဆိုတာ 'ကြီးငယ်မဆို' ပါ ဘဘ"

"ဟုတ်တယ်။ ကြီးသူရော၊ ငယ်သူရော ဘယ်သူမဆိုလို့ ဆိုလိုတာလေ။ ဒီတော့ 'ဟူ' က ဘာအဓိပ္ပာယ်လဲ သမီး"

" 'ဟူ' က 'ဆို' နဲ့အတူတူပါ ဘဘ"

"ဟုတ်တယ်။ 'ဆိုဆိုသမျှ' ကို 'ဟူဟူသမျှ' စသည်ဖြင့်ပေါ့။ ဒီတော့ ခုနပြောတဲ့ 'တည်းဟူသော' တို့၊ 'ဟူသော' တို့ကို အပြောနဲ့ ပြောင်းရင် 'ဟူ' ကိုပါ 'ဆို' လို့ ပြောင်းရမယ်လေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'ဟူသော' ကို ဘယ်လိုပြောင်းမလဲ"

" 'ဆိုတဲ့' လို့ ပြောင်းပါမယ် ဘဘ"

"ဟုတ်တယ်။ 'လူဟူသောသတ္တဝါ' ကို 'လူဆိုတဲ့သတ္တဝါ' လို့ ပြောင်းရမှာပေါ့။ 'ဘဝဟူသည်' တို့၊ 'မေတ္တာဟူသည်' တို့မှာပါတဲ့ 'ဟူသည်' ကိုရော ဘယ်လိုပြောင်းမလဲကွယ်"

" 'ဟူသည်' ဆိုတော့... ဟာ သမီး သိပြီ။ 'ဆိုတာ' ပေါ့ဘဘ"

"တော်တယ်ကွယ်။ ဟုတ်တယ်။ 'ဟူသည်' ကို 'ဆိုတာ' လို့ ပြောင်းမှ အပြောမှာ 'ဘဝဆိုတာ' 'မေတ္တာဆိုတာ'ဆိုပြီး အပြောစကားဟန် ချောချောမွေ့မွေ့ဖြစ်မှာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ။ သိပ်ကျေးဇူးတင်ပါတယ်" ။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### Fantastic Beasts 3 ရုပ်ရှင်ကားတွင် ဂျော်နီဒပ် နေရာ၌အစားထိုးခံရခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်ရပ်ဟု မတ်မစ်ကယ်ဆန် ပြော

မကြာခင်မှာရိုက်ကူးတော့မယ့် Fantastic Beasts 3 ရုပ်ရှင်ကားမှာ မင်းသား ဂျော်နီဒပ်ရဲ့နေရာအတွက် အစားထိုးခံရခြင်းဟာ လုံးဝကို အံ့အားသင့်ဖွယ် ဖြစ်ရပ်လို့ ဒိန်းမတ် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မတ်မစ်ကယ်ဆန်က ပြောပါတယ်။

Fantastic Beasts 3 ရုပ်ရှင်ကားမှာ ဂရင်းဒီဝေါလ်အဖြစ် သရုပ်ဆောင်ဖို့ မတ်မစ်ကယ်ဆန်ကို ရွေးချယ်လိုက်ကြောင်း အတည်ပြုခဲ့တာကတော့ နိုဝင်ဘာလအတွင်းကတည်းကပါ။ အရင် ဇာတ်ကားတွေမှာ ဂျော်နီဒပ်က ဂရင်းဒီဝေါလ်အဖြစ် သရုပ်ဆောင်ခဲ့ပေမယ့် ဇနီးဟောင်းရဲ့ တရားစွဲဆိုမှုမှာ ရှုံးနိမ့်သွားတဲ့အခါမှာတော့ ဂျော်နီဒပ်ကို ဒီဇာတ်လမ်းကနေ နုတ်ထွက်သွားဖို့ ဖိအားပေးခံရတယ်လို့ သည်ဆန်းသတင်းစာမှာ ဖော်ပြထားပါတယ်။

မစ်ကယ်ဆန်ဟာ အသက် ၅၅ နှစ်ရှိပြီဖြစ်ပြီး အမေရိကန်ရုပ်သံစီးရီးတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့သလို ဂျိမ်းစဘွန်း ရုပ်ရှင်ကားမှာလည်း ဗီလိန်ဇာတ်ကောင်နေရာကနေ ပါဝင်ခဲ့ဖူးပါတယ်။ Fantastic Beasts ရုပ်ရှင် နှစ်ကားစလုံးမှာ ဂျော်နီဒပ်ပါဝင်ခဲ့ပြီး Fantastic Beasts 3 မှာတော့ မစ်ကယ်ဆန်ကို ဂရင်းဒီဝေါလ်အဖြစ် တွေ့မြင်ရတော့မှာပါ။ Fantastic Beasts 3 ရုပ်ရှင်ကားဟာ ကိုဗစ် -၁၉ ရောဂါနဲ့ မင်းသားဂျော်နီဒပ်ရဲ့ အမှုရင်ဆိုင်နေရတဲ့ဖြစ်ရပ်တွေကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှာ ရုံတင်ပြသနိုင်လိမ့်မယ်လို့ သိရပါတယ်။

**စကိုင်းနယူး**



ဒိန်းမတ်သရုပ်ဆောင် မတ်မစ်ကယ်ဆန်။

### One Direction အဖွဲ့သားဖြစ်ခဲ့ရသည့် နေ့ရက်များအတွက် ရှက်ရွံ့မှုမရှိဟု ဟယ်ရီစတိုင် ပြော

အခုတလောမှာတော့ One Direction အဖွဲ့သားတစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်ဟာ တစ်ဦးတည်း မဂ္ဂဇင်း၊ ဓာတ်ပုံတွေရိုက်ကူးနေပါတယ်။ အတိတ်ကာလက သူ့ရဲ့ အဖွဲ့ဟောင်းဖြစ်တဲ့ One Direction အဖွဲ့အတွင်းမှာ နေခဲ့တဲ့ရက်တွေအတွင်း ကောင်းမွန်တဲ့အရာတွေ အများကြီးရှိခဲ့ပါတယ်။

လူတွေဟာ အဖွဲ့ဟောင်းကနေ ထွက်လာပြီး တစ်ဦးတည်းအလုပ်တွေစလုပ်ပြီဆိုရင် အဖွဲ့အတွင်းမှာနေခဲ့တဲ့နေ့ရက်တွေအတွက် တောင်းပန်ရမယ်လို့ ခံစားကြပါတယ်။ ကျွန်တော်ကတော့ အဲဒီလိုမဟုတ်ပါဘူးလို့ ဟယ်ရီစတိုင်က ပြောပါတယ်။

အခုအခါမှာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကိုလုပ်ကိုင်နေပြီး One Direction အဖွဲ့သားဖြစ်ခဲ့တဲ့ ကာလတွေကိုလည်းအမှတ်တရနဲ့ ချစ်နေဦးမှာပါလို့ ပြောပါတယ်။ One Direction အဖွဲ့ထဲမှာ နေခဲ့တုန်းက အများကြီးသင်ယူလေ့လာနိုင်ခဲ့တယ်လို့ ဟယ်ရီစတိုင်ကပြောပါတယ်။ အခုဆိုရင်တော့ One Direction အဖွဲ့သားတွေဟာ ကိုယ်ပိုင်အလုပ်ကိုယ်စီနဲ့ တစ်ဦးချင်း လျှောက်လှမ်းနေကြပြီပဲ ဖြစ်ပါတယ်။

**စကိုင်းနယူး**



One Direction အဖွဲ့သားဟောင်းဖြစ်သူ ဟယ်ရီစတိုင်။

# လွမ်းရပါသော တက္ကသိုလ်လာ

မိမိုးအေး(အရှေ့တိုင်းပညာ)

**၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့က အမိတက္ကသိုလ်ရဲ့ ရာပြည့်မွေးနေ့ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ သမိုင်း၊ ရန်ကုန်တက္ကသိုလ်ရဲ့ ဖြစ်တည်မှု၊ ရန်ကုန်တက္ကသိုလ်ရဲ့ အရေးပါမှုတွေကို ကျွန်မတို့ ဆရာကြီး၊ ဆရာမကြီးများ အမှတ်တရ ရေးသားကြတာတွေကို နေ့တိုင်းပဲ ဖတ်ရပါတယ်။ တက်ကြွစရာ၊ ပျော်ရွှင်စရာ၊ အောက်မေ့လွမ်းမောစရာတွေလည်း ဖတ်ရသလို ကျွန်မတို့ သက်တမ်းနဲ့ မမီလိုက်ရတဲ့ အကြောင်းအရာတွေကိုလည်း တန်ဖိုးရှိစွာ သိရှိရပါတယ်။**



ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဒေါ်မိမိုးအေး ဖြစ်သည်။
- ရန်ကုန်တက္ကသိုလ်မှ အရှေ့တိုင်း ပညာ အထူးပြုဖြင့် ၁၉၉၁ ခုနှစ်တွင် ဝိဇ္ဇာ ဂုဏ်ထူးဘွဲ့၊ ၁၉၉၅ တွင် မဟာဝိဇ္ဇာဘွဲ့၊ ၂၀၁၁ ခုနှစ်တွင် ပါရဂူဘွဲ့များကို ရန်ကုန် တက္ကသိုလ်မှ ရရှိခဲ့သည်။
- ၁၉၉၅ ခုနှစ်တွင် မော်လမြိုင် တက္ကသိုလ်၌ နည်းပြအဖြစ် စတင် အမှုထမ်းသည်။ ဒဂုံတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် တို့တွင် လက်ထောက်ကထိက၊ ကထိကရာထူးများ ထမ်းဆောင်ခဲ့သည်။
- ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် တွဲဖက်ပါမောက္ခတာဝန် ထမ်းဆောင် ခဲ့သည်။
- ၂၀၁၂ မှ ၂၀၁၉ ခုနှစ်အထိ ဘားအံ တက္ကသိုလ်တွင် ပါမောက္ခ(ဌာနမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၂၀၁၉ ဒီဇင်ဘာလမှစတင်ပြီး ယနေ့ အထိ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် ပါမောက္ခ(ဌာနမှူး)အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသည်။

ဆရာကြီး၊ ဆရာမကြီးတွေရဲ့ စာတွေကို ဖတ်ပြီး ကျွန်မလည်း လွမ်းစာလေး ရေးချင် လာပါတယ်။ ကျွန်မရဲ့ အမှတ်ရစရာ အများ ကြီးထဲက နည်းနည်းလေးလောက် ပြောချင်ပါ တယ်ရှင်။ တကယ်တော့ ကျွန်မက ရန်ကုန် တက္ကသိုလ်ကို ပထမနှစ် ဂုဏ်ထူးတန်းတက်တဲ့ ၁၉၈၅ ခုနှစ်မှ စရောက်တာပါ။ ပထမနှစ်နဲ့ ဒုတိယနှစ်ကို RC2 မှာ တက်ပါတယ်။ ကျွန်မ ရောက်တဲ့အချိန်က ရန်ကုန်တက္ကသိုလ် ၆၅ နှစ် သက်တမ်းအချိန်ပေါ့။ ၁၉၈၃ ခုနှစ်မှာ တက္ကသိုလ်စတက်ပြီး မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ ပညာသင်ယူခဲ့တဲ့သူတွေအားလုံး တက္ကသိုလ် ကျောင်းသူသက်တမ်းကို ၁၂ နှစ်တာ နေခဲ့ရ တာလည်း ကျွန်မတို့အတွက် အမှတ်တရထဲက အမှတ်တရတစ်ခုပါပဲ။

**အမှတ်ရစရာ၊ လွမ်းစရာ**

မှတ်မှတ်ရရ နောက်တစ်ခုက ကျွန်မ နည်းပြရာထူး ခန့်အပ်ခံရတဲ့ ၁၉၉၅ ခုနှစ်မှာ တော့ အမိတက္ကသိုလ်ရဲ့ (၇၅)နှစ်ပြည့် စိန်ရတု နှစ်ပါ။ ဒါပေမယ့် ကျွန်မ မော်လမြိုင်ကို တာဝန် ကျခဲ့တာကြောင့် စိန်ရတုပွဲနဲ့ လွဲခဲ့ရပါတယ်။ အမိတက္ကသိုလ်မှာ ကျောင်းသူဘဝနဲ့ ၁၀ နှစ် တာ ရှိခဲ့ပေမဲ့ တာဝန်ထမ်းခဲ့ရတဲ့ နှစ်ကတော့ နည်းပါးလွန်းပါတယ်။ နယ်တက္ကသိုလ်ကနေ ကျောင်းကိစ္စတွေနဲ့ ရန်ကုန်တက္ကသိုလ်ကို လာရ တဲ့အချိန်ဟာ ကိုယ့်အိမ်ကို ပြန်လာရသလိုပဲ ခံစားရပါတယ်။ ကျောင်းသူဘဝမှာပဲ အကြာ ကြီး နေခဲ့ရတဲ့ နေရာမှာ ဆုံခဲ့ရတဲ့ဆရာတွေ၊ ခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေက ကျွန်မစိတ်ထဲ မှာ ဘယ်အချိန်တွေးတွေး အမှတ်ရစရာတွေ၊ လွမ်းစရာတွေချည်းပါပဲ။

၁၉၈၅ ခုနှစ်မှာ ဂုဏ်ထူးတန်း ပထမနှစ် တက်ဖို့ ကျွန်မတို့ ရန်ကုန်တက္ကသိုလ်ကို ရောက် လာကြပါတယ်။ ပထမနှစ် ဂုဏ်ထူးတန်းနဲ့ တတိယနှစ်ကို အတူပေါင်းတက်ခဲ့ကြပါတယ်။ ကျွန်မတို့ ဘာသာရပ်က အဲဒီအချိန်တုန်းက ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ် နှစ်ခု မှာပဲ ရှိတာပါ။ ဒေသကောလိပ်စနစ် ဖျက်သိမ်း ပြီး တက္ကသိုလ်တိုက်ရိုက်တက်ရတဲ့စနစ် စတင် နေပါပြီ။ ကျွန်မတို့နှစ်မှာ စုစုပေါင်း ၁၁ ယောက် ဝင်ခွင့်ရပါတယ်။ အနယ်နယ် အရပ်ရပ်က သူငယ်ချင်းတွေပါပဲ။ ကျွန်မတစ်ယောက်ပဲ ရန်ကုန်ကပါ။ ဇာတိက မော်လမြိုင်ဖြစ်ပေမယ့် ဖခင်က ဝန်ထမ်းဖြစ်တာကြောင့် ရန်ကုန်ကို ရောက်နေချိန်ပါ။

၁၉၈၅ ခုနှစ်မှာ ပထမနှစ် ဂုဏ်ထူးတန်း တက်ဖို့ ရောက်လာတော့ ရန်ကုန်တက္ကသိုလ် က ကျွန်မတို့ဌာနမှာ ဆရာကြီး ဒေါ်တင်တင် မြင့်က ဌာနမှူးပါ။ အင်မတန်မှ စည်းစနစ် ကျသူပါ။ ခေါင်းကစလို့ ခြေဖျားအထိ သပ်ရပ် လွန်းလှသူပါ။ အချိန်တိကျတဲ့နေရာမှာလည်း ပထမတန်းပါပဲ။ ဆရာမကြီးဆီက အဲဒီအလေ့ အကျင့်ကောင်းကို ကျွန်မ သေချာ သင်ယူ ကျင့်သုံးခဲ့တာ ခုချိန်ထိပါပဲ။ ကျွန်မ ပါရဂူ ကျမ်းရေးတော့ ဆရာမကြီးက ကြီးကြပ်ပေး ပါတယ်။ တစ်ရက် ကျွန်မ ဆရာမကြီးအိမ် စာသွားပြပါတယ်။ ချိန်းထားတဲ့အချိန်ထက် ကျွန်မ နည်းနည်းလေး နောက်ကျခဲ့ပါတယ်။ ဆရာမကြီးက ကျွန်မကို "သမီးကို မမ ၁၂ နာရီထဲက အဆင်သင့်စောင့်နေတာ"လို့ ပြော ပါတယ်။ ဆရာမကြီး ကျွန်မကို စောင့်ရတာမျိုး နောက်တစ်ကြိမ်ဘယ်တော့မှ မဖြစ်စေရတော့ ပါဘူး။ အခု ဆရာမကြီးလည်း ဆုံးပါးသွား ပါပြီ။ အချိန်တိကျတာ၊ သပ်ရပ်တာတွေကို



အဓိပတိလမ်းမဘေးမှ စိမ်းလန်းစိုပြည်နေသော သစ်ပင်များနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီး

ဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ဆရာမကြီးဆီက ကျွန်မ ရခဲ့ပါတယ်။

ဆရာမကြီး မန္တလေးကို ရာထူးတိုးနဲ့ ပြောင်းသွားချိန်မှာ ဆရာကြီး ဦးတင်လွင်က မန္တလေးကနေ ရန်ကုန်ကို ပြန်ပြောင်းလာ ပါတယ်။ ကျွန်မတို့ အင်မတန် ချစ်ကြောက် ရိုသေရတဲ့ ဆရာကြီးပါ။ အနေအထိုင် ရိုးရှင်းပြီး ရှက်တတ်ပါတယ်။ အောက်ဆင်းတဲ့လှေကား ထစ်မှာ အတွဲထိုင်နေတာတွေ့ရင် ဆက်မသွား တော့ဘဲ အပေါ်ပြန်တက်လာပါရော။ ကျွန်မ တို့ကို စာသင်နေဆဲ ကာလမှာပဲ ဆရာကြီး အငြိမ်းစားယူပါတယ်။ အငြိမ်းစားယူပြီး နောက် ပိုင်းမှာလည်း ကျွန်မတို့ကို စာဆက်သင်ပေး နေခဲ့ပါတယ်။ သက်တမ်း အကြာကြီး ပညာ အမွေပေးခဲ့တာဟာ ဆုံးပါးသွားခါနီးအထိပါပဲ။

"စာအုပ်ထဲကစာကို သမီးတို့ အချိန်မရွေး ပြန်ဖတ်လို့ရတယ်။ ဆရာက ပြောနိုင်တုန်းမှာ ပြောတာတွေကို မှတ်သားပါ"လို့ ဆရာကြီး ပြောခဲ့တာတွေက ကျွန်မ ဆရာဖြစ်ချိန်မှာ အထောက်အကူ အများကြီး ရခဲ့ပါတယ်။ ဆရာကြီးဟာ စာသင်ရာမှာ စေ့စပ်လွန်း၊ အသေးစိတ်လွန်းပါတယ်။ အင်္ဂလိပ်စာကြောင်း တစ်ခုမှာ full stop တစ်လုံး ကျန်ခဲ့လို့ full stop ရဲ့ အရေးကြီးပုံတွေကို ပြောလိုက်တာ စာသင်ချိန်တစ်မနက် ကုန်ပါတယ်။ ဆရာကြီး လောက် မစေ့စပ် အသေးမစိတ်နိုင်ပေမယ့် ကျွန်မလည်း နည်းနည်းစေ့စပ် အသေးစိတ် တတ်လာတာဟာ ဆရာကြီးဆီက သင်ယူခဲ့ တာဖြစ်ပါတယ်။

သက္ကတဘာသာရပ်ကိုတော့ ကျွန်မတို့ ဆရာကြီး ဆရာမကြီး နှစ်ယောက်ဆီက သင် ယူခဲ့ပါတယ်။ ဆရာကြီး ဒေါက်တာဇော်ထွန်း နဲ့ ဆရာမကြီး ဒေါ်ခင်ဝင်းကြည်တို့ပါပဲ။ နှစ်ယောက်လုံး အဲဒီအချိန်က အငြိမ်းစားယူပြီး ကြပါပြီ။ ဆရာကြီးကိုတော့ ကျွန်မတို့အားလုံး အဘလို့ ခေါ်ကြပါတယ်။ ကျောင်းသူဘဝမှာ စာနည်းနည်းပဲသင်တာကြိုက်တဲ့ ကျွန်မတို့ အဖို့ အဘစာသင်ချိန်ဟာ အပျော်ဆုံးပဲပေါ့ရှင်။ ဒါပေမယ့် ကျွန်မ ဆရာဖြစ်လာတော့ အဘလို မဟုတ်ခဲ့ဘူးဆိုတာ ကျွန်မတပည့်တွေ ပြော နေမလားပါပဲ။ ဆရာကြီးနောက် ဆရာမကြီး ဆက်သင်ပေးပါတယ်။ နောက်ပိုင်း ဆရာမ ကြီးရဲ့ အစ်မ ကျန်းမာရေး မကောင်းတာ ကြောင့် မဂိုလမ်းက ဆရာမကြီးတို့အိမ်မှာ စာသွားသင်ကြပါတယ်။ စာသင်ပေးရုံသာ မဟုတ်ခဲ့ပါဘူး။ ကျွန်မတို့ရောက်တာနဲ့ ကော်ဖီ တိုက်၊ မုန့်ကျွေးပါတယ်။ ထမင်းစားချိန် ထမင်း ကျွေးပါတယ်။ ပြောရင်းတောင် လွမ်းလာပါပြီ။ ကျွန်မ ဆရာမကြီးဆီက ရခဲ့တာကတော့ ထမင်းကျွေးပြီးစာသင်ပေးတဲ့ အကျင့်ပါပဲရှင်။

**ကိုယ့်ပုံစံနဲ့ကိုယ်စာသင်**

ကျွန်မတို့ကို သူငယ်ချင်းလိုပေါင်းပြီး အလိုလိုက်ပေးခဲ့တဲ့ ကျွန်မတို့ ဆရာကတော့ ဆရာကြီး ဦးလေးမြင့်ပါပဲ။ ပါမောက္ခ ဌာနမှူး ရာထူးကနေ ရန်ကုန်အဝေးသင်တက္ကသိုလ်ကို ဒုတိယပါမောက္ခချုပ်ရာထူးနဲ့ မပြောင်းရွှေ့ခင် အထိ ကျွန်မတို့ကို စာသင်ပါတယ်။ ကျွန်မတို့ ဆရာကြီး ဆရာမကြီးတွေအားလုံး ကိုယ့်ပုံစံနဲ့ ကိုယ် စာသင်ကောင်းကြပါတယ်။ ဆရာ စာသင် ကောင်းတာကတော့ ဆရာနဲ့ စာသင်ခဲ့ဖူးသူ တိုင်း သိကြမှာပါ။ အကြောင်းအရာတွေကို မပျင်းရအောင် သင်ကြားပေးနိုင်တာကို ကျွန်မ အားအကျဆုံးပါပဲ။ ဆရာ့လို သင်ကြားပေးနိုင် အောင်လည်း ကျွန်မ ခုထိ ကြိုးစားဆဲပါပဲ။ ဆရာ့ရဲ့ ပျော်ပျော်နေတတ်ပြီး တပည့်တွေကို သူငယ်ချင်းလို ဆက်ဆံပေးတာက ဆရာ့ကို တပည့်တွေ အချစ်ပိုစေခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဆရာနဲ့ပတ်သက်ပြီး အမှတ်ရစရာတွေထဲက တစ်ခုလောက် ပြောပြချင်ပါတယ်။ ဆရာကြီး ဦးတင်လွင် စာသင်ခန်းက ဝိဇ္ဇာခန်းမ ဒုတိယ ထပ်က လှေကားထောင့်ချိုး အခန်းလေးပါ။ တစ်နေ့ ကျွန်မတို့ကို ဆရာကြီး စာသင်နေပါ တယ်။ ဆရာဦးလေးမြင့်က လှေကားက တက် လာရင်း ချစ်ကောင်းရဲ့ "ချစ်ဖူးတယ် အို မလွယ်ဘူး ရူးနိုင်တယ်" ဆိုတဲ့ သီချင်းကို တိုးတိုးလေး ညည်းလာပါတယ်။ အပေါ်ရောက် တော့မှ ဆရာကြီး စာသင်မှန်းလည်းသိရော တိခနဲအသံတိတ်၊ ခြေသံမကြားအောင် ခြေဖျား ထောက်၊ ဆရာကြီးက ဆရာ့ကို မမြင်မှန်း သိပေမယ့် ခန္ဓာကိုယ်ကိုပါရှို့ပြီး ဖြတ်သွားပါ တယ်။ ဂါရဝ နိဝါတ တရားကို ဆရာ့ဆီက ကျွန်မ သင်ယူခဲ့ရပြန်ပါတယ်။

ရန်ကုန်တက္ကသိုလ်က ကျွန်မတို့ဌာနရဲ့ သက်တော်ရှည် ဆရာမကြီးကို ပြပါဆိုရင် ဆရာမကြီး ဒေါ်ခင်သိန်းပါပဲ။ ကျန်းကျန်းမာမာ နဲ့ ဒီနေ့အထိ တက်ကြွလန်းဆန်းနေဆဲပါပဲ။ ခုချိန်အထိလည်း ပညာတွေ ဖြန့်ဖြူးပေးဝေ နေဆဲပါပဲ။ ပါဠိစာပေကို အသေးစိတ် သင် ကြားပေးပြီး စာလုံးတစ်လုံးချင်းကို သေချာ ခွဲခြမ်းပြပေးပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ပါဠိစာလုံးမြင်ရင် ခွဲခြမ်းစိတ်ဖြာမိတာကလည်း ဆရာမကြီးဆီက ကျွန်မ သင်ယူခဲ့တာပါပဲ။ ဓမ္မပဒဂါထာ ၄၀၀ ကျော်တွေကို အလွတ် ရွတ်ပြနိုင်တာကလည်း ဆရာမကြီးရဲ့ အားသာ ချက်ပါပဲ။ ဒါကိုတော့ ဒီနေ့အထိ ဆရာမကြီး ဆီက ကျွန်မ မသင်ယူနိုင်ခဲ့ပါဘူးရှင်။

ပထမနှစ်ကစလို့ ကျွန်မရဲ့ မဟာဝိဇ္ဇာဘွဲ့ ကျမ်းကို ကြီးကြပ်ပေးခဲ့သူကတော့ ဆရာမကြီး ဒေါ်အုန်းမြင့်ပါပဲ။ အင်မတန်ခေတ်မီတဲ့ ကျွန်မ တို့ ဆရာမကြီးပါ။ အဝတ်အစားကို သေသပ် လှပအောင် ဝတ်တတ်တာဟာ ခုချိန်အထိပါပဲ။ ခုချိန်အထိ စာသင်ပေးနေဆဲ၊ ကျမ်းတွေကို ကူညီပေးနေဆဲပါပဲ။ ကျွန်မနဲ့ကတော့ ဆရာ တပည့် ဆိုတာထက် မိဘနဲ့ သားသမီးလို ဆက်ဆံရေးရှိခဲ့တဲ့ ဆရာမကြီးပါ။ မဟာဝိဇ္ဇာ ကျမ်းရေးနေတဲ့တောက်လျှောက်မှာ ဆရာမ ကြီးအိမ်ကို တစ်ချိန်လုံး သွားနေရတာပါ။ ကျွန်မသွားတိုင်း ဘာမှ မပါသွားပေမယ့် ကျွန်မကို မနက်စာ၊ နေ့လယ်စာကျွေးပြီး စာ လုပ်ပေးခဲ့တာပါ။ ဆရာမကြီးက သင်ကြား ရေးမှာလည်း တီထွင်ဆန်းသစ်တဲ့ အမြင်ရှိတဲ့ သူပါ။ မဟာဝိဇ္ဇာတန်းတက်နေတုန်း ဆရာမ ကြီးရှိတဲ့ RC2 မှာ ကျွန်မတို့ အချိန်ပိုင်းနည်းပြ သွားလုပ်ကြတဲ့ တောက်လျှောက်မှာ လုပ်ငန်း ခွင်နဲ့ပတ်သက်ပြီး ဆရာမကြီးဆီက သင်ယူ ခဲ့ရတာဟာ ကျွန်မအတွက် အများကြီး အကျိုး ရှိခဲ့ပါတယ်။

ကျွန်မ ဆရာမကြီးတွေထဲမှာ လှလှပပနဲ့ အမြဲ ကျော့ရှင်းနေတဲ့သူကတော့ ကျွန်မတို့ က ချစ်စနိုးနဲ့ မာမီချိုလို့ ခေါ်တဲ့ ဆရာမကြီး ဒေါ်နုရီပါပဲ။ ဆရာမကြီး ကျွန်မတို့ကို စာသင် တဲ့အချိန်က အရွယ်ငယ်သေးပါတယ်။ သား သမီးတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဆရာမ ကြီးကို စောစောပိုင်း စတွေ့ချိန်က ကျွန်မတို့ အပျိုကြီးလို့ ထင်ခဲ့ကြတာပါ။ ဗုဒ္ဓ သာသနာ့ သမိုင်းကို လေအေးအေးလေးနဲ့ သင်ကြားပေး ပါတယ်။ ဆရာမကြီးဟာ အမြဲပဲ ပြုံးနေတတ် ပါတယ်။ ဒေါသလည်း ထွက်ခဲသူပါ။ ဒေါသ ထွက်တာလည်း မြန်ပြီး ပြုံးခဲလှတဲ့ ကျွန်မက ဆရာမကြီးဆီက ရခဲ့တာကတော့ လှလှပပ လေး နေတတ်တာပါပဲရှင်။

အလွန်သဘောကောင်း၊ အလွန်ရိုးသား ပြီး အလွန်စိတ်ရှည်တဲ့ ကျွန်မတို့ ဆရာကြီး ကတော့ ဆရာကြီး ဦးညီဝင်းပါ။ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူနဲ့ ဆရာကြီးဟာ ငယ်ငယ်က အတော် ချောမော မှာပါပဲ။ စာအသင်အပြလည်း ကောင်းလှပါ တယ်။ ကျွန်မ ဆရာနဲ့ တောက်လျှောက် နေ ခဲ့စဉ်မှာ ဆရာ စိတ်ဆိုးဒေါသထွက်တာ မမြင် ခဲ့ဖူးပါဘူး။ ခုတော့ အေးချမ်းတဲ့ နေရာတစ်ခု မှာ ဆရာ ရောက်နေပါပြီ။

ကျွန်မဘဝမှာ စာတွေ ရေးဖြစ်အောင် အမြဲတိုက်တွန်းပေးပြီး ကျွန်မက သိချင်တာ ကိုလည်း တိတိကျကျ၊ သေသေချာချာ ပြောပြ တတ်သူကတော့ ဆရာကြီး ဦးအောင်ထွတ် ပါပဲ။ ကျွန်မက ဆရာ့ကို ကျွန်မရဲ့ ဒစ်ရှင်နရီလို့ ဆိုချင်ပါတယ်။ ဘဝကို ရောင့်ရဲစွာ နေထိုင် တာကလည်း ဆရာ့ရဲ့ ဝိသေသပါပဲ။ စာပေး စာယူ သင်တန်းအတွက် ဆရာရေးသားခဲ့တဲ့ ပို့ချချက်တွေဟာ ရှင်းလင်းလွယ်ကူလွန်းလှ ပါတယ်။ ဒီနေ့အထိလည်း ကျွန်မတို့ ကိုးကား နေရဆဲပါပဲ။ ဆရာ့ဇနီး မမစန်းဟာ အတော် လှပပြီး သဘောထား ပြည့်ဝလွန်းသူပါ။ အသက် ၈၆ နှစ် ရှိနေပြီဖြစ်တဲ့ ဆရာကြီးဟာ ကျန်းမာစွာ မိသားစုနဲ့အတူ နေထိုင်နေပါတယ်။ ဘဝမှာ ရိုးရှင်းရောင့်ရဲစွာ နေထိုင်တတ်ဖို့ ဆရာ့ဆီက ကျွန်မ သင်ယူနိုင်ခဲ့ပါတယ်။

ကျွန်မကတော့ ရန်ကုန်တက္ကသိုလ် ကျောင်းထွက်တစ်ယောက် ဖြစ်တာကို အမြဲ ဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ကျွန်မကို ဘွဲ့သုံးခု ရတဲ့အထိ ပညာသင်ကြားပေးခဲ့ပြီး လက်ရှိ ကျွန်မဘဝ ဒီလိုရပ်တည်နိုင်အောင် ပညာတွေ သင်ကြားဖြန့်ဝေပေးခဲ့တဲ့ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနက ကျွန်မ ဆရာကြီး၊ ဆရာမကြီးများရဲ့ ဂုဏ်ကျေးဇူးတွေကိုလည်း အစဉ်ပဲ လွမ်းဆွတ်သတိရလျက်ပါ။ ဆရာကြီး၊ ဆရာမကြီးတွေဆီက ရရှိခဲ့တဲ့ ပညာရပ်တွေကို ကျွန်မတို့ကလည်း ပေးဝေသူများအဖြစ် ရှိနေ ကြပါပြီ။ ဒီလိုပဲ ကျွန်မတို့ တပည့်သားမြေး များကလည်း နောက် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်း ပေးနိုင်အောင် အားထုတ် ကြိုးစားစေချင်ပါတယ်။

**ရပ်တည်မှုနှစ် ၁၀၀ တိုင်ခဲ့ပြီ**

အမိတက္ကသိုလ်နဲ့ပတ်သက်ပြီး ကျောင်းသူ ဘဝ အမှတ်ရစရာတွေကတော့ ပြောလို့လည်း မကုန်၊ ရေးလို့လည်းကုန်မှာ မဟုတ်ပါဘူးရှင်။ အမိကျောင်းတော်ကြီးကတော့ ခေတ် စနစ် တွေ ဘယ်လို ပြောင်းပြောင်း မပြောင်းမလဲနဲ့ ရပ်တည်လာတာဟာ နှစ် (၁၀၀) တိုင်ခဲ့ပါပြီ။ နှစ် (၁၀၀)အတွင်းမှာ ပျော်စရာတွေ၊ တက်ကြွ စရာတွေနဲ့ ဖြတ်သန်းခဲ့သလို ဝမ်းနည်းစရာ၊ ခါးသီးစရာတွေကိုလည်း ကျော်ဖြတ်နိုင်ခဲ့ပါ တယ်။ အရာအားလုံးကို ကြံ့ကြံ့ခံပြီး ရင်ဆိုင် ခဲ့တဲ့ မိခင်ကျောင်းတော်ကြီး ကျွန်မတို့ မရှိ တော့မယ့် နောင် နှစ်(၂၀၀)ပြည့်၊ နှစ်(၃၀၀) ပြည့်မွေးနေ့တွေကို ပျော်ပျော်ရွှင်ရွှင် ဖြတ် သန်းနိုင်ပါစေကြောင်း ဆုတောင်းစကားဆို ရင်း ကျွန်မရဲ့ လွမ်းစာခွေကို အဆုံးသတ် ပါရစေရှင်။ ။







## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | အရွယ်အစား | တည်နေရာ |
|---|---|---|---|
| (၁) | ပိုးမွေးရုံ RC၊ ရေမီးအပါ (၁)လုံး ဆောက်လုပ်ခြင်း | (၅၀'x၃၀'x၁၂') | ထုံးဘိုပိုးစာခြံ၊ ပုသိမ်ကြီးမြို့နယ် |
| (၂) | ဝန်ထမ်းနေအိမ်(၄)ခန်းတွဲ အုတ်တိုက်(၁)လုံး(ရေ၊ မီး၊ မိလ္လာအပါ) | (၈၀'x၂၈'x၁၀') | ရိတ်သိမ်းချိန်လွန်သင်ကျောင်း(ထုံးဘို) |
| (၃) | ဝန်ထမ်းနေအိမ်(၄)ခန်းတွဲ (ရေ၊ မီးအပါ) (၁)လုံး | (၈၀'x၃၃'x၁၀') | ကော်/သုနည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန (ပြင်ဦးလွင်မြို့နယ်) |
| (၄) | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ သွပ်မိုး၊ အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်း (ရေ၊ မီးအပါ) | (၄၀'x၂၇'x၁၀') | ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်) ပြင်ဦးလွင်မြို့နယ် |
| (၅) | ကွန်ကရစ်လမ်းခင်းခြင်း | ၂၅၀၀ ပေ (၂၅၀၀'x၁၄'x၆'') | ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာန၊ ပြင်ဦးလွင်မြို့နယ် |
| (၆) | ပိုးမွေးရုံ RC အကျယ်အဖီ နှစ်ဖက်ပါရေ၊ မီးအပါ | (၅၀'x၃၀'x၁၂')+(၅၀'x၅') အဖီနှစ်ဖက် | ပိုးအိမ်ထုတ်ပိုးစာခြံ၊ ပြင်ဦးလွင်မြို့နယ် |
| (၇) | တာဝန်ခံနေအိမ် RC (၁)ထပ် ဆောက်လုပ်ခြင်း | (၃၀'x၂၈'x၁၂') | ပိုးအိမ်ထုတ်ပိုးစာခြံ၊ ပြင်ဦးလွင်မြို့နယ် |
| (၈) | ကွန်ကရစ်လမ်းခင်းခြင်း | (၃၀၀'x၁၄'x၆'') | ပိုးအိမ်ထုတ်ပိုးစာခြံ၊ ပြင်ဦးလွင်မြို့နယ် |
| (၉) | (၁၁)ကေဗွီလိုင်း (၉၀၀)ပေ၊ ၁၁/၀.၄ ကေဗွီအေ (၁၀၀)ထရန်စဖော်မာနှင့် (၄၀၀)ဗို့လိုင်း (၂၀၀၀)ပေ တည်ဆောက်ခြင်း | | ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်) ပြင်ဦးလွင်မြို့နယ် |
| (၁၀) | (၄'x၄'x၁၈') သံရေစင် Over Head Tank ဂါလန် ၁၆၀၀ ဆံ့ ၄'' ရေတွင်းတူးဖော်ခြင်း၊ Ground Tank ဂါလန် ၃၂၀၀ ဆံ့ Submersiable Pump ရေသွယ်တန်းခြင်း (၂၀၀') (၂'') PVC Pipe | | စဉ့်ကူးမြို့နယ် |
| (၁၁) | (၄'x၄'x၁၈') သံရေစင် Over Head Tank ဂါလန် ၁၆၀၀ ဆံ့ ၄'' ရေတွင်းတူးဖော်ခြင်း၊ Ground Tank ဂါလန် ၃၂၀၀ ဆံ့ Submersiable Pump ရေသွယ်တန်းခြင်း (၂၀၀') (၂'') PVC Pipe | | ကျောက်ဆည်မြို့နယ် |
| (၁၂) | (၄'x၄'x၁၈') သံရေစင် Over Head Tank ဂါလန် ၁၆၀၀ ဆံ့ ၄'' ရေတွင်းတူးဖော်ခြင်း၊ Ground Tank ဂါလန် ၃၂၀၀ ဆံ့ Submersiable Pump ရေသွယ်တန်းခြင်း (၂၀၀') (၂'') PVC Pipe | | စဉ့်ကိုင်မြို့နယ် |
| (၁၃) | KC Center RC (၁)ထပ် ရေ၊ မီးအပါ(၁)လုံး | (၄၀'x၂၀'x၁၂') | စဉ့်ကူးမြို့နယ် |
| (၁၄) | KC Center RC (၁)ထပ် ရေ၊ မီးအပါ(၁)လုံး | (၄၀'x၂၀'x၁၂') | ကျောက်ဆည်မြို့နယ် |
| (၁၅) | KC Center RC (၁)ထပ် ရေ၊ မီးအပါ(၁)လုံး | (၄၀'x၂၀'x၁၂') | စဉ့်ကိုင်မြို့နယ် |
| (၁၆) | Steel Structure တည်ဆောက်ခြင်း | (၅၄'x၃၆'x၁၂') | ကျောက်ဆည်မြို့နယ် |
| (၁၇) | ရေပေးမြောင်း(၉၅၀')နှင့် ရေနုတ်မြောင်း(၃၂၁၅')အုတ်စီခြင်း | | စိုက်ပျိုးရေးသုတေသနခြံ၊ ကျောက်ဆည်မြို့နယ် |
| (၁၈) | 400 Volt ဓာတ်အားလိုင်း (၁၂၅၀')နှင့် 220 Volt ဓာတ်အားလိုင်း (၁၂၅၀'+၃၆၀၀') လျှပ်စစ်မီးသွယ်တန်းခြင်း | | လွန်ကျော်ခြံ၊ ကျောက်ဆည်မြို့နယ် |
| (၁၉) | Chain Link ခြံစည်းရိုးကာရံခြင်း | (၇၅၀၀'x၅') | လွန်ကျော်ခြံ၊ ကျောက်ဆည်မြို့နယ် |
| (၂၀) | သင်တန်းသား ထမင်းစားဆောင် RC တည်ဆောက်ခြင်း | (၃၀'x၃၀'x၁၁') | |
| (၂၁) | Cotton Breeding House Steel Structure တည်ဆောက်ခြင်း | (၃၀'x၂၀'x၁၂') | စိုက်ပျိုးရေး၊ သုတေသနခြံ၊ မြစ်သားမြို့နယ် |
| (၂၂) | သင်တန်းသားထမင်းစားဆောင် RC တည်ဆောက်ခြင်း | (၃၀'x၃၀'x၁၁') | ရွှေတောင်ခြံ၊ ဝမ်းတွင်းမြို့နယ် |
| (၂၃) | ရုံးအဆောက်အဦ RC (၁)ထပ် | (၄၀'x၂၇'x၁၂') | ပန်းတော်ဆက်ခြံ၊ မိတ္ထီလာမြို့နယ် |
| (၂၄) | ခြံစည်းရိုးကာရံခြင်း | (၃၄၅၀'x၅') | ပန်းတော်ဆက်ခြံ၊ မိတ္ထီလာမြို့နယ် |
| (၂၅) | Steel Structure တည်ဆောက်ခြင်း | (၅၄'x၃၆'x၁၂') | သာစည်မြို့နယ် |
| (၂၆) | ပုဂံညောင်ဦးရိပ်သာတွင် RC (၁)ထပ် ရုံးတည်ဆောက်ခြင်း | (၄၀'x၂၄'x၁၂') | ညောင်ဦးခရိုင် |
| (၂၇) | ရုံးရှေ့မျက်နှာစာခြံစည်းရိုး Chain Link ကာရံခြင်း | (၃၀၀၀') | ဆည်ပေါက်ဥယျာဉ်ခြံ၊ ကျောက်ပန်းတောင်းမြို့နယ် |
| (၂၈) | ၈'' ɸ PVC x၄၀၀' Tube Wall မော်တာ Pump တပ်ဆင်ခြင်း (၁၂'x၁၂'x၃၂') ရေစင်၊ ၃'' PVC Pipe ဖြင့် ရေလိုင်းသွယ်တန်းခြင်းနှင့် ၄၄၀၀ Volt Over Head Line (၃၀၀') သွယ်တန်းခြင်း | | စည်ပင်စိုက်ပျိုးသုတေသနခြံ၊ ရမည်းသင်းမြို့နယ် |
| (၂၉) | ခြံအဝင်လမ်း ကွန်ကရစ်ခင်းခြင်း | (၁၀၀၀'x၁၂'x၇'') | ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီး)ပျော်ဘွယ် |
| (၃၀) | ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ | (၄၀'x၃၀'x၁၂') | ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီး) ပျော်ဘွယ် |
| (၃၁) | Chain Link ခြံစည်းရိုး ကာရံခြင်း | (၃၀၀၀'x၅') | ဝါသီးနှံမျိုးသန့်ခြံ(ပျော်ဘွယ်) |
| (၃၂) | ခြံအဝင်လမ်းကွန်ကရစ်ခင်းခြင်း | (၃၇၃'x၁၂'x၉'') | ဝါသီးနှံမျိုးသန့်ခြံ(ပျော်ဘွယ်) |
| (၃၃) | မီနီဓာတ်ခွဲခန်းဆောက်လုပ်ခြင်း RC (၁)ထပ် (ရေ၊ မီးအပါ) | (၄၀'x၃၀'x၁၂') | ပြင်ဦးလွင်ခရိုင် |

၂။ **တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၇-၁၂-၂၀၂၀ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၁၂-၂၀၂၀ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ၇၃ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ မန္တလေးမြို့**
ဖုန်း-၀၂-၂၈၄၈၆၅၆၊ ၀၉-၅၀၈၅၁၃၅

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလလျာထားငွေဖြင့် လမ်းဆုံးမီးပွိုင့်အသစ်တပ်ဆင်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည် -

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၂၀ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀-၁-၂၀၂၁ ရက်
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန ဖုန်း-၀၂-၄၀၆၀၂၅၂၊ လိုင်းခွဲ ၀၂-၄၀၃၆၁၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ပဲခူးခရိုင်တရားရုံး
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၆၉

ဦးမောင်မောင်ဦး **နှင့်** ၁။ ဦးရာရှင်
၂။ ဒေါ်မာမာမြင့်(ခ)ဟာစီနာဘီဘီ
၃။ ဦးတင်အေး(ခ) ဦးရှကူး

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ဒိုဘီတန်းလမ်း၊ အမှတ်(၁၂၄)နေ အမှတ်(၁) တရားပြိုင် ဦးရာရှင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခြံမြေအား လက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၄ ရက် (၁၃၈၂ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်ဝါဝါသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပဲခူးခရိုင်တရားရုံး**

## စွန့်လွှတ်ခြင်းကိုလက်ခံကြောင်းနှင့် ကွာရှင်းပြီးကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၃၄)နေ ဦးကောင်းမြင့်ဖြိုး (ဘ) ဦးကိုကိုလေး ၁၂/သကတ(နိုင်)၁၇၂၂၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးကောင်းမြင့်ဖြိုးနှင့် ဒေါ်အေးအေးမြင့် (ဘ) ဦးဆန်းမောင် ၁၄/ဖပန (နိုင်) ၁၀၇၇၉၇ တို့သည် သာကေတမြို့နယ်တရားရုံးတွင် ၂၂-၄-၂၀၁၁ ရက်က တရားဝင်လက်ထပ်ခဲ့ကြပြီး သားမောင်ညိမ်းသစ်နောင်ကို ထွန်းကားခဲ့ပါသည်။ ဒေါ်အေးအေးမြင့်သည် ၁၉-၁၁-၂၀၁၅ ရက်က ကလေးကိုခေါ်ယူပြီး ခင်ပွန်း ဦးကောင်းမြင့်ဖြိုးကို စွန့်လွှတ်ခဲ့သည်မှာ ယနေ့ထိဆိုလျှင် (၅)နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ ဦးကောင်းမြင့်ဖြိုး အနေနှင့်ဇနီးသည် ဒေါ်အေးအေးမြင့်၏ စွန့်လွှတ်မှုကိုလက်ခံကြောင်းနှင့် ယနေ့မှစ၍ ဇနီးသည်အဖြစ်မှ အပြီးအပြတ်ကွာရှင်းကြောင်း ကြေညာအပ်ပါသည်။

**ဦးကောင်းမြင့်ဖြိုး၏လွှဲအပ်ချက်အရ-**
**U Myint Aung - B.A, DIP (RUSSIAN)**
**HIGHER GRADE PLEADER(3951)**
**No. 58/60, 1st Floor,**
**Mahabandoola Garden Street, Yangon.**
**09-443044564, 09-964044564, 09-795644564**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်၊ ဘွတ်ကြီးကျေးရွာ အလယ်လမ်းရှိ အကွက်အမှတ် (C-5, C-6, C-7, C-8) မြေကွက်(၄)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးမြင့်အောင် ၁၂/မဂဒ(နိုင်)၀၄၁၄၅၂ အမှတ်(၁၆၃)၊ ကဝိလမ်း၊ ဒု-စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်(၄)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၀/၁၀)**
**အမှတ်(၆၂၀)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၄၉၉၅၄**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ SHANDONG UNITED PESTICIDE INDUSTRY CO., LTD ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ဆေးပစ္စည်းအား ပြည်တွင်းမူလဖြန့်ဖြူးသည့် SHWE SIKE KHINN COMPANY LIMITED မှ FRIENDS HELPER CO., LTD သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ပိုးသတ်ဆေးကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | Proza | Prochiloraz 25% EW | Experimental | E 2020-5051 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

SHWE SIKE KHINN COMPANY LIMITED(Add: Building E, Room No.(001), Thazin Min Avenue, Thumingalar Street, Thumingalar Housing, Thingangyun, YANGON Myanmar Ph. 09403723854)

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ | ၃၀၀၀ | ၅-၁-၂၀၂၁ | ၁၂:၀၀ | ၅-၁-၂၀၂၁ | ၁၄:၀၀ |
| စက်ရုံ(မြောင်းတကာ) | ၃၀၀၀ | ၁၂-၁-၂၀၂၁ | ၁၂:၀၀ | ၁၂-၁-၂၀၂၁ | ၁၄:၀၀ |
| | ၃၀၀၀ | ၁၉-၁-၂၀၂၁ | ၁၂:၀၀ | ၁၉-၁-၂၀၂၁ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စည်ပင်သာယာရေးဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ရမ်းဗြဲမြို့၊ မာန်အောင်မြို့နှင့် ဂွမြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၌ မြို့နယ်ခန်းမဆောက်လုပ်မည့်လုပ်ငန်း(၃)ခု အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၂၀ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက်နှင့် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁-၂၀၂၁ ရက် ၁၆:၃၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာရပ်ကွက်၊ ဗောဓိလမ်း၊ စစ်တွေမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စည်ပင်သာယာရေးဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၌ ဆောင်ရွက်မည့် ကျပ်သိန်း (၁၀၀)အထက် လမ်း၊ တံတား၊ အခြားလုပ်ငန်း (၃၇)ခု အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၂၀ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက်နှင့် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁-၂၀၂၁ ရက် ၁၆:၃၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာရပ်ကွက်၊ ဗောဓိလမ်း၊ စစ်တွေမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စည်ပင်သာယာရေးဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၌ ဝယ်ယူမည့် ယာဉ်၊ စက်၊ ယန္တရား (၈)စီးအတွက် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၁၂-၂၀၂၀ ရက်
(ခ) **တင်ဒါလျှောက်လွှာရောင်းချမည့် နောက်ဆုံးရက်နှင့် တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁-၂၀၂၁ ရက် ၁၆:၃၀ နာရီ
(ဂ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာပါမည်
(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာရပ်ကွက်၊ ဗောဓိလမ်း၊ စစ်တွေမြို့

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် လိုအပ်သော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Air Con (1. 5HP)(Split Type)(CHIGO)
(ခ) Copier (SHARP)
(ဂ) ရုံးသုံး စက်ပစ္စည်းများ(Computer, Printer, Fax)
(ဃ) ရုံးသုံးပရိယဘောဂများ(စားပွဲ၊ ကုလားထိုင်၊ ဖိုင်တင်စင်)
(င) ရုံးသုံးပရိဘောဂများ(ဆုံလည်ကုလားထိုင်၊ အလူမီနီယံဗီရို)
(စ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ
(ဆ) Toner, Cartridge & Computer Accessories
(ဇ) Toner, Cartridge & Accessories for SHARP Copier
(ဈ)မော်တော်ယာဉ် စက်ဆီ၊ ချောဆီ(အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ)

၂။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၃၀-၁၂-၂၀၂၀ရက်၊ ၁၅:၀၀နာရီ

၃။ တင်ဒါပုံစံများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ငွေစာရင်းဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်တွင် ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း တင်ဒါစည်းမျဉ်းအရ သတ်မှတ်ထားသောနှုန်းထားများအတိုင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇- ၃၄၀၉၃၇၆ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါ သည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၁၂-၂၀၂၀ ရက်
**တင်ဒါပိတ်မည့်ရက်** - ၅-၁-၂၀၂၁ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄:၃၀ နာရီ
**ဆက်သွယ်ရမည့် ဖုန်း** - ၀၅၇-၂၀၂၁၀၉၅၊ ၀၅၇-၂၀၂၇၃၆၄

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**မွန်ပြည်နယ်**

---

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## (စည်ပင်သာယာရေးဝန်ကြီးဌာန)
## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## (အိတ်ပိတ်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စည်ပင်သာယာရေးလုပ်ငန်း(၃)ခု၏ ပစ္စည်းတင်ဒါအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | မြို့နယ် | လုပ်ငန်းအမည် | ပိုက်ပစ္စည်းအမျိုးအစား | အရေအတွက် (လုံး) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ရသေ့တောင်မြို့ | ရေပေးရေးလုပ်ငန်း | ၈'' Ø PVC Pipe(13.5)Class | ၇၅ | |
| ၂။ | ပေါက်တောမြို့ | ရေပေးရေးလုပ်ငန်း | ၁၂'' Ø PVC Pipe (13.5)Class | ၂၅ | |
| | | | ၁၀''Ø PVC Pipe (13.5)Class | ၅၀ | |
| | | | ၈'' Ø PVC Pipe (13.5)Class | ၃၅၀ | |
| | | | ၆'' Ø PVC Pipe (13.5)Class | ၃၇၅ | |
| ၃။ | ကျိုက္ကလီမြို့ | ရေပေးရေးလုပ်ငန်း | ၆'' Ø PVC Pipe (13.5)Class | ၅၄၁ | |
| | | | ၄'' Ø PVC Pipe (13.5)Class | ၂၂၄၃ | |
| | | | ၂'' Ø PVC Pipe (13.5)Class | ၃၁၉၁ | |

၂။ အိတ်ပိတ်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို ၅-၁၂-၂၀၂၀ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၅-၁-၂၀၂၁ ရက် ညနေ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၃ နှင့် ၀၄၃-၂၂၀၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက်(၁၂)၊ အခန်း(၃၀၁)နေ ကျော်ဇင်ဦး ၁၁/စတန(နိုင်)၀၅၈၇၉၀ သည် မိဘ ပြောဆိုဆုံးမခြင်းကို အကြိမ်ကြိမ်နားမထောင်ဘဲ မိမိဆန္ဒအရပြုလုပ်သွားပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**ကျော်မြင့်**
**၁၁/စတန(နိုင်)၀၂၃၅၄၇**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် (၂/၂၀၂၀-၂၀၂၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/နေရာ** - ၁၈-၁၂-၂၀၂၀ ရက် (သောကြာနေ့) - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်

၃။ **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်

၄။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | အရွယ်အစား | တည်နေရာ |
|---|---|---|---|
| (၁) | ရုံးအဆောက်အဦ RC(၂)ထပ် ရေ၊ မီး၊ ဆေး၊ မိလ္လာ၊ Apron&Drain | (၁၈၀'x၅၀'x၂၃') | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |
| (၂) | ကျောင်းသား/သူအိပ်ဆောင် RC (၂)ထပ် | (၁၇၃'x၃၂'x၂၁.၅') | စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ပုသိမ်ကြီးမြို့နယ် |
| (၃) | ခြံအဝင်ကွန်ကရစ်လမ်းခင်းခြင်း | (၃၀၀၀'x၁၄'x၆'') | ထုံးဘိုပိုးစာခြံ၊ ပုသိမ်ကြီးမြို့နယ် |
| (၄) | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ | (၆၀'x၄၀'x၂၄') | စိုက်ပျိုးရေးသုတေသနခြံ၊ မြစ်သားမြို့နယ် |
| (၅) | (၂)ခန်းတွဲဝန်ထမ်းအိမ်ရာ RC (၂)ထပ် (ရေ၊ မီး၊ မိလ္လာ Apron&Drain ဆေး၊ မျက်နှာကျက်အပါ၊ | (၆၀'x၄၀'x၂၀') | စိုက်ပျိုးရေးသုတေသနခြံ၊ ညောင်ဦးမြို့နယ် |
| (၆) | နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ RC (၂)ထပ် [ ရေ၊ မီး၊ မိလ္လာ၊ Apron&Drain ၂'' ရေတွင်း (၃၀၀')နှင့် Compressor အပါ (၈'x၆') Pump Housee နှင့် (၃၀၀၀) ဂါလန်ဆံ့ Ground Tank များအပါ ] | (၆၀'x၄၀'x၂၀') | မယ်အောင်ကန် (စိုက်/သု)ခြံ၊ ရမည်းသင်းမြို့နယ် |

၂။ **တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၇-၁၂-၂၀၂၀ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၁-၂၀၂၁ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
